မြန်မာ့အလင်း

၁၂၇၉ ခုနှစ်ကတည်ထောင်သည်။

Established 1914

၁၃၆၈ ခုနှစ်၊ ဝါဆိုလဆန်း ၁ ရက်၊ ၂၀၀၆ ခုနှစ်၊ ဇွန် ၂၅ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ(၄၅)၊ အမှတ် (၂၆၅)

နေပြည်တော် မိုးလေဝသအခြေအနေ

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ (ဇွန် ၂၅ ရက်) ၌ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ခရိုအေးရှားသမ္မတထံ ဝမ်းမြောက်သဝဏ်လွှာပေးပို့

နေပြည်တော် ဇွန် ၂၅

၂၀၀၆ခုနှစ် ဇွန် ၂၅ရက်တွင် ကျရောက်သည့် ခရိုအေးရှားသမ္မတနိုင်ငံ၏ အမျိုးသားနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ခရိုအေးရှားသမ္မတနိုင်ငံ သမ္မတ မစ္စတာ စတက်ချ်ပမ်၊ မက်စစ်(ချ်)ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

တင်ဒါစနစ်၊ ဈေးပြိုင်စနစ်ဖြင့် ကျောက်စိမ်းများရောင်းချပွဲ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ ဖွင့်ပွဲအထိမ်းအမှတ်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေး

ရန်ကုန် ဇွန် ၂၄

သတ္တုတွင်းဝန်ကြီးဌာန ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲ အထူးရောင်းချပွဲ ပြပွဲဗဟိုကော်မတီက ကြီးမှူးကျင်းပသော ၂၀၀၆ခုနှစ် ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲ အထူးရောင်းချပွဲတွင် တင်ဒါစနစ်၊ ဈေးပြိုင်စနစ်ဖြင့် ကျောက်စိမ်းများ ရောင်းချပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀နာရီခွဲတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာ၌ ကျင်းပရာ မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ တင်ဒါစနစ်၊ ဈေးပြိုင်စနစ်ဖြင့် ကျောက်စိမ်းများ ရောင်းချပွဲ ဖွင့်ပွဲအထိမ်းအမှတ်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။ **(အောက်ပုံ)**

စာမျက်နှာ ၃ ကော်လံ ၁ ❐

မြန်မာ့အလင်း ဆောင်းပါး အညွှန်း

❑ လက်ရှိ တပ်မတော်အစိုးရက ဒီအတိုင်းလုပ်မယ်၊ ဒီအတိုင်းသွားမယ်လို့ ယတိပြတ်ထားပြီးပါပြီ။ ဒါဟာ ဒီမိုကရေစီပါ။ ပေါ်ထွန်းလာမှာဟာ ဒီမိုကရေစီနိုင်ငံတော်သစ်ပါ။ အဲဒီတော့ ပြည်တွင်းပြည်ပက အသံကောင်းဟစ်နေကြသူတွေကို မေးချင်တာတစ်ခုရှိပါတယ်။ NLD အာဏာရမှ ဒီမိုကရေစီလို့ ပြောကြမှာလား။ ဒေါ်စုကြည်ကို ခေါင်းဆောင်တင်မြှောက်မှ မြန်မာပြည်ကြီးဟာ ဒီမိုကရေစီဖြစ်မှာလား။ တပ်မတော်အစိုးရကတော့ ရှင်းရှင်းပြောထားပါတယ်။ ဒီမိုကရေစီကိုသွားမယ်၊ NLD နဲ့ ဒေါ်စုကြည်မပါလဲ သွားမယ်။ NLD နဲ့ ဒေါ်စုကြည်တို့ မပါခဲ့တာကလဲ အစိုးရက နေခဲ့ရမယ်လို့ ညစ်ပတ်ခဲ့တာ မဟုတ်ခဲ့ပါဘူး။ တစ်ခါမက လက်ကမ်းခဲ့ပေမယ့် 'ဟင့်အင်း'လို့ သူတို့ကိုယ်တိုင် ငြင်းခဲ့တာကြောင့်သာ ဖြစ်ပါတယ်။ ချမ်းမြသော်၏ ရွှေပြည်တော်သစ်ကြီး မဝေးစေလိုပါ ဆောင်းပါး (စာ – ၉)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၆ ခုနှစ်၊ ဇွန်လ ၂၅ ရက်)

လူကုန်ကူးမှုပြဿနာ အလေးအနက်ထားတိုက်ဖျက်

လူကုန်ကူးမှုပြဿနာသည် ကမ္ဘာ့နိုင်ငံအသီးသီး ရင်ဆိုင်နေရသည့် ပြဿနာတစ်ရပ်ဖြစ်သည်။ လူကုန်ကူးမှု ပြဿနာကို ထိန်းချုပ်တားဆီးနိုင်ရန် နိုင်ငံများအချင်းချင်း ပူးပေါင်းလက်တွဲကြိုးပမ်းနေကြသည်။

မြန်မာနိုင်ငံသည် ၂၀၀၃ခုနှစ် ဒီဇင်ဘာလ၌ အာရှဒေသအတွင်း လူကုန်ကူးမှု တားဆီးကာကွယ်ရေးစီမံကိန်း နားလည်မှုစာချွန်လွှာကို ထိုင်း၊ ကမ္ဘောဒီးယား၊ လာအို၊ သြစတြေးလျ အစိုးရတို့နှင့်အတူ ပါဝင်လက်မှတ်ရေးထိုးပြီး ထိရောက်စွာ လုပ်ဆောင်လျက်ရှိသည်။

၂၀၀၄ခုနှစ် မတ်လတွင် နိုင်ငံဖြတ်ကျော်မှုခင်းများ တိုက်ဖျက်ရေးဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းနှင့် နောက်ဆက်တွဲ စာချုပ်များဖြစ်သည့် လူကုန်ကူးမှု တိုက်ဖျက်ရေးနှင့် လူမှောင်ခို တိုက်ဖျက်ရေးစာချုပ်တို့တွင်လည်း အဖွဲ့ဝင်အဖြစ် လက်မှတ်ရေးထိုးခဲ့သည်။

မြန်မာနိုင်ငံ၌ ၂၀၀၅ခုနှစ်တွင် လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥပဒေကိုပြဋ္ဌာန်းပြီး ကျူးလွန်သူများအား ဥပဒေနှင့်အညီ အရေးယူခဲ့သည်။ လူကုန်ကူးမှု တားဆီးကာကွယ်ရေး ဥပဒေဆိုင်ရာ အမျိုးသားအဆင့် နှီးနှောဖလှယ်ပွဲများကို ကျင်းပခဲ့သည်။

သုတေသီများ၏ ခန့်မှန်းချက်အရ ယနေ့ကမ္ဘာပေါ်တွင် နှစ်စဉ်လူတစ်သန်းခန့် လူကုန်ကူးမှုခံကြရပြီး အမျိုးသမီးနှင့်ကလေးများ ပါဝင်နေကြောင်းသိရသည်။

သိင်္ဂါလောဝါဒသုတ်လာ သားသမီးဝတ်ငါးပါးတွင် "ကျွေးမွေးမပျက်၊ ဆောင်ရွက်စီမံ၊ မွေခံထိုက်စေ၊ လူ့မျိုးဝေ၍၊ စောင့်လေမျိုးနွယ်၊ ဝတ်ငါးသွယ်၊ ကျင့်ဖွယ်သားတို့တာ"ဟူသည့် ဆုံးမစကားနှင့်အညီ မြန်မာအမျိုးသမီးများသည် အမျိုးကိုစောင့်ရှောက်ခြင်း တည်းဟူသော ဝံသာနုရက္ခိတတရား လက်ကိုင်ထားကြသူများဖြစ်သည်။ ဟီရိဩတ္တပ္ပတည်းဟူသော အရှက်အကြောက်တရားရှိသူများ ဖြစ်သည်။

ထို့ကြောင့် မြန်မာနိုင်ငံအနေဖြင့် လူကုန်ကူးမှုပြဿနာ ကြီးထွားကျယ်ပြန့် မလာနိုင်ပေ။ လူ့အခွင့်အရေးကို အခြေခံသည့် လူကုန်ကူးမှု တားဆီးကာကွယ်ရေးဥပဒေကိုလည်း ပြဋ္ဌာန်းထားပြီး လူကုန်ကူးခံရသူများအား အကာအကွယ်ပေးလျက်ရှိသည်။

မြန်မာနိုင်ငံသည် လူကုန်ကူးမှု ပြဿနာကို အလေးအနက်ထားသည့်အပြင် နိုင်ငံတကာနှင့်လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိရာ လူကုန်ကူးမှုပြဿနာကို အောင်မြင်စွာ တိုက်ဖျက်သွားနိုင်မည်ဟု ယုံကြည်ပါသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပုဂံရွှေဟောင်းယဉ်ကျေးမှုနယ်မြေ၌ ကျင်းပသော ၂၁ ရာစုအကြို လူထုအစည်းအဝေးကြီးက ချမှတ်သည့်သန္နိဋ္ဌာန်

၂၀၀၀ ပြည့်နှစ် ဇန်နဝါရီ ၁ ရက်တွင် ပုဂံရွှေဟောင်းယဉ်ကျေးမှုနယ်မြေ၌ ကျင်းပသော ၂၁ ရာစုအကြို လူထုအစည်းအဝေးကြီးက ချမှတ်သည့် သန္နိဋ္ဌာန် (၆)ချက်မှာ အောက်ပါအတိုင်းဖြစ်သည်။

(၁) ကျွန်ုပ်တို့သည် ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးတာဝန်အဖြစ် ဆက်လက်ခံယူကျင့်သုံးလိုက်နာသွားမည်။

(၂) ကျွန်ုပ်တို့သည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်ရန် ချမှတ်ထားသော ဦးတည်ချက်များကို မဖိတ်မသုန် အကောင်အထည်ဖော်သွားမည်။

(၃) ကျွန်ုပ်တို့သည် မိမိနိုင်ငံနှင့် မိမိနိုင်ငံသားတို့ကို ကာကွယ်စောင့်ရှောက်သွားမည်။

(၄) ကျွန်ုပ်တို့သည် လူနေမှုဘဝမြင့်မားပြီး အေးချမ်းတည်ငြိမ်သော နိုင်ငံတော်ကို တည်ဆောက်မည်။

(၅) ကျွန်ုပ်တို့သည် နိုင်ငံတော်တွင် လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုအတွက် ဆောင်ရွက်မည်။

(၆) ကျွန်ုပ်တို့သည် နိုင်ငံတော်တွင် ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားပြန့်ပွားရေးကို ကြိုးပမ်းဆောင်ရွက်မည်။

မြဝတီရုပ်မြင်သံကြား

၂၅-၆-၂၀၀၆ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၀ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၅ ၉။ ဆရာတော် ဦးဃောသိတ တရားတော် **"ကံလေးမျိုး တရားတော်"**
- ၉:၁၅ ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

နေ့လယ်ပိုင်း

- ၁၂:၀၀ ၁။ မြဝတီအဖွင့်
- ၁၂:၀၅ ၂။ အဖွင့်သီချင်း
- ၁၂:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၁၂:၂၀ ၄။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၁၂:၃၀ ၅။ မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် **"ကွဲပြားခြားနား ချစ်ခြင်းများ"**
- ၁၃:၅၀ ၆။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၄:၃၀ ၄။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၅:၀၀ ၅။ အမေးကမ္ဘာတွေးစရာ
- ၆:၀၀ ၆။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၇။ နိုင်ငံတကာသတင်း
- ၆:၂၀ ၈။ မိုးလေဝသသတင်း
- ၆:၂၅ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆:၃၅ ၁၀။ အံ့သြဖွယ်ရာဆပ်ကပ်ပညာ
- ၆:၄၀ ၁၁။ လျှပ်တစ်ပြက်
- ၇:၀၀ ၁၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"မြက်ခင်းစိမ်းနဲ့ အိမ်ကလေး"** (အပိုင်း-၃၉)
- ၈:၀၀ ၁၃။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၅။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၁၆။ FIFA WORLD CUP GERMANY 2006 ဘောလုံးပွဲ England Vs Ecuador (Live)

၂၆-၆-၂၀၀၆ (နံနက်ပိုင်း)

- ၀၁:၃၀ ၁။ FIFA WORLD CUP GERMANY 2006 ဘောလုံးပွဲ Portugal Vs Netherland (Live)

ဇွန် ၁၄ရက်က ဗုဒ္ဓဂယာ မြေမြတ်မဟာတွင် အိန္ဒိယနိုင်ငံဆိုင်ရာ ပညာသင် မြန်မာရဟန်းတော်များ သာယာဖွံ့ဖြိုးရေးအဖွဲ့ပိုင် ကျောင်းဆောက်လုပ်ရန်အတွက် တောင်ဥက္ကလာပမြို့နယ် ဝေဇယန္တာလမ်း အမှတ်-၃၇နေ ဒေါ်ကျင်အေးမိသားစုက အလှူငွေကျပ်တစ်သိန်းငါးသောင်းကို လှူဒါန်းရာ အကျိုးဆောင် ဒေါ်ရီရီဆွေက လက်ခံရယူပြီး ဂုဏ်ပြုလွှာ ပြန်လည်ပေးအပ်စဉ်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၅-၆-၂၀၀၆ (တနင်္ဂနွေနေ့)

- ၇:၀၀ MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
- ၇:၀၅ စာပေပညာရှင်များနှင့် တွေ့ဆုံဆွေးနွေးခြင်း (ဒေါက်တာမတင်ဝင်း)
- ၇:၂၅ တေးဂီတအစီအစဉ်
- ၇:၃၀ Sunday Talk (ဦးမျိုးမြတ်သူ၊ ဒေါက်တာဇော်သန်း)
- ၈:၂၅ နိုင်ငံတကာသတင်းအကျဉ်း
- ၈:၃၀ လူငယ်အားမန်နှင့် ပန်းပျိုးသူတို့၏လက်
- ၈:၄၅ ပြည်တွင်းသတင်းအကျဉ်း
- ၈:၅၅ တေးဂီတအစီအစဉ်
- ၉:၀၀ မိုးလေဝသခန့်မှန်းချက်
- ၉:၀၅ သစ်သီးပန်းပု လက်မှုအနုပညာ
- ၉:၁၅ နိုင်ငံတကာသတင်းအကျဉ်း
- ၉:၂၀ တေးဂီတအစီအစဉ်
- ၉:၂၅ Myanmar Video Rhythm
- ၁၀:၁၅ တေးဂီတအစီအစဉ်
- ၁၀:၂၀ ပြည်တွင်းသတင်းအကျဉ်း
- ၁၀:၃၀ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးအတွက် စပါးခွံဓာတ်ငွေ့သုံးစက်
- ၁၀:၄၀ တေးဂီတအစီအစဉ်
- ၁၀:၄၅ နိုင်ငံတကာအနုပညာရေးရာ (ကောင်းထက်ဇော်မွန်မွန်)
- ၁၁:၁၀ တေးဂီတအစီအစဉ်
- ၁၁:၁၅ အောင်မြင်ကြီးပွား မွေးမြူရေးလုပ်ငန်းများ အနောက်တောင်တိုင်း စစ်ဌာနချုပ်
- ၁၁:၃၀ နိုင်ငံတကာသတင်းအကျဉ်း
- ၁၁:၃၅ တေးဂီတအစီအစဉ်
- ၁၁:၄၀ ကျန်းမာပေ့ါပါး ရေကူးအားကစား
- ၁၂:၀၀ MRTV-4 အပိတ် Logo

အထက်ပါငါးနာရီစာ အစီအစဉ်များကို ည၂၃:၀၀နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

မိုးကောင်းအသင်း (ရန်ကုန်) ဝါဆိုသင်္ကန်းကပ်လှူမည်

ရန်ကုန် ဇွန် ၂၄

မိုးကောင်းအသင်း(ရန်ကုန်) ၏ ဒုတိယအကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပွဲကို ၁၃၆၈ခုနှစ် ဝါဆိုလပြည့်ကျော် ၇ရက် (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီတွင် ရွှေတိဂုံဘုရားလမ်းကျောက် စိမ်းတွင်း ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို အသင်းဥက္ကဋ္ဌ ဦးမောင်ကြီး ဖုန်း-၂၄၃၇၂၃၊ အတွင်းရေးမှူး ဦးချစ်မောင် ဖုန်း-၅၀၃၁၉၈၊ ဦးယုတင် ဖုန်း-၀၉ ၅၁ ၆၄၅၉၈၊ ဒေါ်ဆွေဆွေကြည် ဖုန်း-၅၁၉၅၂၉ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပြီး အသင်းဝင်များနှင့် မိုးကောင်းမြို့နယ်သူမြို့နယ်သားများ အချိန်မီ လာရောက်ကြရန် နှိုးဆော်ထားကြောင်း သိရသည်။ **(က-ပ)**

မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် လမ်း ၈၀၊ ၃၂ × ၃၃လမ်းကြား အမှတ်၅၄၄နေ ဦးဝင်း-ဒေါ်ကျင်လှိုင်မိသားစုတို့က ဒေါ်ကျင်လှိုင်၏ မွေးနေ့အထိမ်းအမှတ် ဆေးပဒေသာပင် ငွေကျပ်နှစ်သိန်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်ရှိန်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

သက်ရှိလောက တည်မြဲဖို့ သစ်ပင်စိုက်ပျိုး ထိန်းသိမ်းစို့

❒ **ရှေ့ဖုံးမှ**

အခမ်းအနားသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်း၊ ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲ အထူးရောင်းချပွဲပြပွဲ ဗဟိုကော်မတီ နာယက သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်၊ ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ၊ ပြပွဲဗဟိုကော်မတီဝင်များ၊ မြန်မာနိုင်ငံ ကျောက်မျက်ရတနာကုန်သည်ကြီးများအသင်း ဖြစ်မြောက်ရေးကော်မတီဝင်များ၊ ပြည်တွင်းပြည်ပ ရတနာကုန်သည်များနှင့် လုပ်ငန်းရှင်များ တက်ရောက်ကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

အစီအစဉ်အရ ဖွင့်ပွဲအခမ်းအနားကို မြန်မာကွန်ဗင်းရှင်းစင်တာမှခ်ဦးရှေ့၌ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်း၊ ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲ အထူးရောင်းချပွဲ ပြပွဲဗဟိုကော်မတီ နာယက သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်နှင့် ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့က ဖဲကြိုးဖြတ်၍ ၂၀၀၆ ခုနှစ် ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲ အထူးရောင်းချပွဲတွင် တင်ဒါစနစ်၊ ဈေးပြိုင်စနစ်ဖြင့် ကျောက်စိမ်းများ ရောင်းချပွဲကို ဖွင့်လှစ်ပေးလိုက်ကြသည်။

ထို့နောက် မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး ဦးစီးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က စက်ခလုတ်နှိပ်၍ ၂၀၀၆ ခုနှစ် ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲအထူးရောင်းချပွဲတွင် တင်ဒါစနစ်၊ ဈေးပြိုင်စနစ်ဖြင့် ကျောက်စိမ်းများရောင်းချပွဲ ဖွင့်ပွဲ အထိမ်းအမှတ် ဆိုင်းဘုတ်ကို ဖွင့်လှစ်ပေးပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

လှည့်လည်ကြည့်ရှု

ဖွင့်ပွဲ အခမ်းအနားအပြီးတွင် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့် အဖွဲ့ဝင်များသည် မြန်မာကွန်ဗင်းရှင်းစင်တာခန်းမ၌ တင်ဒါစနစ်၊ ဈေးပြိုင်စနစ်ဖြင့် ရောင်းချသွားမည့် အရည်အသွေးမီ ကျောက်စိမ်းများ မြေညီထပ်နှင့် အပေါ်ထပ်တို့တွင် ခင်းကျင်းပြသထားမှုနှင့် ပုဂ္ဂလိက ရတနာအရောင်းဆိုင်များကိုလှည့်လည် ကြည့်ရှုသည်။

မှတ်တမ်းတင်

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ပြပွဲဗဟိုကော်မတီဝင်များ၊ မြန်မာနိုင်ငံ ကျောက်မျက်ရတနာကုန်သည်ကြီးများ အသင်း ဖြစ်မြောက်ရေးကော်မတီဝင်များနှင့် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။ **(သတင်းစဉ်)**

မြန်မာအမျိုးသမီးများနေ့

၂၀၀၆ ခုနှစ်၊ ဇူလိုင်လ (၃)ရက်

MYANMAR WOMEN'S DAY

3rd JULY 2006

အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ်မှ သင်တန်းသားများ သစ်တောရေးရာဝန်ကြီးဌာနရှိ သစ်အခြေခံစက်ရုံများလေ့လာ

ရန်ကုန် ဇွန် ၂၄

အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ်မှ ကျောင်းအုပ်ကြီး၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများသည် ဇွန် ၂၄ ရက် နံနက်ပိုင်းတွင် သစ်တောရေးရာဝန်ကြီးဌာန လက်အောက်ရှိ သစ်အခြေခံစက်ရုံများကို လေ့လာရန်အတွက် ရွှေပြည်သာမြို့နယ် ဝါးတရာသစ်အခြေခံစက်မှုဇုန်နယ်မြေရှိ တော်ဝင်မိသားစုကုမ္ပဏီ လီမိတက် သစ်အချောထည်နှင့် ပရိဘောဂစက်ရုံသို့ ရောက်ရှိကြသည်။

ထို့နောက် စက်ရုံခန်းမတွင် သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်က ကြိုဆိုနှုတ်ဆက် အမှာစကားပြောကြားပြီး ကျောင်းအုပ်ကြီး ဒေါက်တာမြင့်ဆွေက သင်ကြားပို့ချမှုများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်ပြီး ကုမ္ပဏီဥက္ကဋ္ဌ ဦးကိုကိုထွေးက စက်လည်ပတ် ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး သင်တန်းသူတစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။

လှည့်လည်လေ့လာကြည့်ရှု

ထို့နောက် ကျောင်းအုပ်ကြီး၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများသည် ထူး သစ်အခြေခံစက်ရုံသို့ ရောက်ရှိကြရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြပြီးနောက် စက်ရုံအတွင်း လှည့်လည်လေ့လာကြည့်ရှုကြသည်။

ထို့နောက် ဝန်ကြီးနှင့် တာဝန်ရှိသူများသည် မြန်မာ့သစ်လုပ်ငန်း ပြည်ပရောင်းဝယ်ရေးနှင့် သစ်စက်ဌာန အလုံမြို့နယ် ကန်ဥသစ်ဆိပ်နှင့် ပုဇွန်တောင်မြို့နယ် စက်ဆန်းသစ်ဆိပ်များရှိ အပြည်ပြည်ဆိုင်ရာ တင်ဒါရောင်းချမည့် လပ်ပုံများအား လိုက်လံစစ်ဆေးရာ မြန်မာ့သစ်လုပ်ငန်းဦးဆောင်ညွှန်ကြားရေးမှူး ဦးဝင်းထွန်းနှင့် ပြည်ပရောင်းဝယ်ရေးနှင့် သစ်စက်ဌာန အထွေထွေမန်နေဂျာ ဦးထူးအောင်တို့က လိုက်လံရှင်းလင်းတင်ပြခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဇွန် ၂၄ ရက်က ဗဟန်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်း ဆယ်အိမ်စုမှူး ဆရာဖြစ် သင်တန်း ဖွင့်ပွဲအခမ်းအနားကို အသင်းရုံးခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး ဒေါက်တာ ဦးလှမြင့်က သင်တန်းဖွင့်အမှာ စကား ပြောကြားစဉ်။

(မြန်မာ့အလင်း)

Royal Gold ဆပ်ပြာ အရည်အသွေးခြောက်မျိုးဖြင့် ဖြန့်ဖြူးရောင်းချ

ရန်ကုန် ဇွန် ၂၄

လှိုင်သာယာ စက်မှုဇုန်(၂)ရှိ Royal Gold Luxury Soap စက်ရုံမှ အရောင်ခြောက်မျိုးဖြင့် အရည်အသွေးခြောက်မျိုးရှိ Royal Gold ဆပ်ပြာကို ပြင်သစ်၊ ဂျပန်၊ မလေးရှား နိုင်ငံတို့မှ ကျွမ်းကျင်ပညာရှင်များက ဂျပန်နည်းပညာဖြင့် ဥရောပ၊စင်ကာပူ၊ မလေးရှားနိုင်ငံတို့မှ ကုန်ကြမ်းများ အသုံးပြု၍ အီတလီ၊ အိန္ဒိယနိုင်ငံတို့မှ စက်များဖြင့် ထုတ်လုပ်ရောင်းချလျက် ရှိသည်။

Royal Gold ဆပ်ပြာသည် အလေးချိန် ဂရမ် ၈၀ ရှိပြီး Pnul Kernel Oil Leather ပါရှိသည့်အတွက် အသားအရေ ခြောက်သွေ့ အက်ကွဲခြင်းကို ကာကွယ်ပြီး အသုံးပြုပြီးလျှင် ပူလောင်ခြင်းမရှိ၊ ဗက်တီးရီးယား ပိုးမွှားများကို လျင်မြန်စွာ ဖယ်ရှား နိုင်သည်။

သင့်လျော်

ခရမ်းရောင်ရှိ Royal Gold ဆပ်ပြာသည် အသားအရေကို ချောမွတ်စေ၍ သင်းပျံ့လန်းဆန်းစေခြင်း၊ အနီရောင်သည် သဘာဝ သန့်စင်ပစ္စည်းများဖြင့် ထုတ်လုပ်ထားခြင်း၊ အပြာရောင်သည် အသားအရေကို ဖြူဖွေးစေသည့် သဘာဝ အော်ဂဲနစ်ပစ္စည်းများဖြင့် ထုတ်လုပ်ထားခြင်း၊ အစိမ်းရောင်သည် အသားအရေ ပျက်စီးခြင်းမှ ကာကွယ်သည့် သဘာဝ အော်ဂဲနစ်ပစ္စည်းများဖြင့် ထုတ်လုပ်ထားခြင်း၊ ပန်းရောင်သည် အသားအရေကို စိုပြည်စေသော သဘာဝ အော်ဂဲနစ်ပစ္စည်းများဖြင့် ထုတ်လုပ်ထားခြင်း၊ အနက်ရောင်သည် ဗီတာမင် (E)ပါဝင်၍ အသားအရေ ပျက်စီးခြင်းမှ ကာကွယ်သည့် သဘာဝ အော်ဂဲနစ်ပစ္စည်းများဖြင့် ထုတ်လုပ်ထားခြင်းတို့ကြောင့် အသားအရေ အားလုံးအတွက် သင့်လျော်သည်။

Royal Gold ဆပ်ပြာသည် Luxury စာရင်းဝင် ဆပ်ပြာတစ်မျိုး အဖြစ် မိသားစုအားလုံး အသုံးပြုနိုင်ပြီး သပ်ရပ်သော ထုပ်ပိုးမှု၊ ကြာရှည် အသုံးခံခြင်း၊ နူးညံ့သော ဆပ်ပြာမြှုပ်၊ ကွဲပြားသော ရနံ့တို့ကို အရောင်တစ်မျိုးစီအလိုက် အကျိုးခံစားရမည် ဖြစ်ကြောင်း သိရသည်။**(သတင်းစဉ်)**

Royal Gold Luxury Soap စက်ရုံက ထုတ်လုပ်သော Royal Gold ဆပ်ပြာကြော်ငြာကို တွေ့ရစဉ်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၂၅-၆-၂၀၀၆ ရက်
(တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ ကျေးဇူးရှင်မင်းကွန်း ဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
၇:၅၀ ၅။ ယဉ်ကျေးလိမ္မာ(၃၈)ဖြာမင်္ဂလာ
၈:၁၀ ၆။ အကပြိုင်ပွဲ
၈:၁၅ ၇။ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့တေးများ
၈:၂၅ ၈။ အတီးပြိုင်ပွဲ
၈:၃၀ ၉။ International News
၈:၄၅ ၁၀။ Say it in English

နေ့လယ်ပိုင်း

၁၁:၀၀ ၁။ စစ်သည်တေး
၁၁:၁၀ ၂။ တေးဂီတအစီအစဉ်
၁၁:၂၅ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
၁၁:၃၅ ၄။ နိုင်ငံခြားကာတွန်းဇာတ်လမ်းတွဲ "Doraemon"
၁၁:၅၅ ၅။ ရုပ်မြင်သံကြားဇာတ်လမ်း **"ထိချက်မှန်သောမြားတစ်စင်း"** ဇော်ဝမ်း၊ ချိုပြုံး၊ ထွန်းထွန်း (Examplez)၊ နဝရတ် (ဒါရိုက်တာ-မျိုးအေး)
၁၃:၃၀ ၆။ အတီးပြိုင်ပွဲ
၁၃:၄၀ ၇။ **"မြန်မာလိုလှစေချင်သည်"** ကြည်စိုး(အိုင်စီ)၊ မျိုးမောင်မောင်သီဟ၊ ရတနာခင်၊ ဝါဝါအောင်(ဒါရိုက်တာ-ရိုးရိုး)
၁၄:၀၀ ၈။ အဆိုပြိုင်ပွဲ
၁၄:၁၀ ၉။ **"မနိုင်သောအရှုံး"** ဟက်ကက်၊ ဇင်ရဲထက်၊ ခိုင်သင်းကြည် (ဒါရိုက်တာ-အေဝမ်းမောင်လှမျိုး)
၁၄:၂၅ ၁၀။ အရေးပြိုင်ပွဲ
၁၄:၃၅ ၁၁။ ပေါက်တံတား(ရေပြာ)နှင့် ပေါက်တံတား(အုန်းတော)
၁၄:၄၅ ၁၂။ International News

ညပိုင်း

၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၁၆:၃၀ ၃။ English for Everyday Use
၁၆:၄၅ ၄။ သာယာချိုအေး (၃၈)ဖြာမင်္ဂလာတေး
၁၇:၀၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ဒုတိယနှစ်(ရုက္ခဗေဒအထူးပြု) [ရုက္ခဗေဒ]
၁၇:၁၅ ၆။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၁၇:၂၅ ၇။ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့တေးများ
၁၇:၃၅ ၈။ ဆိုကြမယ် ပျော်ကြမယ်
၁၈:၀၀ ၉။ ညနေခင်းသတင်း
၁၈:၃၀ ၁၀။ မိုးလေဝသအခြေအနေ
၁၈:၃၅ ၁၁။ Discovery
၁၈:၄၅ ၁၂။ စိုက်ပျိုးစွမ်းအားပြည်ထွန်းကား
၁၈:၅၅ ၁၃။ တိုးတက်သာယာ ထိန်တောက်ပြကျေးရွာ
၁၉:၀၅ ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ဖြူစင်မေတ္တာ"** (အပိုင်း-၈)
၂၀:၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာသတင်းများ
၁၇။ မိုးလေဝသအခြေအနေ
၁၈။ မြန်မာ့ရုပ်ရှင် **"နေကမွေးတဲ့ လ"** (အပိုင်း-၂) ကျော်ဟိန်း၊ မင်းမော်ကွန်း၊ တင့်တင့်ထွန်း၊ အိန္ဒြာကျော်ဇင် (ဒါရိုက်တာ-မောင်တင်ဦး)

ဂျာမနီက ဆွီဒင်ကိုနိုင်ပြီး ကွာတားဖိုင်နယ်တက်ပြီ

ရန်ကုန် ဇွန် ၂၄

၂၀၀၆ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ဒုတိယအဆင့် ရှုံးထွက်ပွဲစဉ်(၁) အဖြစ် ယနေ့မြန်မာစံတော်ချိန် ည ၉ နာရီခွဲက မြူးနစ်မြို့ရှိ Allianz Arena အားကစားကွင်း၌ အိမ်ရှင်ဂျာမနီအသင်းနှင့် ဆွီဒင်အသင်းတို့ ယှဉ်ပြိုင်ကစားရာ ဂျာမနီအသင်းက နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိပြီး ကွာတားဖိုင်နယ်သို့ တက်ရောက်သွားသည်။

နှစ်ဂိုးသွင်း

အိမ်ရှင်ဂျာမနီအသင်းသည် ခြေစွမ်းပြကစားပြီး ပထမပိုင်းမှာပင် နှစ်ဂိုး သွင်းယူနိုင်ခဲ့သည်။ ဂျာမနီအသင်းအတွက် ပထမဂိုးကို ပွဲစပြီး လေးမိနစ်အကြာတွင် ပိုဒေါစကီးက သွင်းယူပေးခဲ့ပြီး ဒုတိယဂိုးကို ၁၂ မိနစ်တွင် ပိုဒေါစကီးကပင် သွင်းယူပေးသည်။

အနီကတ်

ဆွီဒင်အသင်းမှ လူဆစ်သည် ၃၅ မိနစ်တွင် အနီကတ်ဖြင့် ထုတ်ပယ်ခြင်းခံရသဖြင့် ၁၀ ဦးတည်းဖြင့် ကစားခဲ့ရသည်။ ပွဲချိန် ၅၃ မိနစ်တွင် ဆွီဒင်အသင်း ပယ်နယ်တီပြစ်ဒဏ်ဘောရရှိရာ လာဆင်ကန်သွင်းသော်လည်း ဂိုးမဝင်၍ တစ်ဂိုးနစ်နာခဲ့ရသည်။ ပွဲအပြီးတွင် ဂျာမနီအသင်းက နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားရာ ကွာတားဖိုင်နယ်သို့ တက်ရောက်သွားသည်။

(သတင်းမှတ်စု-ကိုထွေး)

ရှာဖွေရေးနှင့် ကယ်ဆယ်ရေးစက်ရုပ် တရုတ်နည်းပညာတက္ကသိုလ်မှ တီထွင်

ပေကျင်း ဇွန် ၂၄

တရုတ်နိုင်ငံ ဓာတ်သတ္တုရှာဖွေရေးနှင့် နည်းပညာတက္ကသိုလ်မှ ရှာဖွေရေးနှင့် ကယ်ဆယ်ရေးစက်ရုပ်(အပေါ်ပုံ) **အား တီထွင်ခဲ့ကြောင်း ဆင်ဟွာသတင်းဌာနမှ ဇွန် ၂၂ရက်က ဖော်ပြခဲ့သည်။**

တရုတ်နိုင်ငံ၏ကျောက်မီးသွေး သတ္တုတွင်းများနှင့် ဓာတ်သတ္တုရှာဖွေရေးလုပ်ငန်းများတွင် မြေပြိုမှုနှင့် တွင်းပြိုမှုများကြောင့် သတ္တုတွင်းအလုပ်သမားများ မကြာခဏ သေဆုံးခဲ့ရသည်။

ပြန်လည်ပေးပို့

ယခုတီထွင်လိုက်သော စက်ရုပ်သည် သတ္တုတွင်း၏ အနက်ဆုံးအပိုင်းအထိ ဝင်ရောက်နိုင်ပြီး အတွင်းရှိပုံရိပ်များနှင့် သတင်းအချက်အလက်များကို ပြန်လည်ပေးပို့နိုင်သည်။

ပြောကြား

ထို့အပြင် သတ္တုတွင်း၌ ပိတ်မိနေသော အလုပ်သမားများအတွက် ဆေးဝါးများ၊ စားနပ်ရိက္ခာများနှင့် ပိတ်မိနေသော အလုပ်သမားများ အပြင်သို့ ပြန်လည်ထွက်နိုင်ရန်အတွက် အသုံးပြုရန် ကိရိယာပစ္စည်းများကို သယ်ဆောင်သွားနိုင်ကြောင်း ယင်းတက္ကသိုလ်မှ တာဝန်ရှိသူများက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

နိုင်ငံခြားသို့ ဗီယက်နမ်အလုပ်သမားများစေလွှတ်မှု ပထမနှစ်ဝက်အတွင်း သုံးသောင်းခွဲကျော်ရှိခဲ့

ဟန်ွိုင်း ဇွန် ၂၄

ဗီယက်နမ်နိုင်ငံသည် ယခုနှစ် ပထမနှစ်ဝက်တွင် နိုင်ငံခြားသို့ ဒေသခံအလုပ်သမား ၃၅၂၀၀ နီးပါးစေလွှတ်ခဲ့ရာ ပြီးခဲ့သည့်နှစ် ယင်းကာလက ၃၁၀၀၀ စေလွှတ်ခဲ့သည်ထက် များပြားခဲ့ကြောင်း ဒေသခံအလုပ်သမားစီမံခန့်ခွဲရေး အေဂျင်စီက ဇွန် ၂၁ရက်က ပြောကြားသည်။

ဗီယက်နမ်၏ အလုပ်သမား အများဆုံးစေလွှတ်ခဲ့သော နိုင်ငံများမှာ ခြောက်လအတွင်းတွင် အကြမ်းဖျင်းအားဖြင့် မလေးရှားသို့ ၁၆၃၇၀ အပါအဝင် တောင်ကိုရီးယားသို့ ၆၄၆၀၊ ထိုင်ဝမ်(တရုတ်တိုင်ပေ)သို့ ၅၂၇၀ စေလွှတ်ခဲ့ကြောင်း အလုပ်သမားဘေး ဒုက္ခဆိုင်ရာနှင့် လူမှုဝန်ထမ်းဝန်ကြီးဌာန လက်အောက်ရှိ ပင်လယ်ရပ်ခြား အလုပ်သမား စီမံခန့်ခွဲရေးဌာနက ပြောကြားသည်။

ဗီယက်နမ်သည် ၎င်း၏အလုပ်သမားစေလွှတ်ရေး ဈေးကွက်ကို အမေရိကန်ပြည်ထောင်စု၊ အီတလီနှင့် ဩစတြေးလျသို့ တိုးချဲ့လျက်ရှိပြီး ၂၀၀၆-၂၀၁၀ ပြည့်နှစ်များတွင် နိုင်ငံခြား၌အလုပ်လုပ်ရန်နှစ်စဉ်လူ၁၀၀၀၀၀ စေလွှတ်ရန် ရည်မှန်းထားသည်။

ယခုနှစ်တွင် နိုင်ငံခြားသို့ အလုပ်သမား ၇၅၀၀၀ စေလွှတ်ရန် လျာထားခဲ့သဖြင့် ပြီးခဲ့သည့်နှစ်က စေလွှတ်ခဲ့သော ၇၀၆၀၀ထက် များပြားခဲ့သည်။

၂၀၀၅ ခုနှစ်က ဗီယက်နမ်မှ လူ ၄၀၀၀၀၀ ကျော်သည် အခြားနိုင်ငံနှင့် ဒေသ၄၀ကျော်တွင် အလုပ်လုပ်ကိုင်ခဲ့ကြရာ နှစ်စဉ်ဝင်ငွေ အမေရိကန် ဒေါ်လာ ၁ဒသမ၆ ဘီလီယံဝန်းကျင် ရရှိခဲ့ကြောင်း အလုပ်သမားစီမံခန့်ခွဲရေးဌာနက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

တရုတ်နိုင်ငံ အနောက်တောင်ပိုင်း ချုံကျင်းပြည်နယ်တွင် ကျင်းပသည့် နိုင်ငံတကာ ခရီးသွားအလှမယ်ပြိုင်ပွဲ နောက်ဆုံးအဆင့်ယှဉ်ပြိုင်မှုတွင် ပါဝင်ယှဉ်ပြိုင်နေသည့် ဗင်နီဇွဲလားအလှမယ်ကို ဇွန် ၂၂ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဘူလ်ဂေးရီးယား၌ စိတ်ကြွဆေးများ ဖမ်းမိ

ဆိုဖီယာ ဇွန် ၂၄

ဘူလ်ဂေးရီးယားမှ တူရကီသို့ မောင်းနှင်နေသော ကမ္ဘာလှည့်ခရီးသည် ဘတ်စ်ကားတစ်စီးမှ စိတ်ကြွဆေးပြား အလေးချိန် ကီလိုဂရမ်၁၈၀ ကျော်နှင့် အမေရိကန်ဒေါ်လာ ၃၄သန်းကို ဘူလ်ဂေးရီးယားအကောက်ခွန်အဖွဲ့မှ ဖမ်းဆီးမိခဲ့ကြောင်း အကောက်ခွန်အရာရှိများက ဇွန်၂၂ရက်တွင် ပြောကြားသည်။

ပန်းနုရောင်ဆေးပြားများ ထည့်ထားသော အနက်ရောင်နိုင်လွန်အိတ် ၁၈၀ကို အကောက်ခွန်စစ်ဆေးရေးမှူးများက ရှာဖွေတွေ့ရှိခဲ့ကြောင်း၊ယင်းဆေးပြားများကို စစ်ဆေးကြည့်ရာ အားပြင်းသော စိတ်ကြွဆေးပြားများဖြစ်နေသည်ကို တွေ့ရကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။

အမ်အင်အေ၊ရိုက်တာ

ဓာတုနှင့် ဇီဝလက်နက်များ ပြောက်ကျားများပိုင်ဆိုင်မည်ကို အမေရိကန်စိုးရိမ်

ဝါရှင်တန် ဇွန် ၂၄

၁၉၉၁ ခုနှစ် ပင်လယ်ကွေ့စစ်ပွဲမတိုင်မီက စွန့်ပစ်ထားသော အီရတ်နိုင်ငံ၏ ဓာတုလက်နက်များကို ပြောက်ကျားများ၏ လက်အတွင်းသို့ ရောက်ခဲ့လျှင်ဆိုသော ခြိမ်းခြောက်မှုအသစ်များနှင့် အမေရိကန်ရင်ဆိုင်နေရကြောင်း တာဝန်ရှိသူများက ဇွန် ၂၂ ရက်၌ သတိပေးပြောကြားသည်။

အီရတ်ရှိ တပ်ဖွဲ့ဝင်များအား သတိပေးရန် ရည်ရွယ်ထုတ်ပြန်ခဲ့သော အစီရင်ခံစာတွင် ၁၉၉၁ ခုနှစ် မတိုင်မီက လက်နက်အများအပြား အီရတ်တွင် ရှိနေသည်ဟု ယုံကြည်ကြောင်း၊ ယင်းလက်နက်များအား အသုံးပြုရာတွင် ကျွမ်းကျင်သော ပြောက်ကျားများ၏ လက်အတွင်းသို့ ရောက်ရှိခဲ့လျှင် အလွန်အန္တရာယ်ကြီးသဖြင့် စိုးရိမ်နေရကြောင်း ဖော်ပြထားသည်။

ပြောက်ကျားများ၏ လက်ဝယ်တွင် ဓာတုလက်နက်များ ပိုင်ဆိုင်သည်ဆိုသော သက်သေအထောက်အထားများမရှိကြောင်း ထောက်လှမ်းရေးမှတာဝန်ရှိသူများက ပြောကြားသည်။

ဖော်ပြထား

သို့သော် မီဒီယာများက အစီရင်ခံတင်ပြရာတွင် ပြောက်ကျားများသည် ယင်းလက်နက်များကို ပိုင်ဆိုင်လိုချင်နေကြကြောင်း ဖော်ပြသည်။

အီရတ်သည် ဓာတုနှင့် ဇီဝလက်နက်များ ပိုင်ဆိုင်သည်ဟု အကြောင်းပြ၍ အမေရိကန် ဦးဆောင်သော တပ်ဖွဲ့ဝင်များက ကျူးကျော်တိုက်ခိုက်ခဲ့သော်လည်း ယခုအထိ ယင်းလက်နက်များကို ရှာဖွေမတွေ့ရှိရ သေးကြောင်း ရိုက်တာသတင်းတွင် ဖော်ပြထားသည်။ **အမ်အင်အေ၊ရိုက်တာ**

အစ္စရေးနိုင်ငံအတွင်း လက်နက်မှောင်ခိုသွင်းသည့် အမေရိကန်တစ်ဦးအား ဖမ်းဆီးအရေးယူ

ဂျေရုဆလမ် ဇွန် ၂၄

အနောက်ဘက်ကမ်း ဂျူးများနေထိုင်ရာဒေသမှ အမေရိကန်လူမျိုးတစ်ဦးအား အစ္စရေးနိုင်ငံအတွင်းသို့ ရိုင်ဖယ်သေနတ်တစ်လက်နှင့် ခဲယမ်းမီးကျောက်များ မှောင်ခိုသွင်းလာခြင်းကြောင့်ဖမ်းဆီးထားခဲ့ကြောင်း အစ္စရေးရဲတပ်ဖွဲ့က ဇွန်၂၁ရက်၌ ပြောကြားသည်။

၎င်းသည် အစ္စရေးနိုင်ငံအတွင်းသို့ လက်နက် တင်သွင်းလာခြင်းသည် ပါလက်စတိုင်းလူမျိုးများအား တိုက်ခိုက်ရန်အတွက်ဖြစ်နိုင်သည်ဟုယုံကြည်ရကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ်မှ အသက်(၃၉)နှစ်ရှိ ဂီဖရေဆက်ဆိုသူအား နိုင်ငံတွင်းတရားမဝင် လက်နက်၊ ခဲယမ်းမီးကျောက်နှင့် ကျည်ဆန်ပြုလုပ်သော ကိရိယာများ သယ်ယူမှုဖြင့် တရားစွဲဆို၍ အစ္စရေးတရားရုံးသို့ တင်မည်ဖြစ်သည်။

ယင်းလက်နက်ကိရိယာများကို အစ္စရေးတပ်မတော်သို့ပေးရန် ရည်ရွယ်ထားကြောင်း ဂီဖရေဆက်က ပြောကြားသည်။

၎င်းအား လွန်ခဲ့သော ၁၀ရက်က အစ္စရေးဟယ်ဖာဆိပ်ကမ်းတွင် အမေရိကန်နိုင်ငံမှ သင်္ဘောဖြင့် တင်ပို့လိုက်သော လက်နက်နှင့် ခဲယမ်းမီးကျောက်များ ထည့်ထားသော ကွန်တိန်နာတစ်လုံးအား ဖွင့်ရန် ကြိုးပမ်းနေစဉ် ဖမ်းဆီးလိုက်ခြင်းဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ

ဟောင်ကောင်၌ ကျောက်မျက်ရတနာနှင့်နာရီပြပွဲ ပြသ

ဟောင်ကောင် ဇွန် ၂၄

အာရှတွင် အကြီးမားဆုံး နှစ်လယ်ကျောက်မျက်ရတနာနှင့် နာရီပြပွဲအား ဟောင်ကောင်တွင် ဇွန် ၂၂ရက်က ခင်းကျင်းပြသခဲ့သည်။**(ယာပုံ)**

ခင်းကျင်းပြသ

ယင်းကျောက်မျက်ရတနာနှင့်နာရီပြပွဲသို့ နိုင်ငံနှင့် ဒေသ ၃၀မှ ပြပွဲတင်သူ ရတနာနှင့်နာရီကုန်သည် ၁၀၅၁ဦးတို့သည် ၎င်းတို့၏ လက်ရာမြောက်သော လက်ဝတ် ရတနာနှင့်နာရီများကို ခင်းကျင်းပြသခဲ့ကြသည်။

အကြီးမားဆုံးပြပွဲ

အဆင်ဒီဇိုင်းများစုံလင်၍ နိုင်ငံများစွာမှ လာရောက် ခင်းကျင်းပြသသောကြောင့် ယင်းကျောက်မျက်ရတနာနှင့်နာရီပြပွဲသည် အာရှတွင် အကြီးမားဆုံး ပြပွဲတစ်ရပ်ဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ

ဂျပန်နိုင်ငံ တိုကျိုမြို့ရှိ လော့ဖ်တီ ကုမ္ပဏီက အသစ်ထုတ်လုပ်လိုက်သော အိပ်စက်ခြင်းအထောက်အကူပြု ခေါင်းအုံးအား မိတ်ဆက်ပြသနေသည်ကို ဇွန် ၂၂ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

လျှင်ဒဏ်ခံနိုင်သော အိမ်ရာများ တရုတ်အကောင်အထည်ဖော် တည်ဆောက်

ပေကျင်း ဇွန် ၂၄

တရုတ်နိုင်ငံ ရှန်ကျန်းဒေသရှိ ငလျင်ကြောတွင် ကျရောက်နေသည့် နယ်မြေတွင် နေထိုင်ကြသော ပြည်သူ ၂၁သိန်း ၄၈သောင်းသည် ပြီးခဲ့သောနှစ်နှစ်အတွင်းက အသစ်တည်ဆောက်ထားသော ငလျင်ဒဏ်ခံနိုင်သော အိမ်များသို့ ပြောင်းရွှေ့သွားခဲ့သည်ဟု ဒေသဆိုင်ရာတာဝန်ရှိသူများက ဇွန် ၂၁ ရက်၌ ပြောကြားသည်။

တရုတ်နိုင်ငံ အနောက်ပိုင်းဒေသများရှိ စီရင်စုနှင့် မြို့ ၈၈တွင် ငလျင်ဒဏ်ခံနိုင်သော အိမ်ခြေ ၅၉၆၀၀၀ တည်ဆောက်ရေး နိုင်ငံတော် အစီအစဉ်ကို လွန်ခဲ့သော နှစ်နှစ်ကျော်က စတင် အကောင်အထည်ဖော်ခဲ့ကြောင်း ဗုဒ္ဓဟူးနေ့က ပြီးဆုံးခဲ့သည့် ကျေးလက်ဒေသများတွင် ငလျင်ဒဏ်ခံ အိမ်ရာ တည်ဆောက်ရေး စီမံကိန်းအစည်းအဝေး၌ ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့မှ ဒုတိယဥက္ကဋ္ဌ နူအာလန်းက ပြောကြားသည်။

ပြီးခဲ့သော နှစ်ကုန်ဆုံးချိန်အထိ ယင်းအိမ်ရာစီမံကိန်းအတွက် အမေရိကန်ဒေါ်လာ ၁ ဒသမ ၄၆ ဘီလီယံ သုံးစွဲခဲ့သည်။

ဆုံးရှုံး

ရှန်ကျန်းဒေသသည် ပြီးခဲ့သော ရာစုနှစ်အစကတည်းက ရစ်ချ်တာစကေး ၆နှင့် ၆အထက်ရှိ ငလျင် ၁၀၅ကြိမ် လှုပ်ခတ်ခဲ့သည်။ ၂၀၀၃ ခုနှစ် ဖေဖော်ဝါရီ ၂၄ရက်က ဘာကျူးနှင့် ကျာရှီးစီရင်စုတွင် ရစ်ချ်တာစကေး ၆ဒသမ ၈ရှိ ငလျင်လှုပ်ခဲ့သောကြောင့် လူ ၂၆၈ဦး သေဆုံးခဲ့ပြီး စီးပွားရေး ၁ဒသမ ၃၇ ဘီလီယံ ဆုံးရှုံးခဲ့ရသည်။

အမ်အင်အေ၊ဆင်ဟွာ

နှစ်သုံးဆယ်အတွင်း ဆီးချိုရောဂါဖြစ်ပွားသူ နှစ်ဆတိုးလာ

ကုလသမဂ္ဂ ဇွန် ၂၄

လွန်ခဲ့သည့်ဆယ်စုနှစ်သုံးစုကျော်အတွင်း ဆီးချိုပုံစံ(၂) ရောဂါအသစ်ဖြစ်ပွားမှုသည် နှစ်ဆရှိလာကြောင်း အမေရိကန် နှလုံးရောဂါဆိုင်ရာအသင်း၏ ဆာကူလေးရှင်းဂျာနယ်တွင် ဖော်ပြပါရှိသည်။

လူအားလုံးမဟုတ်သော်လည်း အဝလွန်သူ လူများစုတွင် ဆီးချိုဖြစ်ပွားမှုတိုးပွားလျက်ရှိကြောင်း၊ ဦးဆောင်ရေးသားသူဒေါက်တာကာရိုလင်းအက်စ်ဖောက်စ်က ရေးသားတင်ပြခဲ့သည်။

ယခုကဲ့သို့ လေ့လာတွေ့ရှိချက်မှာ ၁၉၇၀ပြည့်နှစ်များ၊ ၁၉၈၀ ပြည့်နှစ်များနှင့် ၁၉၉၀ ပြည့်နှစ်များ အတွင်း စာရင်းသွင်းသတ်မှတ်ခဲ့သော ဆီးချိုရောဂါမရှိသူ ပျမ်းမျှအသက် ၄၇ နှစ်ရှိသည့်လူ ၃၁၀၄ ဦးကို အခြေခံကာ လေ့လာခဲ့ခြင်းကြောင့် ဖြစ်သည်။

ဖြစ်ပွား

တစ်ဦးချင်းစီကို ရှစ်နှစ်ကျော်ကာလအကြာတွင် စစ်ဆေးကြည့်သောအခါ ဆီးချိုရောဂါဖြစ်ပွားလာသည်ကို တွေ့ရှိခဲ့ရပြီး ၁၉၇၀ ပြည့်နှစ်များအတွင်း ဖြစ်ပွားမှုမှာနည်းပါးကာ အမျိုးသမီးများက ၂ ရာခိုင်နှုန်းနှင့် အမျိုးသားများက ၂ ဒသမ ၇ ရာခိုင်နှုန်းသာလျှင် ဖြစ်ပွားခဲ့သေးသည်။

၁၉၉၀ ပြည့်နှစ်များတွင်မူ ၎င်းတို့၏ရောဂါဖြစ်ပွားမှုသည် အမြင့်ဆုံးသို့ရောက်ရှိခဲ့ပြီး ၃ ဒသမ ၇ ရာခိုင်နှုန်းနှင့် ၅ ဒသမ ၈ ရာခိုင်နှုန်းအထိရှိခဲ့သည်။

တိုးတက်

၁၉၇၀ ပြည့်နှစ်များကို ၁၉၈၀ ပြည့်နှစ်များနှင့် ၁၉၉၀ ပြည့်နှစ်များနှင့်နှိုင်းယှဉ်ပါက ဆီးချိုရောဂါဖြစ်ပွားမှုသည် ၄၀ ရာခိုင်နှုန်းနှင့် ၁၀၅ ရာခိုင်နှုန်း အသီးသီးတိုးတက်များပြားခဲ့ကြောင်း တွေ့ရှိရသည်။

ဖော်ပြ

ကောက်ချက်ချသုံးသပ်ပါက ဆီးချိုရောဂါဖြစ်ပွားသူများအနက် အဝလွန်သူများမှာ အများဆုံးဖြစ်ပွားသည်ကို တွေ့ရှိခဲ့ကြောင်း ဂျာနယ်တွင် ဖော်ပြပါရှိသည်။

တွေ့ရှိ

မည်သို့ပင်ဖြစ်စေ ကိုယ်အလေးချိန်ကမူ ဆီးချိုရောဂါဖြစ်ပွားမှု တိုးပွားလာသူများနှင့် သက်ဆိုင်ခြင်းမရှိကြောင်း သုတေသီများကတွေ့ရှိခဲ့ကြသည်။ အတိုင်းအတာဖြင့် စားသောက်ခြင်းနှင့် ကိုယ်ကာယလှုပ်ရှားမှုသည် ခန္ဓာကိုယ်အလေးချိန်ကိုသာ ပြောင်းလဲမှုဖြစ်စေကြောင်း လက်ရှိလေ့လာမှုတွင် တွေ့ရှိခဲ့သည်။

ဆီးချိုဖြစ်နိုင်

ဥပမာအားဖြင့် သကြားနှင့်အချိုများပါဝင်သည့်အဖျော်ယမကာများကို သောက်သုံးသူများသည် ကိုယ်အလေးချိန်ကို ညှိယူထိန်းသိမ်းသည့်တိုင် ဆီးချိုရောဂါဖြစ်လာနိုင်သည့်အကြောင်းရင်းများဖြစ်ကြောင်း လေ့လာရေးအဖွဲ့၏တွေ့ရှိချက်တွင် ဖော်ပြပါရှိသည်။

(အင်တာနက်)

ဦးနှောက်ရောင်ရောဂါကြောင့် အိန္ဒိယ၌ ကလေး ၂၅ဦးသေဆုံး

နယူးဒေလီ ဇွန် ၂၃

အိန္ဒိယနိုင်ငံဘီဟာပြည်နယ်တွင် လွန်ခဲ့သည့်ရက်အနည်းငယ်အတွင်း မသင်္ကာဖွယ်ရာ ဦးနှောက်ရောင်ရမ်းသည့်ရောဂါဖြစ် ပွားမှုများကြောင့် ကလေး ၂၅ ဦးထက် မနည်းသေဆုံးခဲ့ကြောင်း အင်ဒို-အာရှ သတင်းဌာနက ဇွန် ၁၈ရက်တွင် ဖော်ပြသည်။

ဘီဟာပြည်နယ်မူဇာတ်ဖာပါခရိုင်မှရရှိသည့် သတင်းအရ အဆိုပါရောဂါဖြစ်ပွားသူသည် နံနက်ခင်းတွင် အနည်းငယ်ဖျားပြီးနောက် ချက်ချင်းပင်သတိလစ်ကာ မသေဆုံးမီ အကြောဆွဲခဲ့ကြောင်း သတင်းဌာနက ဖော်ပြသည်။

ဆရာဝန်များက ယင်းသို့ဖြစ်ခြင်းမှာ ဦးနှောက်ရောင်ရမ်းသည့်ရောဂါကြောင့် သေဆုံးရခြင်းဖြစ်သည်ဟု အတည်ပြုပြောကြားခဲ့ပြီးနောက် မူဇာတ်ဖာပါခရိုင် စီမံအုပ်ချုပ်ရေးဌာနသည် လူသေစေနိုင်သည့် ယင်းရောဂါပျံ့နှံ့မှုကို သတိထားကြရန် အထူးတလည်ညွှန်ကြား သတိပေးထားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

မြန်မာ့အလင်း နိုင်ငံခြား သတင်းများ

အာဖဂန်၌ တိုက်ပွဲများဖြစ်ပွား အမေရိကန်တပ်ဖွဲ့ဝင်လေးဦးသေဆုံး

ကဘူးလ် ဇွန် ၂၄

အာဖဂန်နစ္စတန်နိုင်ငံတွင် အမေရိကန်တပ်ဖွဲ့ဝင်များနှင့် တာလီဘန်များ တိုက်ခိုက်မှုဖြစ်ပွားခဲ့ခြင်းကြောင့် အမေရိကန်တပ်ဖွဲ့ဝင် လေးဦးသေဆုံးပြီး တစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း အမေရိကန်စစ်ဘက်ဆိုင်ရာက ဇွန် ၂၂ ရက်၌ ပြောကြားသည်။

၂၀၀၁ ခုနှစ်က တာလီဘန်အစိုးရအား ဖြုတ်ချပြီးကတည်းက ဆိုးရွားသော တိုက်ပွဲများကြောင့် ယခုနှစ်တွင် အာဖဂန်နစ္စတန်၌ လူ ၁၀၀၀ကျော်သေဆုံးခဲ့ပြီဖြစ်သည်။

တာလီဘန်များ၏ အဓိကနယ်မြေဖြစ်သော တောင်ပိုင်းရှိ အမေရိကန်ဦးဆောင်သော တပ်ဖွဲ့များထံမှ လုံခြုံရေးတာဝန်များကို နေတိုးအဖွဲ့မှ လွှဲပြောင်းယူရန် စီစဉ်နေစဉ် တိုက်ခိုက်မှုများသည် ပို၍ပြင်းထန်လာခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ

ကန်တပ်ဖွဲ့ဝင်လေးဦး အီရတ်အနောက်ပိုင်း၌ သေဆုံး

ဘဂ္ဂဒက် ဇွန် ၂၄

အီရတ်နိုင်ငံအနောက်ပိုင်း အန်ဘာပြည်နယ်၌ ဇွန် ၂၂ရက်က ပြောက်ကျားတိုက်ခိုက်ရေးသမားနှစ်ဦး၏ တိုက်ခိုက်မှုကြောင့် ကန်တပ်ဖွဲ့ဝင်လေးဦး သေဆုံးသွားကြောင်း အမေရိကန်စစ်ဘက်က ဇွန် ၂၃ရက်၌ ပြောကြားသည်။

အဆိုပါ တပ်ဖွဲ့ဝင်လေးဦးအနက် မရိန်းတပ်ဖွဲ့ဝင်သုံးဦးမှာ ကင်းလှည့်ယာဉ်ဖြင့် ကင်းလှည့်စဉ် ဗုံးထိမှန်ပြီး သေဆုံးခဲ့ရကြောင်း၊ အခြား မရိန်းတပ်ဖွဲ့ဝင်တစ်ဦးမှာ ကင်းလှည့်စဉ် သေနတ်ဖြင့် ချောင်းပစ်ခံရကြောင်း အမေရိကန်စစ်ဘက်၏ ကြေညာချက်တွင် ဖော်ပြသည်။

၂၀၀၃ခုနှစ် မတ်လက အီရတ်နိုင်ငံအား ကျူးကျော်တိုက်ခိုက်ခဲ့ပြီးနောက် အီရတ်၌ သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင်အရေအတွက်မှာ ၂၅၀၅ဦး ရှိသွားပြီဖြစ်ကြောင်း သိရသည်။ **အမ်အင်အေ၊ဆင်ဟွာ**

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

ကမ္ဘာ့အကြီးဆုံး အဝါရောင်စိန်တုံး

ကမ္ဘာ့အကြီးဆုံး အဝါရောင်စိန်တုံးနှင့် ရတနာများ စီခြယ်ထားသော ငှက်ရုပ်လေးတစ်ရုပ်ကို တွေ့ရစဉ်။ (ယာပုံ)

လန်ဒန်မြို့လယ်ရှိ ပြခန်းတစ်ခု၌ ခင်းကျင်းပြသထားသော ကျောက်မျက်ရတနာပြပွဲတစ်ခုတွင် **"စိန်တုံးပေါ်မှကျေးငှက်"**ဟု အမည်ပေးထားသော ကျောက်မျက်ရတနာရုပ်တုတွင် စိန်ပွင့်များ၊ ရွှေများ၊ ရွှေဖြူများနှင့် ပတ္တမြားများ ထည့်သွင်းပြုလုပ်ထားသော ရတနာကျေးငှက်ရုပ်လေးတစ်ကောင်နှင့် အလေးချိန် ၁၂၈ကာရက်ရှိသော အဝါရောင်စိန်တုံးကြီးတစ်ခုကို ပြသထားရာ ၎င်းစိန်တုံးကြီးမှာ ကမ္ဘာ့အကြီးဆုံး အဝါရောင်စိန်တုံးကြီးဖြစ်ကြောင်း သိရသည်။

(အင်တာနက်)

ကျားပေါက်ကလေးကို နို့တိုက်သော ခွေးမကြီး

ကျားပေါက်ကလေး တစ်ကောင်ကို နို့တိုက်နေသော ခွေးမကြီးကို တွေ့ရစဉ်။ (ဝဲပုံ)

တရုတ်နိုင်ငံ အနောက်မြောက်ပိုင်း ရှန်စီပြည်နယ်ရှိ စီအန်မြို့ ပန်းဥယျာဉ်တစ်ခုအတွင်း၌ ခွေးမကြီးတစ်ကောင်က ကျားပေါက်ကလေးတစ်ကောင်ကို နို့ချိုတိုက်ကျွေးကာ ကြည့်ရှုစောင့်ရှောက်လျက်ရှိသည်။ ၎င်းကျားပေါက်ကလေးမှာ ပြီးခဲ့သည့် ဇွန်လက မွေးဖွားခဲ့ခြင်းဖြစ်ပြီး မိခင်ကျားမကြီးမှာ ကျားပေါက်ကလေးကို ဂရုမစိုက်ဘဲပစ်ထားသဖြင့် ခွေးမကြီးက နို့ချိုတိုက်ကျွေး မွေးမြူခဲ့ကြောင်း သိရသည်။

(အင်တာနက်)

နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဉာဏ်ဝင်း ခရိုအေးရှားနိုင်ငံ နိုင်ငံခြားရေးနှင့် ဥရောပပေါင်းစည်းရေးဝန်ကြီးထံ သဝဏ်လွှာပေးပို့

နေပြည်တော် ဇွန် ၂၅

၂၀၀၆ ခုနှစ် ဇွန် ၂၅ရက်တွင် ကျရောက်သည့် ခရိုအေးရှားသမ္မတနိုင်ငံ၏ အမျိုးသားနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံမှ ခရိုအေးရှားသမ္မတနိုင်ငံ နိုင်ငံခြားရေးနှင့် ဥရောပပေါင်းစည်းရေးဝန်ကြီး မစ်(စ်) ကိုလင်ဒါ၊ဂရေဘာ-ကီတာရိုဗစ်(ချ်)ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။ **(သတင်းစဉ်)**

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်းအား ဒေဝူးအင်တာနေရှင်နယ်ကော်ပိုရေးရှင်းဥက္ကဋ္ဌ တွေ့ဆုံ

နေပြည်တော် ဇွန် ၂၄

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်လှထွန်းအား ဒေဝူးအင်တာနေရှင်နယ်ကော်ပိုရေးရှင်းဥက္ကဋ္ဌ Mr.Tae-Yong Lee နှင့် တာဝန်ရှိပုဂ္ဂိုလ်များသည် ဇွန် ၂၂ရက် ညနေပိုင်းက နေပြည်တော်ရှိ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနဝန်ကြီး၏ ဧည့်ခန်းသို့ လာရောက်တွေ့ဆုံနှုတ်ဆက်သည်။ **(အပေါ်ပုံ)**

တက်ရောက်

ထိုသို့တွေ့ဆုံရာတွင် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေနှင့် သက်ဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များလည်း တက်ရောက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့

စတုတ္ထအကြိမ်ညီလာခံ ၂၀၀၆ ခုနှစ်

ဇူလိုင်လ (၁)ရက်မှ (၂)ရက်

ပြည်ထောင်စုခန်းမ၊ ကျိုက္ကဆံကွင်း

ရန်ကုန်မြို့။

ရွှာမပရိယတ္တိစာသင်တိုက်၌ ဝါဆိုသင်္ကန်းကပ်လှူမည်

ရန်ကုန် ဇွန် ၂၄

အင်းစိန်မြို့နယ် ရွှာမပရိယတ္တိစာသင်တိုက်၌ စာချ၊ စာသင်သံဃာတော်အပါး၇၀၀ကျော်တို့အား (၂၇) ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲတွင် တစ်ပါးလျှင် ဒွိစုံသင်္ကန်းတစ်စုံစီဆက်ကပ်လှူဒါန်းမည်ဖြစ်ရာ စီဝိုင်စီသင်္ကန်းတစ်စုံလျှင် ငွေကျပ် ၅၀၀၀ဖြင့် ဖုန်း-၀၁-၆၄၀၀၇၅သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

မိတ္ထီလာခရိုင်ရဲတပ်ဖွဲ့ မိခင်/ကလေးစောင့်ရှောက်ရေးအသင်း ပညာသင်စရိတ်ထောက်ပံ့ငွေပေးအပ်ပွဲ ကျင်းပ

ရန်ကုန် ဇွန် ၂၄

မန္တလေးတိုင်း မိတ္ထီလာခရိုင်ရဲတပ်ဖွဲ့ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းခွဲ ပညာသင်စရိတ်ထောက်ပံ့ငွေပေးအပ်ပွဲ အခမ်းအနားကို မေ ၃၁ရက် နံနက်ပိုင်းက ခရိုင်ရဲတပ်ဖွဲ့ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲတွင် ခရိုင်ရဲတပ်ဖွဲ့မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းခွဲဥက္ကဋ္ဌ ဒေါ်မင်းမင်းထွေးက ပညာသင်ထောက်ပံ့ပေးအပ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး တက္ကသိုလ်၊ ကောလိပ်၊ အထက်တန်း၊ အလယ်တန်းနှင့် မူလတန်းအဆင့် ကျောင်းသား ကျောင်းသူ ၂၃၉ဦးတို့အား ပညာသင်စရိတ်ထောက်ပံ့ငွေနှင့် စာရေးကိရိယာများ၊ ကျောင်းဝတ်စုံများ စုစုပေါင်း တန်ဖိုးငွေကျပ် ၄၄၀၉၀၀ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **(ယာပုံ)** **(ခရိုင် ပြန်/ဆက်)**

မိုးကြိုးလျှပ်စီးကျရောက်နေစဉ် မိုဘိုင်းလ်ဖုန်းပြောဆိုမှုသတိပြု

မိုးကြိုးလျှပ်စီးများ ကျရောက်နေစဉ် အတွင်း မိုဘိုင်းလ်ဖုန်းစကားပြောခြင်းကို ရပ်နားထားရန် လိုအပ်ကြောင်း အင်တာနက်တွင် သတင်းဖော်ပြသည်။

မိုးကြိုးပစ်ခံရနိုင်

မိုးသက်လေပြင်းများကျရောက်စဉ်အတွင်း အခန်းပြင်ပ၌ မိုဘိုင်းလ်ဖုန်းအသုံးပြုခြင်းသည် မိုးကြိုးပစ်ခံရနိုင်ဖွယ်ရှိကြောင်း ယူကေမှဒေါက်တာများက သတိပေးပြောကြားလိုက်သည်။

ဒဏ်ရာရ

ဗြိတိန်နိုင်ငံ၌ ဆယ်ကျော်သက်အရွယ် မိန်းကလေးတစ်ဦး မိုးသက်လေပြင်းကျစဉ် မိုဘိုင်းလ်ဖုန်းပြောဆိုနေမှုကြောင့် မိုးကြိုးအပစ်ခံရပြီး ဒဏ်ရာရရှိခဲ့ခြင်း အပေါ်သုံးသပ်၍ အဆိုပါဒေါက်တာများက ပြောကြားခဲ့သည်ကို ဗြိတိသျှဆေးဂျာနယ်တွင် ဖော်ပြသည်။

မိုဘိုင်းလ်ဖုန်းရှိ သတ္တုပြားသည် လျှပ်စီးတိုက်ရိုက်စီးဝင်နိုင်စွမ်းရှိကြောင်း၊ မိုးသက်လေပြင်းကျရောက်စဉ် လျှပ်စီးဓာတ်အားမှ ယင်းမိုဘိုင်းလ်ဖုန်းသို့ စီးဝင်နိုင်ကြောင်း ၎င်းတို့ကပြောကြားသည်။

အသက်၁၅နှစ်အရွယ်ရှိ မိန်းကလေးငယ်တစ်ဦးသည် လန်ဒန်မြို့ ပန်းခြံတစ်ခု၌ မိုးသက်လေပြင်းကျရောက်စဉ် မိုဘိုင်းလ်ဖုန်းပြောခဲ့သဖြင့် မိုးကြိုးအပစ်ခံရသည်ဟု ဆိုသည်။

ပေါ်ပေါက်ခဲ့ဖူး

ယင်းကဲ့သို့ ဖြစ်ရပ်မျိုး တရုတ်၊ တောင်ကိုရီးယားနှင့် မလေးရှားနိုင်ငံတို့၌လည်း ပေါ်ပေါက်ခဲ့ဖူးကြောင်း အဆိုပါ မိန်းကလေးအား ကုသပေးနေသော ဆရာဝန်များက ပြောကြားသည်။ (ကိုးကား-အင်တာနက်)

ကလေးငယ်များ လသားအရွယ်၌ စနစ်တကျ မကျွေးမွေးလျှင် အသက်အရွယ်ရချိန်တွင် ရောဂါထူပြောနိုင်

ငယ်စဉ်ကာလအချိန်တွင် ကလေးငယ်များအား အစားအစာကျွေးမွေးမှုစနစ်တကျမရှိပါက အသက်အရွယ် ရရှိလာသည့်အခါ ရောဂါဘယထူပြောတတ်ကြောင်း လန်ဒန်ရှိ သုတေသနပညာရှင်များက ပြောကြားလိုက်သည်။

လသားအရွယ် ကလေးငယ်များကို စနစ်တကျလေ့လာမှုပြုခဲ့ရာ အစားအစာတိုက်ကျွေးရာတွင် သတ်မှတ်ထားသော အချိုးအစားများမဟုတ်ဘဲ လျော့နည်းလွန်းခြင်း၊ ပိုများလွန်းခြင်းများဖြစ်ခဲ့ပါက ကလေးငယ်၏ ကိုယ်အရေပြားရောဂါနှင့် ခန္ဓာကိုယ်ရောင်ရမ်းခြင်းများ ဖြစ်တတ်ကြောင်း ၎င်းပညာရှင်များက ပြောကြားသည်။

ငယ်စဉ်အချိန်တွင် နို့မှုန့်တိုက်ကျွေးသောအခါ သတ်မှတ်ထားသည့် အချိုးအစားအတိုင်း မတိုက်ကျွေးခြင်း၊ အာဟာရနှုန်းပါဝင်မှု မမှန်ကန်သော အစားအစာကျွေးမှုများ နေ့စဉ်ဆက်တိုက်ဖြစ်ခဲ့လျှင် အသက်အရွယ် ရရှိလာသောအခါ ကျန်းမာရေးထိခိုက်မှုများ ခံစားရနိုင်ကြောင်း သုတေသနအဖွဲ့ခေါင်းဆောင် ပါမောက္ခ ရိုင်ဒိုမိုရိုက ပြောကြားသည်။

မိဘများအနေဖြင့် ကလေးငယ်များ လသားအရွယ်မှာပင် အသိဉာဏ်ဗဟုသုတရှိသင့်ကြောင်း၊ ကျန်းမာရေးအသိရှိရှိဖြင့် ကျွေးမွေးနိုင်ခဲ့လျှင် အသက်အရွယ်ရရှိလာသောအခါ ရောဂါဖြစ်ပွားမှု လျော့နည်းကျဆင်းမှု ဖြစ်စေနိုင်ကြောင်း ၎င်းက ပြောကြားသည်။ **(ကိုးကား-အင်တာနက်)**

အင်တာနက် သတင်းနှင့် ဓာတ်ပုံများ

ညောင်တုန်းမြို့နယ်အသင်း (ရန်ကုန်) ဝါဆိုသင်္ကန်းကပ်လှူကြမည်

ရန်ကုန် ဇွန် ၂၄

ညောင်တုန်း မြို့နယ်အသင်း (ရန်ကုန်) နာယကများနှင့် အသင်းဝင်များက နဝမအကြိမ် ဝါဆိုသင်္ကန်းကပ်လှူခြင်းကို ဇူလိုင် ၂၂ ရက် (စနေနေ့) မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ ဒဂုံပရိယတ္တိစာသင်တိုက် အမှတ်(၂) စစ်ဆေးရုံအနီး၌ ကျင်းပမည်ဖြစ်သည်။

ညောင်တုန်းမြို့နယ်မှ ရန်ကုန်ရောက် ပဓာနနာယက ဆရာတော်ကြီး ၁၇ ပါးတို့အား ပူဇော်ကြမည်ဖြစ်ပါ၍ အမှုဆောင်များ ကြိုတင်ညှိနှိုင်းခြင်းကို ဇူလိုင်၂ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင် အမှတ်၂၇၅ ပန်းဆိုးတန်းအသင်းတိုက်၌ ကျင်းပမည်ဖြစ်ရာ လှူဒါန်းလိုကြသူများ တက်ရောက်ဆွေးနွေးကြရန်နှင့် လှူဖွယ်ဝတ္ထုပစ္စည်း သင်္ကန်းတို့ကို ဇူလိုင် ၁၇ ရက် (အင်္ဂါနေ့)နောက်ဆုံးထား၍ အသင်းဖုန်း-၃၈၀၁၀၆ သို့ ဆက်သွယ်ပေးပို့ကြပါရန် အမှုဆောင်အဖွဲ့က နှိုးဆော်ထားကြောင်း သိရသည်။ **(က-ပ)**

တန်းဝင်ပန်းချီကားများ ခင်းကျင်းပြသထားသည့် မြိတ်ဝင်းထိန်၏ "ရွှေရတုပန်းချီပြပွဲ" သို့ တစ်ခေါက်

ရန်ကုန် ဇွန် ၂၄

မြန်မာ့ပန်းချီကဏ္ဍသည် အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးလာလျက်ရှိရာ မြန်မာ့ပန်းချီပညာရှင်များ၏ ကြိုးစားအားထုတ်မှုများမှာလည်း အားရဖွယ်ကောင်းအောင် တွေ့မြင်နေရပြီဖြစ်သည်။ တစ်ဦးချင်းအလိုက်၊ အုပ်စုလိုက် ပန်းချီပြပွဲများ အဆက်မပြတ် ခင်းကျင်းပြသမှုများ ပြုလုပ်လာနိုင်ခြင်းမှာ ဂုဏ်ယူဖွယ်ရာပင် ဖြစ်သည်။

ရောက်ရှိလေ့လာ

မြန်မာ့ပန်းချီနယ်ပယ်သို့ အနေအထားအမျိုးမျိုးမှ ပန်းချီဆရာများ ပါဝင်လာလျက်ရှိရာ မြန်မာနိုင်ငံ ရုပ်ပြဇာတ်လမ်းများတွင် နာမည်ကျော် လူကြိုက်များခဲ့သည့် မြိတ်ဝင်းထိန်ကလည်း သူ့ဇနီးဖြစ်သူ ပန်းချီနန်းနှင့်အတူ ပန်းချီပြပွဲ

ထင်းရောင်းသူများ၏ဘဝကို အရောင်များဖြင့် ပိုင်ပိုင်နိုင်နိုင် ရေးဆွဲတင်ပြထားသည့် "ထင်းသည်"ပန်းချီကား။
ဓာတ်ပုံမှတ်တမ်း–တင်စိုး(မြန်မာ့အလင်း)

တစ်ရပ်ကို ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေဂုံတိုင်လမ်း အမှတ် ၃၁၂ ရှိ အနုပညာပန်းချီခန်းမ၌ ဇွန် ၂၃ ရက်မှ ၂၉ ရက်အထိ ခင်းကျင်းပြသထားရာ ပန်းချီပြပွဲသို့ မြန်မာ့အလင်း သတင်းအဖွဲ့ ရောက်ရှိလေ့လာခဲ့ကြသည်။

"ရွှေရတုပန်းချီပြပွဲ"ဟု အမည်ပေးထားသည့် ဆရာမြိတ်ဝင်းထိန်၏ ပန်းချီပြပွဲ၌ ရန်ကုန်ပန်းချီကျောင်းဆင်းတစ်ဦးဖြစ်သူ မြိတ်ဝင်းထိန်နှင့် ပန်းချီနန်းတို့၏ လက်ရာပန်းချီကားများကို တဝကြီး ကြည့်ရှုလေ့လာခဲ့ရသည်။

ထင်းသည်

ဆရာမြိတ်ဝင်းထိန်၏ပထမဆုံး ပန်းချီပြပွဲ၌ ခင်းကျင်းပြသထားသော ပန်းချီကားအားလုံးမှာ တစ်မျိုးစီ အသွင်ဆန်းလျက်ရှိရာ ရှေးဦးစွာ **"ထင်းသည်"**အမည်ရှိ ပန်းချီကားကို လေ့လာမိသည်။

ကျေးလက်မှ ထင်းခုတ်ရောင်းသူများက မြို့တက်ထင်းရောင်းရန်လာနေကြပုံကို ရုပ်ပြလိုင်းမှ လာသူပီပီ ထင်းစည်း၊ လူ၊ နောက်ခံ မြင်ကွင်းများကို တစ်ခုချင်းအလိုက် ပီပီပြင်ပြင် ရေးဆွဲထားရာ ရုပ်ပုံ အသက်ဝင်လှသည်။

အခရိုင်းလစ်နှင့် ရေးဆွဲထားခြင်းဖြစ်ပြီး အစိမ်းရောင်တောအုပ်ကို နောက်ခံထားကာ ထင်းစည်းရွက်လာသူနှင့် ထမ်းလာသူများကို ထိမိသော စုတ်ချက်များဖြင့် ဖော်ကျူးထားပုံမှာ အမြင်အာရုံ ရှင်းလင်းစေသည်။

နေတက်ချိန် အလင်းရောင်က ရုပ်ဝတ္ထုများအပေါ် ကျရောက်လာပုံကို ဆေးပါးပါးချပြီး ဆွဲထားရာ လှုပ်ရှားမှုဟန်ပန်မှာ အတိုင်းသား ပေါ်လွင်နေတော့သည်။

အပူရောင်များများသုံးထားသည့် ပန်းချီနန်း၏ "နွေဦးကံ့ကော်" ပန်းချီကား။ ဓာတ်ပုံမှတ်တမ်း–တင်စိုး(မြန်မာ့အလင်း)

ခြယ်သထား

စိတ်ဝင်စားစရာကောင်းသည့် နောက်ပန်းချီကားတစ်ချပ်မှာ **"သီတာကြောမှာ"**အမည်ရှိ ပန်းချီကားဖြစ်သည်။ မအူပင်မြို့အနီး မြစ်အတွင်း ဘဝဝမ်းရေးအတွက် ကုန်တင်လှေဖြင့် ရှန်းကန်နေရသူများ၏ဘဝကို ဖွင့်လှစ်ပြသထားခြင်းဖြစ်သည်။

မိုးတိမ်ကင်းစ၊ လေငြိမ်စတွင် ရေပြင်အရောင်နှင့် အရိပ်ကျမှုများ၊ တောအုပ်၊ တောင်တန်းပျပျများကို အရောင်ပါးပါးဖြင့် ခြယ်သထားရာ ကုန်တင်လှေနှင့် လူတို့၏သရုပ်သည် အရောင်နှင့်အလင်းတို့ကြောင့် ရုပ်လုံးကြွလာလေသည်။ လိုရင်းကို ထင်းခနဲမြင်အောင်ဖော်ကျူးနိုင်သည်။

တောအုပ်၊ တောင်တန်းတို့၏အလှကို အရောင်ပါးပါးဖြင့် ခြယ်မှုန်းကာ ရေကြောင်းဖြင့် ဝမ်းရေးရှာသူများ၏ဘဝကို ဖော်ကျူးထားသည့် မြိတ်ဝင်းထိန်၏ "သီတာကြောမှာ"ပန်းချီကား။
ဓာတ်ပုံမှတ်တမ်း–တင်စိုး(မြန်မာ့အလင်း)

"မမ္မရိပ်အောက်မှာ" အမည်ရှိပန်းချီကားမှာ ဆရာမြိတ်ဝင်းထိန်လက်ရာမြောက်ပန်းချီကား တစ်ချပ်ဖြစ်သည်။ စာဖြေပြီး ပြန်လာသော သီလရှင်သုံးပါး၏ အနေအထားကို အရောင်ရင့်ရင့် စုတ်ချက်ရဲရဲဖြင့် တင်ပြထားရာ အရောင်ရွေးချယ်မှု၊အရောင်အလျှော့အတင်း လုပ်နိုင်မှုများကြောင့် သီလရှင်များ၏ ပုံရိပ်သည် ထင်းထင်းကြီး ဖြစ်နေတော့သည်။

မမ္မရိပ်အောက်မှာ

အရောင်ရင့်ရင့် စုတ် ချက် ရဲ ရဲ ဖြင့် ရေး ဆွဲ ထား သည့် "မ မ္မ ရိပ် အောက် မှာ" ပန်းချီကားမှာလည်း မြိတ်ဝင်းထိန်၏ လက်ရာပင်ဖြစ်သည်။
ဓာတ်ပုံမှတ်တမ်း–တင်စိုး (မြန်မာ့အလင်း)

အရောင်အား

မြိတ်ဝင်းထိန်၏ **"အတူယှဉ်ကာ"** ပန်းချီကားမှာ စုတ်ချက်ပါးပါးဖြင့် အသော့ရေးဆွဲထားခြင်း ဖြစ်သည်။ အဝါရောင် အုပ်စုမှ အရောင်များကို နေရာတကျ ထည့်သွင်းနိုင်မှုကြောင့် ကိန္နရီအက ကနေသူ နှစ်ဦး၏ ဟန်ပန်သည် အသက်ဝင်လျက်ရှိသည်။ နောက်ခံအပြာရောင်ကို ရုပ်ပုံနောက်ပိုင်း၌ အရောင်ဖျော့ချထားသဖြင့် ကိန္နရီအကသည် ထင်သာမြင်သာ ဖြစ်လာသည်။ အရောင်အားအတက်အကျကို ပိုင်ပိုင်နိုင်နိုင် အသုံးချထားမှုကိုတွေ့ရသည့် ပန်းချီကားတစ်ချပ်ပင်ဖြစ်သည်။

စုတ်ချက်ပါးပါးဖြင့် အသော့ရေးဆွဲထားသော မြိတ်ဝင်းထိန်၏ "အတူယှဉ်တွဲကာ" ပန်းချီကားကို ဤသို့ တွေ့ရသည်။
ဓာတ်ပုံမှတ်တမ်း–တင်စိုး(မြန်မာ့အလင်း)

အလင်းရောင်

တစ်ဖန် စိတ်ဝင်စားစရာ ကောင်းသည့် ပန်းချီကားတစ်ချပ်မှာ **"ရွှေရည်သွန်း"** ပန်းချီကားဖြစ်သည်။ မြိတ်ဝင်းထိန်၏ဇနီး ပန်းချီနန်း၏ လက်ရာဖြစ်ပြီး နေဝင်ချိန် အင်းလေးကန်အတွင်း အိမ်ပြန်လာရသည့် လှေတစ်စင်းကို အလင်းရောင်အားယူကာ ပုံဖော်ထားခြင်းဖြစ်သည်။

အင်းလေးကန် ရေပြင်၏ အမှောင်ရိပ် လွှမ်းနေမှုအပေါ် နေဝင်စ အလင်းရောင် အားပျော့မှုအရှိန်ကို အဝါရောင်ဖျော့ဖျော့ကို အတိအကျ ပေါင်းစပ် ရေးဆွဲထားခြင်းဖြစ်ရာ အံ့သြဖွယ်ကောင်းအောင် သရုပ်ပါလှသည်။ တကယ့်အင်းလေးရေပြင်၊ တကယ့် တောင်တန်း၊ တကယ့်နေဝင်စအချိန်တို့ကို မြင်တွေ့နေရသည့်နှယ်ရှိတော့သည်။

သဘာဝ

နောက်တစ်ကားမှာလည်း ဆရာမ ပန်းချီနန်း၏လက်ရာဖြစ်ပြီး ကံ့ကော် ပန်းတစ်ပွင့်၏ သဘာဝအတိုင်း အမြင်ကို အရောင်များဖြင့် တင်ပြထားခြင်း ဖြစ်သည်။ အပူရောင်များများသုံးပြီး အရွက်၊ အပွင့်နှင့် ပွင့်ဖတ်များကို နေရာတကျ ရေးဆွဲထားနိုင်မှုမှာ တန်းမီလှသည်။

လေ့လာကြည့်ရှုသင့်

ရွှေရတုပန်းချီပြပွဲ၌ ခင်းကျင်းပြသထားသည့် ပန်းချီကားများမှာ တန်းဝင် ပန်းချီကားများချည်းသာဖြစ်ရာ အားလုံးကြည့်ရှု၍ မငြီးနိုင်အောင်ဖြစ်သဖြင့် ဝါသနာရှင်တို့ သွားရောက် လေ့လာကြည့်ရှုသင့်ပါကြောင်း သတင်းစကား ပါးလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

ခံစားတင်ပြသူ – မောင်မောင်မြင့်ဆွေ
ဓာတ်ပုံမှတ်တမ်း – တင်စိုး (မြန်မာ့အလင်း)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များ ခရမ်းချောင်းတံတားပေါ်မှ ဖြတ်သန်းကြည့်ရှုကြပြီး ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

■ **ကျောဖုံးမှ**

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်း၊ ဒုတိယ ဝန်ကြီးများဖြစ်ကြသော ဦးတင့်ဆွေနှင့် ဗိုလ်မှူးချုပ်မြင့်သိန်း၊ တိုင်း၊ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း၊ စစ်မှုထမ်းဟောင်းအဖွဲ့၊ အမျိုးသမီးရေးရာအဖွဲ့၊မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ ကြက်ခြေနီနှင့် အရန်မီးသတ်တပ်ဖွဲ့တို့မှ အသင်းအဖွဲ့ဝင်များ၊ကျောင်းသား ကျောင်းသူများ၊ မင်္ဂလာစည်တော်အဖွဲ့၊ ဘင်ခရာနှင့်ပန်းဖွား အကအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

အထောက်အကူပြု

ရှေးဦးစွာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက အမှာစကားပြောကြားရာတွင် ပေ ၂၂၀ ရှည်သည့် ခရမ်းချောင်း တံတားဖွင့်လှစ်သောနေ့ ဖြစ်သည့်အတွက် ရန်ကုန်တိုင်းအတွက် မင်္ဂလာရှိသောနေ့ဖြစ်ကြောင်း၊ ဤတံတားကြီးပြီးစီးသွားသည့်အတွက် ရန်ကုန်တောင်ပိုင်းခရိုင်၏ ခရမ်းသုံးခွမြို့နယ်များမှ ကျေးရွာများ ဖွံ့ဖြိုး တိုးတက်မှုကို များစွာ အထောက်အကူပြုတော့မည် ဖြစ်ကြောင်း။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစိုးရ လက်ထက်တွင် မြန်မာနိုင်ငံတော် ကြီးကို ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး နိုင်ငံတကာနှင့် ရင်ပေါင်တန်း လိုက်နိုင်စေရန်၊ အမျိုးသား စီးပွားရေးဘဝ ခိုင်မာတောင့်တင်းစေရန်၊ တိုင်းရင်းသားပြည်သူအားလုံး ကြီးပွားချမ်းသာပြီး လူနေမှုအဆင့်အတန်း မြင့်မားစေရန်အတွက် စီမံချက်များ ချမှတ်ဆောင်ရွက်နေကြောင်း၊ ရှေးဦးစွာ နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနကို ဖွင့်လှစ်ပြီး တိုင်းရင်းသား လူမျိုးများနှင့် နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ပြင် ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်(၅)ရပ်ကို ချမှတ်ပြီး ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ကျေးရွာများရေရရှိရေး၊ ကျေးရွာများ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးတို့ကို အလေးထား ဆောင်ရွက် ပေးလျက်ရှိကြောင်း၊ နိုင်ငံတော်အတွင်း ဖွံ့ဖြိုးတိုးတက်မှုများ အကြားအလပ်မကျန်ရှိစေရန်အတွက် အထူးဖွံ့ဖြိုးရေးဒေသကြီး ၂၄ခုကို သတ်မှတ်၍ တစ်နိုင်ငံလုံး ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဤခရမ်းချောင်း တံတားကြီး တည်ဆောက်ပေးခဲ့ခြင်းသည်လည်း လုပ်ငန်းစဉ်များထဲက တစ်ခု အပါအဝင်ဖြစ်ကြောင်း၊ ခရမ်းချောင်း တံတားကြီး ပြီးစီးသွားသည့် အတွက် ဤဒေသမှ ဆန်၊ ပဲအမျိုးမျိုးနှင့် ပင်လယ်ထွက်ငါး၊ပုစွန်များကိုအလွယ်တကူတင်ပို့ရောင်းချနိုင်တော့မည်ဖြစ်၍ အဘက်ဘက်က တိုးတက်လာတော့မည်ဖြစ်ကြောင်း၊ နိုင်ငံတော် အကြီးအကဲက တံတားများ တစ်ရက်စောပြီး လျှင် ပြည်သူလူထုအတွက် တစ်ရက်ပိုပြီး အကျိုးရှိမည်၊ လမ်းပန်း ဆက်သွယ်ရေး ခက်ခဲမှုကြောင့် ဒေသတစ်ခုနှင့်တစ်ခု ရင်းနှီးမှု နည်းပါးရခြင်း၊ ဖွံ့ဖြိုးတိုးတက်မှု ကွာဟခြင်းမဖြစ်စေရန် တံတားများကို တည်ဆောက်နေခြင်းဖြစ်သည်ဟု လမ်းညွှန်ထားသည့်အတိုင်း ဆောက်လုပ်ရေး ဝန်ကြီးဌာနက နေ့မအား ညမနားဘဲ ကြိုးပမ်းဆောင်ရွက်မှုများကိုလည်း အသိအမှတ်ပြုဂုဏ်ပြုရမည် ဖြစ်ကြောင်း။

ဝိုင်းဝန်းထိန်းသိမ်း

နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်ရန်အတွက် ပြည်နယ်၊ တိုင်းများက ကြိုးပမ်းဆောင်ရွက်လျက် ရှိကြရာ စီးပွားရေးကဏ္ဍ၌ ရန်ကုန်တိုင်းသည် အဓိကအခန်းက ပါဝင်နေသည်ကိုလည်း ဂုဏ်ယူကြရမည် ဖြစ်ကြောင်း၊ ရန်ကုန်တိုင်းသည် စီးပွားရေး အဖွံ့ဖြိုး အတိုးတက်ဆုံးတိုင်း တစ်တိုင်းလည်းဖြစ်ကြောင်း၊ နိုင်ငံတော်က ဤတံတားကြီးကို ငွေကုန်ကြေးကျခံ၍ တည်ဆောက်ပေးခဲ့သဖြင့် တည်ဆောက်ခဲ့ကြသော ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ဝန်ထမ်းများ အားလုံးအားကျေးဇူးတင်ရှိပါကြောင်းနှင့် ဤတံတားကြီး ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ဒေသခံ ပြည်သူအားလုံးက ဝိုင်းဝန်း ထိန်းသိမ်းစောင့်ရှောက်ပေးကြပါရန် မေတ္တာရပ်ခံလိုကြောင်းဖြင့် ပြောကြားသည်။

အဓိကကျ

ထို့နောက် ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူးဗိုလ်မှူးချုပ်လှဋ္ဌေးဝင်းက အမှာစကားပြောကြားရာတွင် နိုင်ငံတော်တစ်ဝန်းတွင် လမ်းပန်းဆက်သွယ်မှုတိုးတက်ကောင်းမွန်ရေးကို အလေးထား ဆောင်ရွက်နေသကဲ့သို့ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေး၊ စီးပွားရေး၊ပညာရေး၊ကျန်းမာရေးနှင့်လူနေမှုအဆင့်အတန်းများ တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေးသည် အဓိကကျပြီး အရေးပါကြောင်း။

တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆိုလျှင် ၁၉၈၈ခုနှစ်နောက်ပိုင်း နိုင်ငံတော်က တည်ဆောက်ပေးခဲ့သော ပေ ၁၈၀ နှင့် အထက် တံတားကြီးပေါင်းသည် ယခုဖွင့်လှစ်ပေးသော ခရမ်းချောင်း တံတားကြီး အပါအဝင် စုစုပေါင်း ၂၁၇စင်းတိတိ တည်ဆောက်ဖွင့်လှစ်ပေးခဲ့ပြီး ဖြစ်ကြောင်း။

အဆိုပါ ဖွင့်လှစ်ပြီးသော တံတားများအနက် ရန်ကုန်တိုင်းအတွင်း တည်ဆောက်ဖွင့်လှစ်ပြီးသော တံတားကြီး စုစုပေါင်းမှာ ၂၆စင်းရှိကာ ယခုဖွင့်လှစ်သော ခရမ်းချောင်း တံတားသည် ၂၇စင်းမြောက်ဖြစ်ကြောင်း၊ ဆက်လက်ပြီး ရန်ကုန်တိုင်းအတွင်း တည်ဆောက်လျက်ရှိသော တံတားကြီးနှစ်စင်းမှာ ပဲခူးမြစ်ကို ဖြတ်သန်းဖောက်လုပ်သော အမှတ် (၂) သန်လျင်တံတား၊ငမိုးရိပ်ချောင်းကို ဖြတ်သန်းဖောက်လုပ်သော ကမာကြည် တံတားတို့ကိုလည်း ဆက်လက် တည်ဆောက်ပေးလျက် ရှိကြောင်း၊ ခရမ်းချောင်း တံတားကြီးသည် ပဲခူး–သနပ်ပင်–ခရမ်း–သုံးခွ–သန်လျင် လမ်းမကြီးပေါ်၌ တည်ရှိပြီး ခရမ်းမြို့၏ အဓိကအချက်အချာ လမ်းမကြီးပေါ်၌ တည်ရှိကြောင်း၊ တံတားကြီးဖွင့်လှစ်လိုက်သည့်အတွက် ပဲခူး၊သနပ်ပင်၊ ကဝ စသည့် ပဲခူးတိုင်းရှိ မြို့နယ်များနှင့် ခရမ်း၊သုံးခွ၊သန်လျင် စသည့် ရန်ကုန်တောင်ပိုင်းခရိုင်အတွင်းက မြို့နယ်များကို ဖြတ်သန်းပြီး ရန်ကုန်မြို့အထိ လွယ်ကူချောမွေ့စွာ သွားလာနိုင်ပြီ ဖြစ်ကြောင်း။

အချက်အချာကျ

ခရမ်းမြို့သည် ဆန်စပါး၊ ပဲတီစိမ်း၊ သားငါး စသည့် လယ်ယာစိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများမှ စားကုန်များ အထူးတိုးတက်ထွက်ရှိနေသည့် မြို့နယ်ကြီးတစ်ခုဖြစ်ကြောင်း၊ ခရမ်းမြို့ကို ဗဟိုပြုပြီး ဖားကူး–မောင်းမလမ်းမှတစ်ဆင့် ပဲခူးမြစ်ကမ်းဘက်ကို သွားရောက်နိုင်သကဲ့သို့ အောင်သာဒါန်း–ရေကျော်လမ်းမှမုတ္တမပင်လယ်ဝအထိ သွားရောက်နိုင်သည့် အချက်အချာကျ နေရာဒေသဖြစ်ကြောင်း။

ဤတံတားသစ်ကြီးကြောင့် ခရမ်းမြို့နယ်အတွင်းရှိ ကျေးရွာများမှ လယ်ယာထွက်ကုန် သီးနှံများသည်လည်း အခြားဒေသများကို လွယ်ကူစွာ တင်ပို့နိုင်တော့မည်ဖြစ်သည့်အတွက် ကျေးရွာများ၌ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးဖွံ့ဖြိုးတိုးတက် လာမည် ဖြစ်ကြောင်း။

လျင်မြန်သွက်လက်

ယခုအခါ ခရမ်းမြို့နယ်မှပင်လယ်ပိုင်းဒေသ၏ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်နိုင်တော့မည်ဖြစ်သကဲ့သို့ ဤဒေသ၏ ရေထွက်ကုန်ပစ္စည်းများကို ရန်ကုန်မြို့၏ စီးပွားရေးဈေးကွက်ကြီးများဆီသို့ ကုန်စည်စီးဆင်းမှု လျင်မြန်သွက်လက်လာတော့မည် ဖြစ်ကြောင်း။

ဤဒေသများမှ ထွက်သော ဆန်စပါး၊ ပဲအမျိုးမျိုးနှင့် ရေထွက်ကုန်ပစ္စည်းများသည် ရန်ကုန်မြို့တွင်းသို့ အချိန်တိုအတွင်း တင်ပို့နိုင်မည်ဖြစ်သည့်အတွက် ရန်ကုန်တိုင်းအတွက်ရော နိုင်ငံတော်အတွက်ပါ လွန်စွာ အကျိုးရှိသော တံတားကြီးတစ်စင်း ဖြစ်ကြောင်း။

ခရမ်းချောင်းတံတားကြီး ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းနှင့်အတူ ဒေသအာဏာပိုင်များ၊ ဒေသခံပြည်သူများ အားလုံးက ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်သွားပါဟု မှာကြားလိုကြောင်း။

ပိုမိုကြိုးစား

နိဂုံးချုပ်အားဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ် ငါးရပ်မှ ပထမအချက်ဖြစ်သည့် ကျေးလက်ဒေသ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေးဆိုသည့်အချက်ကို တံတားကြီး တည်ဆောက် ဖွင့်လှစ်ပေးခဲ့ခြင်းဖြင့် လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ပေးခြင်းလည်း ဖြစ်ကြောင်း၊ နိုင်ငံတော် အကြီးအကဲ၏ စေတနာကို ကျေးဇူးတုံ့ပြန်သောအားဖြင့် ဒေသခံပြည်သူများအနေဖြင့် ဒေသအကျိုးနှင့် နိုင်ငံတော်အကျိုးကို မျိုးချစ်စိတ်ဓာတ်၊ နိုင်ငံချစ်စိတ်ဓာတ် အရင်းခံပြီး ပိုမိုကြိုးစား အကောင်အထည်ဖော် ဆောင်ရွက်ကြပါဟု ပြောကြားသည်။

ဆက်လက်၍ ဆောက်လုပ်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်စောထွန်းက အမှာစကားပြောကြားရာတွင် ဤတံတားကြီးကို ၂၀၀၅ခုနှစ် မတ် ၁၆ရက်တွင် စတင်တည်ဆောက်ခဲ့ပြီး လေးလနှင့် အပြီး တည်ဆောက်နိုင်ခဲ့သည့်အတွက် ဩဂုတ်လကတည်းက အသုံးပြုခွင့်ပြုထားပြီးဖြစ်ကြောင်း၊ ဤတံတားကြီးသည် သံကူကွန်ကရစ်လွန်တူးပိုင်အုတ်မြစ်၊ သံကူကွန်ကရစ်အောက်ထည်ပေါ်၌ တည်ဆောက်ထားသည့် သံကူကွန်ကရစ်တံတားအမျိုးအစား ဖြစ်ကြောင်း၊ တံတားအရှည်ပေ ၂၂၀ရှိကြောင်း၊ ယာဉ်သွားလမ်း အကျယ်မှာ ၂၈ပေဖြစ်ပြီး တစ်ဖက်စီတွင် လူသွားလမ်း သုံးပေစီပါ ရှိကြောင်း၊ တံတားအောက် ရေလမ်း ကင်းလွတ်နယ်မြေမှာ အကျယ် ၅၃ပေနှင့်အမြင့် ကိုးပေရှိကြောင်း၊ တံတားကြီး၏ ခွင့်ပြုယာဉ် အလေးချိန်မှာ ယာဉ်တစ်စီးချင်းခွင့်ပြုတန် ၆၀ဖြစ်ကြောင်း။

ထိန်းသိမ်းစောင့်ရှောက်

နိဂုံးချုပ်အနေဖြင့် ပြောကြားလိုသည်မှာ ဤတံတားကြီးကို ယခုကဲ့သို့ အချိန်တိုတိုအတွင်းပြီးစီးအောင် ဝိုင်းဝန်းပံ့ပိုးပေးကြသည့်ဒေသအာဏာပိုင်အဖွဲ့အစည်းများနှင့် ဒေသခံပြည်သူများအား အထူးပင် ကျေးဇူးတင်ရှိကြောင်း၊ ဤတံတားကြီးကို ယခုကဲ့သို့ နိုင်ငံတော်က တည်ဆောက်ပေးသည်ကို တုံ့ပြန်သောအားဖြင့် အသုံးပြုသည့် ပြည်သူလူထုအနေဖြင့်လည်း တံတားကြီး သက်တမ်းပြည့် ရေရှည် အသုံးပြုနိုင်အောင် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ပေးသွားကြပါဟု ပြောကြားသည်။

ယင်းနောက် ဒေသခံပြည်သူများကိုယ်စား ခရမ်းမြို့မှ ဒေသခံပြည်သူ ဦးမြင့်ဦးက ယခုကဲ့သို့ နိုင်ငံတော်က ခရမ်းချောင်းတံတားကို တည်ဆောက်ဖွင့်လှစ်ပေးသည့်အတွက် နိုင်ငံတော်အား ဒေသခံပြည်သူများ၏ ကိုယ်စား အထူးပင် ကျေးဇူးတင်ရှိပါကြောင်းဖြင့် ကျေးဇူးတင်စကား ပြောကြားသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ထို့နောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူးဗိုလ်မှူးချုပ်လှဋ္ဌေးဝင်း၊ ဝန်ကြီး ဗိုလ်ချုပ်စောထွန်းနှင့်အဖွဲ့ဝင်များသည် ခရမ်းချောင်းတံတားထိပ်ရှိ မုခ်ဦးသို့ သွားရောက်ကြပြီး ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေ၊ တိုင်းမှူးဗိုလ်မှူးချုပ်လှဋ္ဌေးဝင်း

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်းနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းတို့ ခရမ်းချောင်းတံတားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

နှင့် ဝန်ကြီး ဗိုလ်ချုပ်စောထွန်းတို့က ခရမ်းချောင်းတံတားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေနှင့် အဖွဲ့ဝင်များသည် တာဝန်ရှိသူများ၊ အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ တံတားထိပ်ရှိ မုခ်ဦးရှေ့၌ စုပေါင်း၍ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

စက်ခလုတ်နှိပ်ဖွင့်

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေနှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများသည် ခရမ်းချောင်းတံတား မော်ကွန်း ကမ္ပည်းကျောက်စာရှေ့၌ နေရာယူကြပြီး ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေက ခရမ်းချောင်းတံတား မော်ကွန်း ကမ္ပည်းကျောက်စာကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးကာ အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးသည်။

ဆက်လက်၍ တိုင်းမှူးဗိုလ်မှူးချုပ်လှဋ္ဌေးဝင်းနှင့် ဝန်ကြီးဗိုလ်ချုပ်စောထွန်းတို့ကလည်း ကမ္ပည်းမော်ကွန်းကျောက်စာကို အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးကြသည်။

ဖြတ်သန်းကြည့်ရှု

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေနှင့် အဖွဲ့ဝင်များ၊ ဧည့်သည်များသည် ခရမ်းချောင်းတံတားကို ဖြတ်သန်းကြည့်ရှုစစ်ဆေးကြပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

အခမ်းအနားအပြီးတွင် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေသည် အခမ်းအနားသို့ တက်ရောက်လာကြသော ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

အဆိုပါ ခရမ်းချောင်းတံတားသည် အရှည်ပေ ၂၂၀ရှိပြီး သံကူကွန်ကရစ်အမျိုးအစားဖြစ်သည်။ တံတားအကျယ်မှာ ၂၈ပေ(နှစ်လမ်းသွား)ဖြစ်ပြီး ဘေးတစ်ဖက်စီတွင် သုံးပေအကျယ်ရှိ လူသွားလမ်းပါရှိသည်။ ခွင့်ပြုယာဉ်အလေးချိန်မှာ တန် ၆၀ဖြစ်ပြီး ရေလမ်းကင်းလွတ်အကျယ်မှာ ၅၃ပေနှင့် ရေလမ်းကင်းလွတ်အမြင့်မှာ ကိုးပေ ဖြစ်သည်။ တံတား တစ်ဖက်စီတွင် လေးဖာလုံစီရှိမြေသားတာပေါင်နှင့်ကတ္တရာ ချဉ်းကပ်လမ်း ရှိသည်။ တံတားကို ၂၀၀၅ခုနှစ် မတ် ၁၆ရက်တွင် စတင်ဆောက်လုပ်ခဲ့ခြင်း ဖြစ်သည်။

(သတင်းစဉ်)

မိုးကုတ် ဝိပဿနာ ခုနစ်ရက်တရားစခန်းပွဲ

ရန်ကုန် ဇွန် ၂၄

ရန်ကုန်တိုင်း တာမွေမြို့နယ် မေတ္တာညွန့်ရပ်ကွက် ဝဏ္ဏသိင်္ဂီလမ်းနှင့် ပင်ရွှေညောင်လမ်းရှိ ဆပ်သွားဖူးကျောင်း မိုးကုတ် ဝိပဿနာ ဓမ္မရိပ်သာအဖွဲ့ခွဲ (၂၇၆)တွင် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ဇူလိုင် ၃ရက်မှ ၉ရက်အထိ မိုးကုတ် ဝိပဿနာ ဓမ္မကထိက ဦးကောဏ္ဍည အရှင်သူမြတ်က ပဋိစ္စသမုပ္ပာဒ်တရား၊ သစ္စာလေးပါး တရားများကို ဟောကြားပြသမည်ဖြစ်သည်။ တရားဝင်လိုကြသော ယောဂီများသည် ဇွန် ၃၀ရက် နောက်ဆုံးထား၍ လူကိုယ်တိုင် လာရောက်၍လည်းကောင်း၊ ဖုန်း–၅၅၉၆၀၄ သို့ လည်းကောင်း ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

ရွှေပြည်တော်သစ်ကြီး မဝေးစေလိုပါ

ချမ်းမြသော်

ပြီးခဲ့တဲ့ ဇွန်လ ၁၇ ရက်နေ့က အမျိုးသားညီလာခံကျင်းပရေးကော်မရှင် အစည်းအဝေး(၄/၂၀၀၆)ကို ကျင်းပခဲ့တာကို သတင်းစာများမှာ ဖတ်ရှုလိုက်ရပါတယ်။ အဲဒီ အစည်းအဝေးဟာ ယခုနှစ်နှစ်ကုန်ပိုင်းလောက် စိုက်ပျိုးရေးလုပ်ငန်းတွေနားပြီး အလုပ်ပါးချိန်မှာ ပြန်လည်ကျင်းပမယ့် အမျိုးသားညီလာခံကြီးအတွက် လိုအပ်တာတွေကြိုတင်ပြင်ဆင်ဖို့ညှိနှိုင်းကြတဲ့ အစည်းအဝေး ဖြစ်ပါတယ်။ အမျိုးသားညီလာခံကြီးကျင်းပမှုအရှိန်ရလာခဲ့တာ ယခုဆိုရင် ၇၀ရာခိုင်နှုန်းကျော်ပြီးစီးပြီမို့ အားလုံးပြီးစီးဖို့ရာမှာ မျှော်ကြည့်ရင် မြင်ရလောက်တဲ့အကွာအဝေးကိုရောက်နေပြီလို့ ဆိုနိုင်ပါတယ်။ တစ်နည်းအားဖြင့်ပြောရရင်တော့ လုပ်ငန်းစဉ်(၇)ရပ်ထဲက အခြေခံအကျဆုံး လုပ်ငန်းစဉ်ဖြစ်တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲအကောင်အထည်ဖော်ရေးဟာ လက်တစ်ကမ်းအလိုမှာ ရှိနေပြီဖြစ်ပါတယ်။ အများမျှော်လင့်တောင့်တတဲ့ ဒီမိုကရေစီနိုင်ငံတော်ကြီး၊ တစ်နည်း ရွှေပြည်တော်ကြီးအလွန်နီးနေပြီလို့ တင်စားပြောနိုင်ပြီလဲ ဖြစ်ပါတယ်။

အဲသလိုအချိန်ကျမှ ပြည်တွင်းက အတိုက်အခံအင်အားစုတွေ၊ ပြည်ပက ဒီမိုကရေစီအမည်တပ်ပြီး နိုင်ငံရေးလုပ်စားနေကြတဲ့ လက်တစ်ဆုပ်စာ လူတစ်စုတွေ၊ ပြီးတော့ အဲဒီရုပ်သေးရုပ်တွေရဲ့ ကြိုးဆွဲဆရာကြီးတွေဟာ အတိုင်အဖောက်ညီညီနဲ့ ဟိုအော်၊ ဒီအော်၊ ဟိုတိုင်၊ ဒီတိုင်၊ ဟိုက အရေးယူပါ၊ ဒီကအရေးယူပါစသဖြင့် လုပ်ဆောင်လာနေကြတာကို တွေ့နေရပါတယ်။ သူတို့ရဲ့ လုပ်ဆောင်ချက်တွေဟာ မြန်မာနိုင်ငံရဲ့ နိုင်ငံရေးဖြစ်ပေါ်တိုးတက်မှု ပကတိအခြေအနေနဲ့ အလွန်ကင်းကွာလျက် ရှိနေပါတယ်။ ဒီမိုကရေစီကိုသွားနေပါတယ်ဆိုတာ သိသိကြီးနဲ့ ဒီမိုကရေစီကို အရယူမှဖြစ်မယ်လို့ ပြောဆိုအော်ဟစ်နေကြပါတယ်။ အချိန်ကိုက် လုပ်ဆောင်နေကြပါတယ်။ ဒါတွေကို သေသေချာချာ လေ့လာကြည့်လိုက်ရင် အဲဒီလုပ်ဆောင်မှုတွေရဲ့ နောက်ကွယ်မှာ အကြောင်းတစ်စုံတစ်ရာတော့ အသေအချာရှိနေပြီလို့ သုံးသပ်နိုင်ပါတယ်။

ဘယ်လိုအကြောင်းတွေများရှိနေမလဲလို့ သိပ်စဉ်းစားစရာတောင်လိုမယ်မထင်ပါ။ သူတို့ဟာ ဒီမိုကရေစီအသွင်ကူးပြောင်းရေး လုပ်ငန်းစဉ်(၇)ရပ် ပြီးမြောက်အောင်မြင်တော့မယ်လို့ တွေ့မြင်ရလေ၊ အသံတွေပိုဆူလေ လုပ်ကြမှာမို့ပါ။ ဘာဖြစ်လို့လဲဆိုတော့ လုပ်ငန်းစဉ် (၇)ရပ်ရဲ့ ကူးပြောင်းမှု ဖြစ်စဉ်ကြီးထဲမှာ သူတို့လိုချင်တဲ့ အဖွဲ့အစည်းမပါ၊ သူတို့တင်ချင်တဲ့ ခေါင်းဆောင်မပါခဲ့တာကြောင့်ပဲ ဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ နိုင်ငံရေးပြောင်းလဲမှု မှတ်တိုင်အသစ်ကြီးကို အားလုံး တပျော်တပါးစိုက်ထူလိုက်ကြချိန်မှာ အဲဒီအဖွဲ့အစည်း၊ အဲဒီခေါင်းဆောင်တွေဟာ ဘေးထွက်နေရတော့မှာ သူတို့သိထားကြလို့ ဖြစ်ပါတယ်။

ဒီနိုင်ငံရေးအသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်ကြီးကို ကကြီးရေကမစခင် ကတည်းက နိုင်ငံတော်အစိုးရဟာ NLDကို လက်ကမ်းခေါ်ခဲ့ပါတယ်။ အစပိုင်းမှာတော့ သူတို့ဟာ အမျိုးသားညီလာခံကြီးကို တက်ရောက်ခဲ့ကြ၊ စိတ်ပါလက်ပါဆွေးနွေးခဲ့ကြလို့ ပြည်သူအားလုံးက ဝမ်းသာကြည်နူးခဲ့ကြပါတယ်။ ဒါပေမယ့် ၁၉၉၅မှာတော့ ပြည်ပရဲ့သွေးထိုးမှုကိုနားယောင်သွားတဲ့ ဒေါ်စုကြည်ရဲ့တစ်ချက်လွှတ်အမိန့်အရ NLDကိုယ်စားလှယ်တွေဟာ အမျိုးသားညီလာခံကြီးကို ကျောခိုင်းခဲ့ကြတာ အားလုံးသိကြပြီး ဖြစ်ပါတယ်။

အဲဒီနောက် အမျိုးသားညီလာခံကြီးကို ယာယီရပ်ဆိုင်းလိုက်ရပြီးတော့ ၂၀၀၄မှာ မူဝါဒလမ်းစဉ်(၇)ရပ်ချမှတ်ပြီး အမျိုးသားညီလာခံကြီး ပြန်ကျင်းပတော့လဲ အစိုးရက NLD ကို ပြန်ဖိတ်ခေါ်ခဲ့ပါတယ်။ NLD ဟာ ပြန်တက်မလိုလိုနဲ့ နောက်ဆုံးတော့ သူတို့လုပ်နေကျ အကျပ်ကိုင်ပုံစံနဲ့ တောင်းဆိုမှုတွေ လုပ်ခဲ့ပါတယ်။ အစိုးရကလဲ အမျိုးသားညီလာခံကြီးကို စုံစုံညီညီတက်စေချင်တဲ့အတွက် တချို့အချက်တွေကိုတောင် လိုက်လျောပေးခဲ့ပါတယ်။ ဒါပေမယ့် စေ့စပ်ညှိနှိုင်းရေးဆိုတဲ့ စကားကို တွင်တွင်သာသုံးတတ်ပြီး စေ့စပ်ညှိနှိုင်းခြင်းဆိုတာ လိုချင်တာအကုန်ရခြင်းမဟုတ်ဘဲ နှစ်ဖက်စလုံးဟာ လိုချင်တာတချို့အတွက် တချို့ကိုပေးဆပ်လိုက်ရတယ်ဆိုတဲ့ သဘောတရားကို သူတို့သဘောပေါက်လက်ခံခဲ့ခြင်း မရှိခဲ့ပါဘူး။ အဲဒါနဲ့ပဲ ဒီမိုကရေစီပန်းတိုင်သို့ ချီရာ လမ်းကြောင်းကြီးကနေ အပြင်ကိုထွက်နေခဲ့ပြန်ပါတယ်။

အခုဆို ခရီးကလဲ ပေါက်ခဲ့ပြီ။ ပန်းတိုင်လဲ နီးသည်ထက်နီးလာပါပြီ။ ဒီလိုအချိန်မျိုးမှာ အသံတွေဆူလာကြတာဟာ သိပ်ရှင်းနေပါတယ်။ သူတို့ ကိုယ်တိုင်ရော၊ သူတို့ရဲ့နောက်ကွယ်က ကြိုးကိုင်ဆရာများကပါ အောင့်သီးအောင့်သက် ဖြစ်လာနေကြတာသာ ဖြစ်ပါတယ်။ အဲဒါကြောင့်လဲ သူတို့အာဏာမရတော့မှာ စိုးရိမ်ပူပန်တဲ့စိတ်နဲ့ ဟိုရမ်းသည်ရမ်း လုပ်လာနေကြတာသာ ဖြစ်ပါတယ်။

ဒီနေရာမှာ ဒီမိုကရေစီနိုင်ငံတော်ဆိုတာဘာလဲလို့ ပြန်မေးခွန်းထုတ်ရပါလိမ့်မယ်။ ဒီမိုကရေစီဆိုတာ ပြည်သူအများက စစ်မှန်ရိုးသားသောဆန္ဒဖြင့် ရွေးကောက်တင်မြှောက်ထားသော ပြည်သူ့ကိုယ်စားလှယ်များက ပြည်သူတို့ကိုယ်စား နိုင်ငံတော်၏ အချုပ်အခြာအာဏာကြီးသုံးရပ်ကို ရယူကျင့်သုံးကာ စီမံခန့်ခွဲတဲ့စနစ် ဖြစ်ပါတယ်။ လမ်းစဉ်(၇)ရပ်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ပြီးတာနဲ့ အဲဒီဥပဒေနဲ့အညီ ရွေးကောက်ပွဲကျင်းပ၊ ရွေးကောက်ပွဲကို နိုင်ငံရေးပါတီကိုယ်စားလှယ်တွေ ဝင်ရောက်ယှဉ်ပြိုင်ကြ၊ အနိုင်ရသူများက အခြေခံဥပဒေနဲ့အညီ ဒီမိုကရေစီအစိုးရသစ် ဖွဲ့စည်းကြမှာဖြစ်တယ်။

လက်ရှိတပ်မတော်အစိုးရက ဒီအတိုင်းလုပ်မယ်၊ ဒီအတိုင်းသွားမယ်လို့ ယတိပြတ်ထားပြီးပါပြီ။ ဒါဟာ ဒီမိုကရေစီပါ။ ပေါ်ထွန်းလာမှာဟာ ဒီမိုကရေစီ နိုင်ငံတော်သစ်ပါ။ အဲဒီတော့ ပြည်တွင်းပြည်ပက အသံကောင်းဟစ်နေကြသူတွေကို မေးချင်တာတစ်ခုရှိပါတယ်။ NLD အာဏာရမှ ဒီမိုကရေစီလို့ ပြောကြမှာလား၊ ဒေါ်စုကြည်ကို ခေါင်းဆောင်တင်မြှောက်မှ မြန်မာပြည်ကြီးဟာ ဒီမိုကရေစီဖြစ်မှာလား။ တပ်မတော်အစိုးရကတော့ ရှင်းရှင်းပြောထားပါတယ်။ ဒီမိုကရေစီကိုသွားမယ်၊ NLDနဲ့ ဒေါ်စုကြည် မပါလဲ သွားမယ်။ NLDနဲ့ ဒေါ်စုကြည်တို့ မပါခဲ့တာကလဲ အစိုးရကနေခဲ့ရမယ်လို့ ညစ်ပတ်ခဲ့တာ မဟုတ်ခဲ့ပါဘူး။ တစ်ခါမက လက်ကမ်းခဲ့ပေမယ့် 'ဟင့်အင်း'လို့ သူတို့ကိုယ်တိုင် ငြင်းခဲ့တာကြောင့်သာ ဖြစ်ပါတယ်။



မျက်မှောက်အခြေအနေကို လေ့လာကြည့်တဲ့အခါ လက်ရှိအစိုးရကို ဖြုတ်ချပြီး ကြိုးကိုင်နိုင်တဲ့ အဖွဲ့အစည်းတွေကို အစိုးရတင်မြှောက်ရေးဇောင်းပေး လုပ်ဆောင်နေကြတာကို တွေ့ကြရပါတယ်။ အဲသလိုလုပ်ကြရာမှာ ဘယ်လို နည်းလမ်းမဆို သူတို့အသုံးပြုကြမယ့် သဘောဆောင်နေပါတယ်။ ပြည်သူတွေ ဆင်းရဲဒုက္ခတွေ့တွေ့၊ တစ်နိုင်ငံလုံး ဆူဆူပူပူဖြစ်ဖြစ်၊ သူတို့လိုချင်သော အခြေအနေရောက်အောင် ရေကုန်ရေခန်း ကြိုးပမ်းလုပ်ဆောင်မယ့်ပုံစံ ပေါက်နေပါတယ်။ သူတို့ဟာ ပြည်တွင်းရောပြည်ပပါ အဖွဲ့အစည်း အမျိုးမျိုးပုံစံနဲ့ ကိုယ့်သဘောနဲ့ကိုယ် လုပ်နေကြသယောင်မြင်နေရပေမယ့် ဒီ့ထက်ပိုပြီး နက်နက်ဝင်ကြည့်ရင်တော့ အဲဒီသူတွေ၊ အဖွဲ့အစည်းတွေရဲ့ နောက်ကွယ်မှာ ကြိုးဆွဲဆရာကြီးတစ်ဦးကိုသာ တွေ့ရမှာဖြစ်ပါတယ်။ အဲဒါကတော့ အများသိတဲ့ ငပွကြီးပဲ ဖြစ်ပါတယ်။

ဘာကြောင့်ဒီလိုပြောရသလဲ။ ငပွကြီးဟာ ဘယ်ဒေသ၊ ဘယ်နိုင်ငံမှာ၊ ဘယ်လိုရုပ်ဖျက်လုပ်ဆောင်ပေမယ့် သူ့ရဲ့ပင်ကိုဗီဇကိုတော့ ဖုံးကွယ်လို့မရခဲ့ပါဘူး။ မြန်မာနိုင်ငံရဲ့ လက်ရှိ နိုင်ငံရေးတင်းမာမှုတွေကို ပုံဖော်နေပုံမှာ ငပွကြီးရဲ့ဗီဇတွေ ဘွားဘွားကြီး တွေ့နေရလို့ပဲဖြစ်ပါတယ်။ ငပွကြီးရဲ့ ဗီဇကို ပြတ်ပြတ်သားသား ဖော်ထုတ်ထားတဲ့ စာအုပ်တစ်အုပ် ရှိပါတယ်။ စာရေးဆရာ William Blum ရဲ့ Killing Hope; U.S. Military and C.I.A °Interventions Since World War II စာအုပ်ပါ။ အင်ဂိုလာ၊ ဘရာဇီး၊ ချီလီ၊ အရှေ့တီမော၊ ကျူးဘား၊ ဂရိ၊ ဂွာတီမာလာ၊ အင်ဒိုနီးရှား၊ ဟောတီအစရှိတဲ့ နိုင်ငံတွေမှာ ငပွကြီး ဝင်ရောက်ကြိုးကိုင်ခဲ့တာတွေ ရေးသားထားပါတယ်။ ငပွကြီးရဲ့ လုပ်ဆောင်ချက်တချို့ကို နမူနာကြည့်ကြရအောင်ပါ။

ဂွာတီမာလာမှာ ဖြစ်ခဲ့တာကိုကြည့်ရင် ငပွကြီးဟာ ဒီမိုကရေစီနည်းကျကျ ရွေးကောက်ခံထားရတဲ့ သမ္မတကိုဖြုတ်ချပြီး ရက်စက်ကြမ်းကြုတ်တဲ့အစိုးရကို တင်ခဲ့ပါတယ်။ အဲဒီတုန်းက သမ္မတဂျက်ကော့အာဘင့်ဇ်ဟာ ၁၉၅၄ မှာ ဒီမိုကရေစီနည်းနဲ့ တင်မြှောက်ခံခဲ့ရသူပါ။ သူ့ကိုငပွကြီးက ကွန်မြူနစ်လို့ ရုပ်လုံးဖော်ခဲ့ပါတယ်။ အာဘင့်ဇ်ဟာ မြေယာပြုပြင်ရေးလုပ်ခဲ့ပါတယ်။ ဆင်းရဲတဲ့ လယ်သမား တစ်သိန်းလောက်ကို မြေယာတွေပေးခဲ့ပါတယ်။ အဲဒီအခါ ယူနိုက်တက်သစ်သီးကုမ္ပဏီအတွက် မြေယာပိုင်ဆိုင်မှုကို ထိခိုက်စေခဲ့ရာမှာ ကုမ္ပဏီက အမေရိကန်အစိုးရကို ဖိအားပြန်ပေးခဲ့ပါတယ်။ လက်ရှိဂွာတီမာလာအစိုးရကို အမေရိကန်အစိုးရက အရေးယူပေးဖို့ ဖြစ်ပါတယ်။ အဲသလိုနဲ့ပဲ ၁၉၅၄ မှာ ငပွကြီးရဲ့ အကူအညီနဲ့ အာဘင့်ဇ်ကိုဖြုတ်ချခဲ့ပြီး စစ်တပ်အစိုးရကို အစားထိုးခဲ့ပါတယ်။ ငပွကြီး အလိုကျအစိုးရဟာ ဂွာတီမာလာကို နှစ်ပေါင်း ၄၀လောက် ကြမ်းကြမ်းတမ်းတမ်း အုပ်ချုပ်သွားခဲ့ပါတယ်။

၁၉၅၇ကစပြီး အင်ဒိုနီးရှားမှာ သမ္မတကြီးဆူကာနိုကို ဖြုတ်ချရေးကိုလဲ ငပွကြီးဟာ ကြိုးကိုင်ခဲ့ပါတယ်။ CIA က သူပုန်တွေကို ဆူကာနို ဖယ်ရှားနိုင်ရေး အင်အားကြီးထွားအောင် လုပ်ပေးခဲ့တာပါ။ ဆူကာနိုဟာ အဲဒီတုန်းက လက်ယာယိမ်းစစ်တပ်နဲ့ အဖွဲ့ဝင်တစ်သန်းရှိတဲ့ အင်အားတောင့်တင်းလှတဲ့ အင်ဒိုနီးရှားကွန်မြူနစ်ပါတီ PKIတို့အကြား ချိန်ခွင်လျှာညှိပေးဖို့ ကြိုးစားခဲ့ပါတယ်။ PKIပါတီဝင်တွေ ရွေးကောက်ပွဲလေးတွေမှာ ဝင်အရွေးမခံအောင်၊ အစိုးရအဖွဲ့မှာ မပါအောင် တားမြစ်ပေးဖို့ကို ဆူကာနိုက ငြင်းပယ်ခဲ့ပါတယ်။ အဲဒီအချက်နဲ့ပဲ ဆူကာနိုဟာ ငပွကြီးရဲ့ပစ်မှတ် ဖြစ်ခဲ့ပြန်ပါတယ်။

ငပွကြီး ကြိုးကိုင်ခြေရှုပ်ခဲ့တာတွေကို ရေးပြရရင် အများကြီးပါ။ Killing Hope မှာ ဖတ်ကြည့်ရင် နိုင်ငံပေါင်းစုံမှာ သူတို့အလိုကျ ရုပ်သေးအစိုးရတင်နိုင်ရေးကိုသာ ဦးတည်လုပ်ဆောင်ခဲ့တာ ထင်ထင်ရှားရှားတွေ့ရပါတယ်။ "တခြားနည်းလမ်းမရှိ"ဆိုတဲ့ စကားအတိုင်း ဖြုတ်ချရေးနည်းလမ်းကိုသာ အစဉ်တစိုက်ကျင့်သုံးနေတာပါ။ ဒီလိုလုပ်ရာမှာ ငပွကြီးဟာ နိုင်ငံခြားသား မမွေးပါဘူး။ လူမျိုးတူ အချင်းချင်းကိုသာ ပြန်သုံးခဲ့တာပါ။ သူတို့ကို အထင်ကြီးသူတွေ၊ သူတို့ပြောသမျှ ခေါင်းညိတ်မယ့် လူတွေကို ငွေကြေး၊ လက်နက်ထောက်ပံ့ခဲ့တာပါ။

မြန်မာနိုင်ငံရဲ့ လက်ရှိအနေအထားမှာ ငပွကြီးဟာ ပိုပြီး ပေါ်ပေါ်ထင်ထင် လှုပ်ရှားလာခဲ့ပါတယ်။ လက်ရှိစစ်အစိုးရပြုတ်ကျရေးဆိုတဲ့ သူတို့ရဲ့ပုံစံဟောင်းကြီးအတိုင်း လုပ်နေတာပဲ ဖြစ်ပါတယ်။ အဲဒါကြောင့် အစိုးရက ဒီမိုကရေစီကိုသွားပါမယ်။ မူဝါဒလမ်းစဉ်(၇)ရပ်နဲ့ တစ်ဆင့်ပြီးတစ်ဆင့် သွားပါမယ်ဆိုတာကို သူတို့လက်မခံနိုင်ကြပါဘူး။ ဒီမိုကရေစီကို တကယ်တန်ဖိုးထားတယ်၊ မြန်မာပြည်သူတွေကို ဒီမိုကရေစီရစေချင်တဲ့ စေတနာအမှန်သာရှိရင် သူတို့ဟာ မူဝါဒလမ်းစဉ်(၇)ရပ်ကို မြန်မြန်ပြီးမြောက်ရေး အားပေးရမှာတောင် ဖြစ်ပါတယ်။ NLD ကို အမျိုးသားညီလာခံတက်စေဖို့ ဒေါ်စုကြည်ကို ဖျောင်းဖျရမှာတောင် ဖြစ်ပါတယ်။

အဲဒါကြောင့် ငြိမ်းချမ်းစွာ တစ်ဆင့်ပြီးတစ်ဆင့် ဖြစ်ပေါ်ပြောင်းလဲနေတဲ့ လက်ရှိနိုင်ငံရေး အသွင်ကူးပြောင်းမှု ဖြစ်စဉ်ကြီးကိုသာ အေးချမ်းသာယာမှုကို မြတ်နိုးတဲ့ ပြည်သူအများက လက်ခံကြိုဆိုကြရမှာ ဖြစ်ပါတယ်။ အဲသလိုမှ မဟုတ်ဘဲ ကြိုးကိုင်ဆရာကြီးတွေအလိုကျသာဖြစ်ခဲ့ရင် နိုင်ငံအဝန်း တည်ငြိမ်အေးချမ်းမှု ပျက်သုဉ်းပြီး ဆူပူအုံကြွမှုတွေကိုသာ မြင်တွေ့နေကြရမှာ ဖြစ်ပါတယ်။ အဲသလိုသာဆိုခဲ့ရင် ဈေးကွက်စီးပွားရေးကြောင့် တိုးတက်ဖွံ့ဖြိုးလာနေတဲ့ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းတွေ အကြီးအကျယ်ဆုံးရှုံးကြရမှာဖြစ်ပါတယ်။ မင်းမဲ့စရိုက် ဆိုးကျိုးမျိုးစုံကို ပြည်သူတွေ ကြုံတွေ့ခံစားကြရမှာဖြစ်ပါတယ်။ ပြည်သူတွေလိုလားတဲ့ ဒီမိုကရေစီ ရွှေပြည်တော်သစ်ကြီးနဲ့လဲ အလှမ်းဝေးနေကြဦးမှာ ဖြစ်ပါတယ်။ ။

မျက်မှောက်အခြေအနေကို လေ့လာကြည့်တဲ့အခါ လက်ရှိအစိုးရကို ဖြုတ်ချပြီး ကြိုးကိုင်နိုင်တဲ့ အဖွဲ့အစည်းတွေကို အစိုးရတင်မြှောက်ရေး ဇောင်းပေး လုပ်ဆောင်နေကြတာကို တွေ့ကြရ။ အဲသလိုလုပ်ကြရာမှာ ဘယ်လို နည်းလမ်းမဆို သူတို့ အသုံးပြုကြမယ့်သဘော ဆောင်နေ။ ပြည်သူတွေ ဆင်းရဲဒုက္ခတွေ့တွေ့၊ တစ်နိုင်ငံလုံး ဆူဆူပူပူဖြစ်ဖြစ်၊ သူတို့လိုချင်သော အခြေအနေရောက်အောင် ရေကုန်ရေခန်းကြိုးပမ်းလုပ်ဆောင်မယ့် ပုံစံပေါက်နေ။ သူတို့ဟာ ပြည်တွင်းရော ပြည်ပပါ အဖွဲ့အစည်း အမျိုးမျိုး ပုံစံနဲ့ ကိုယ့်သဘောနဲ့ကိုယ် လုပ်နေကြသယောင် မြင်နေရပေမယ့် ဒီ့ထက်ပိုပြီး နက်နက်ဝင်ကြည့်ရင်တော့ အဲဒီသူတွေ၊ အဖွဲ့အစည်းတွေရဲ့ နောက်ကွယ်မှာ ကြိုးဆွဲဆရာကြီးတစ်ဦးကိုသာ တွေ့ရမှာဖြစ်။ အဲဒါကတော့ အများသိတဲ့ ငပွကြီးပဲ ဖြစ်ပါတယ်။

မန္တလေး–ဗန်းမော်ကုန်တင်ရေယာဉ်(အမြန်)လမ်းသစ်ဖွင့်ပွဲအခမ်းအနားကျင်းပ ပြည်သူများထံ အချိန်နှင့်တစ်ပြေးညီရောက်ရှိပြီးချိုသာသောဈေးနှုန်းဖြင့်စားသုံးနိုင်ရေး ရေယာဉ်များဖြင့်ကုန်စည်အမြန်ပို့ဆောင်ရေး အထူးတာဝန်တစ်ရပ်အဖြစ် ဆောင်ရွက်နေ

ရန်ကုန် ဇွန် ၂၄

ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်တွင်းရေကြောင်းပို့ဆောင်ရေး သယ်ယူပို့ဆောင်ရေးဌာန (ရောဝတီဌာနခွဲ)၏ မန္တလေး–ဗန်းမော် ကုန်တင်ရေယာဉ်(အမြန်) လမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် မန္တလေးမြို့ရှိ ဂေါဝိန်ဆိပ်ကမ်း၌ ကျင်းပသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးတင့်က သယ်ယူပို့ဆောင်ရေးဌာန (ရောဝတီဌာနခွဲ)၏ မန္တလေး–ဗန်းမော် ကုန်တင်ရေယာဉ် (အမြန်) လမ်းသစ် တိုးချဲ့ပြေးဆွဲခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေက အမှာစကားပြောကြားရာ၌ နိုင်ငံတော် အကြီးအကဲ၏ လမ်းညွှန်ချက်များနှင့်အညီ နိုင်ငံတော်တွင် ကျင့်သုံးနေသည့် ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်ရေး၊ ကုန်စည်စီးဆင်းမှု မှန်ကန်မြန်ဆန်ရေး၊ ကုန်ဈေးနှုန်း တည်ငြိမ်ကျဆင်းရေး တို့ကို အဓိကအထောက်အကူပြုနိုင်မည့် ကုန်တင်ရေယာဉ်(အမြန်)လမ်းသစ်ကို ဇွန်၁၂ရက်တွင် မြစ်ဝကျွန်းပေါ်ဌာနခွဲ၌ ဖွင့်လှစ်ပေးခဲ့ပြီး ယနေ့တွင် ရောဝတီဌာနခွဲ ကုန်တင်ရေယာဉ် (အမြန်)လမ်းသစ်ကို စတင်ပြေးဆွဲသွားမည်ဖြစ်ကြောင်း။

မှတ်တမ်းများအရ ရေယာဉ်များဖြင့် တစ်လတွင် ဆန်တန်၁၀၀၊ ဟင်းချက်ဆီ၁၄၅တန်၊ ဆား ၁၉၆ ဒသမ ၅တန်၊ ကြက်သွန်၃၄၆ဒသမ၂တန်၊ ပဲတီစိမ်း၊ ပဲပုပ်စေ့ ၁၇၉ဒသမ ၇တန်၊ ငရုတ်အိတ်၂ဒသမ၃တန်၊ ဘိလပ်မြေ ၅၅၅ တန်နှင့် သံထည်ပစ္စည်း၁၉၁ ဒသမ၅တန်၊ ကြက်စာ၁၆၇ဒသမ၂ တန်၊ ဖွဲနု၁ဒသမ၆တန်၊ အထွေထွေ လူသုံးကုန်ပစ္စည်း ၁၉၃၈တန်စုစုပေါင်း ၃၈၂၃တန် မန္တလေးမြို့မှ ထွက်ရှိပြီး တစ်လတွင် မြေပဲ၊ မြေထောက်ပဲ၊ စားတော်ပဲ တန် ၁၉၁၀၊ သံနှင့်သံထည် ပစ္စည်း၁၁တန်၊ ဖွဲနု၁၃၂တန်၊ အထွေထွေ လူသုံးကုန်ပစ္စည်း ၁၄၃၁တန် စုစုပေါင်း ၃၄၈၄တန် မန္တလေးသို့ အဝင်ရှိကြောင်းကို သိရကြောင်း၊ ထို့ကြောင့် ရေယာဉ်များဖြင့် ကုန်စည် ပို့ဆောင်ရေးလုပ်ငန်းသည် အရေးပါလျက်ရှိသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ ပြည်တွင်းရေကြောင်း ပို့ဆောင်ရေး ဝန်ထမ်းများအနေဖြင့် လက်တွေ့ဘဝနှင့် ပိုမိုလိုက်လျောညီထွေဖြစ်သော၊ ပိုမိုပြီးလုပ်ငန်းအဆင်ပြေချောမွေ့သော နည်းလမ်းသစ်များ ကြံဆ၍ ကြိုးပမ်းဆောင်ရွက် သွားကြရန်လိုအပ်ကြောင်း၊ မန္တလေးတိုင်းသည် လူဦးရေ၇ဒသမ၆သန်းကျော်နှင့် မြန်မာပြည်အရပ်ရပ်ရှိ စားသုံးသူများလက်သို့ လူသုံးကုန်နှင့် စားသုံးကုန်များ အချိန်နှင့် တစ်ပြေးညီရောက်ရှိပြီး ဈေးနှုန်းသက်သာစွာဖြင့် စားသုံးနိုင်ရေးအတွက် ရေယာဉ်များဖြင့် ကုန်စည်အမြန်ပို့ဆောင်နိုင်ရေးကို အထူးတာဝန်တစ်ရပ်အနေဖြင့် ဆောင်ရွက်နိုင်ရန် နိုင်ငံတော်အကြီးအကဲက လမ်းညွှန်မှုပြုခဲ့ကြောင်း။

အာမခံနိုင်မည်

ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးအနေဖြင့် စက်ရှိ၊စက်မဲ့ ဆိပ်ခံတွဲ စုစုပေါင်း၅၁၆စင်းကို အသုံးပြုပြီး ခရီးလမ်းမိုင်ပေါင်း၇၄၉၃မိုင်တွင် ခရီးလမ်းပေါင်း ၆၂လမ်းပြေးဆွဲပြီး ခရီးသည်နှင့် ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းများကို တစ်နှစ်ထက်တစ်နှစ် တိုးတက်အောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ ဆောင်ရွက်ခြင်းအားဖြင့် ကုန်တင်သူများ၏ အားထားမှုကိုတည်ဆောက်နိုင်ပြီး ဝင်ငွေတိုးတက်ရေးကို အာမခံနိုင်မည် ဖြစ်ကြောင်း။

တိုးချဲ့ပြေးဆွဲ

နိဂုံးချုပ်အားဖြင့် ရောဝတီဌာနခွဲသည်ယခုစတင်ပြေးဆွဲမည့် မန္တလေး–ဗန်းမော် ကုန်တင်ရေယာဉ် (အမြန်) လမ်းများ ပြေးဆွဲမှု အောင်မြင်ရေးအတွက် ပြည်တွင်းရေကြောင်းပို့ဆောင်ရေးဝန်ထမ်းအားလုံးကတတက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်း အကောင်အထည်ဖော် ဆောင်ရွက်ကြရန်နှင့် အခြားဌာနခွဲများတွင်ပါ ယခုကဲ့သို့ ကုန်တင်ရေယာဉ်(အမြန်) လမ်းများ တိုးချဲ့ပြေးဆွဲနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြရန် ပြောကြားသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော် **(အပေါ်ပုံ)**က ယနေ့အချိန်အခါတွင် နိုင်ငံတော် အစိုးရအနေဖြင့် ခေတ်အဆက်ဆက် ဖြတ်သန်းခဲ့ရသော အတွေ့အကြုံများကို သင်ခန်းစာယူပြီး နိုင်ငံတော်ကို ကိုယ့်ခွန်ကိုယ့်အားဖြင့် ကြိုးပမ်းတည်ဆောက်လျက်ရှိကြောင်း။

ယင်းကဲ့သို့ တည်ဆောက်ရာတွင် လက်ငင်း ဖြစ်ပေါ်နေသည့် ကမ္ဘာ့အခြေအနေ အရပ်ရပ်ကို မျက်ခြည်မပြတ် လေ့လာပြီး ကြိုတင်မျှော်တွေးတတ်ရန်နှင့် ခေတ်ကာလနှင့် လျော်ညီစွာ တီထွင်နိုင်စွမ်းရှိရေး၊ ကြိုးစားကြရေးဆိုသော နိုင်ငံတော် အကြီးအကဲ၏ လမ်းညွှန်ချက်ကို အလေးထား လိုက်နာသွားရန်လိုကြောင်း။

ဆိပ်ကမ်းများ ကောင်းမွန်ရေး၊ သန့်ရှင်းသာယာလှပရေးနှင့် ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ရေယာဉ်များ အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရန်အတွက် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးသည်လည်းမရှိမဖြစ်လိုအပ်ကြောင်း။

တိုးတက်အောင်

ရေယာဉ်များဖြင့် ခရီးသည်နှင့် ကုန်စည်ပို့ဆောင်ရေးသည် အထိုက်အလျောက်အချိန်ပေးရသော်လည်း နိုင်ငံတော်၏ ၇၀ရာခိုင်နှုန်းခန့်သော ပြည်သူအများစုသည် ကျေးလက်ဒေသအသီးသီး၌ ရှိနေသည့်အတွက် ရထားလမ်း၊ မော်တော်ကားလမ်းများနှင့် အလှမ်းဝေးနေသေးသော ဒေသများ၌ ရေယာဉ်များကိုပင် အားထားနေရဆဲဖြစ်ပြီး ကုန်စည်ပို့ဆောင်ရာတွင်လည်း တစ်ကြိမ်တည်းကုန်အများစု ပို့ဆောင်နိုင်သည့်အပြင် ကုန်တင်ခနှုန်းထားသက်သာသောကြောင့် ရေကြောင်းဖြင့် သယ်ယူပို့ဆောင်ခြင်းကို တိုးတက်အောင် ဆောင်ရွက်ကြရန် မှာကြားလိုကြောင်း။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်၊ ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်နှင့် တာဝန်ရှိသူများသည် ကုန်တင်ရေယာဉ်(အမြန်) လမ်းသစ် တိုးချဲ့ပြေးဆွဲမည့် ရေယာဉ်ရှိသည့် ရေနယား–၂ ရေယာဉ်ပေါ်သို့ သွားရောက်ကြပြီး ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးတင့်က ဖဲကြိုးဖြတ်၍ ကုန်တင်ရေယာဉ်(အမြန်)လမ်းသစ် ပြေးဆွဲခြင်းနှင့်ဖွင့်ပွဲအခမ်းအနားကို ဖွင့်လှစ်ပေးပြီး တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်၊ ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်နှင့်တာဝန်ရှိသူများသည် ပုံညာကုန်တင်(အမြန်) ရေယာဉ်ပေါ်သို့ တက်ရောက်ကြည့်ရှုကြသည်။ ထို့နောက် တိုင်းမှူးဗိုလ်ချုပ်ခင်ဇော်၊ ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ မန္တလေးမြို့တော်ဝန်ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်နှင့်တာဝန်ရှိသူများသည် စတင်ထွက်ခွာမည့် ပုံညာကုန်တင် (အမြန်) ရေယာဉ်ဖြင့် လိုက်ပါစီးနင်း သွားကြသည့် ခရီးသည်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လသာမြို့နယ်၏ ၂၀၀၆–၂၀၀၇ခုနှစ် နှစ်စဉ်စီမံကိန်း ရည်မှန်းချက် တာဝန်ပေးအပ်ပွဲ အခမ်းအနားကို မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမတွင် ဇွန် ၂၁ရက်က ကျင်းပရာ မြို့နယ် ဥက္ကဋ္ဌ ဦးသိန်းထွန်းက မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် ရပ်ကွက် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများထံ စီမံကိန်းတာဝန်ပေးအပ်လွှာများ ပေးအပ်စဉ်။ (က–ပ)

● ကျော့ဖုံးမှ

– **ပေါ်တူဂီနဲ့ ဟော်လန်ပွဲမှာ ဟော်လန်ကစားပုံ ပိုကြိုက်တယ်။ ပေါ်တူဂီထက်စာရင် ဟော်လန်တို့မြန်နှုန်းမြင့် ကစားနိုင်တယ်။ ပေါ်တူဂီလဲ အားထည့်ကစားတဲ့အသင်းပဲ၊ ခြေရည်တော့သိပ်မကွာဘူး၊ အကြိုက်ကတော့ ဟော်လန်ပါပဲ။**

မျိုးလှိုင်ဝင်း (မြန်မာ့လက်ရွေးစင် ဘောလုံးအသင်းခေါင်းဆောင်ဟောင်း)

– **အင်္ဂလန်နဲ့ အီကွေဒေါပွဲမှာ အင်္ဂလန်ကိုနိုင်စေချင်တယ်။ ရင်းနှီးမှုနဲ့ နီးစပ်မှုအရပြောတာပါ။ အင်္ဂလန်ကစားပုံ အများကြီးတိုးတက်လာတယ်။ အီကွေဒေါကလဲ တောင်အမေရိက အသင်းပီပီမညံ့ဘူး။ ခြေစွာတယ်။ နှစ်သင်းစလုံး ပေါ့ဆဆကစားလို့မရဘူး။ ဒီပွဲအပြတ်ပြောလို့မရပေမယ့် အင်္ဂလန်အသာရနိုင်ပါတယ်။**

– **ပေါ်တူဂီနဲ့ဟော်လန် ပွဲစဉ်ကတော့ နှစ်သင်းစလုံးခြေရည်တူနေတယ်။ ပေါ်တူဂီထက် ဟော်လန်တိုက်စစ်က မြန်တယ်၊ ထိရောက်တယ်။ ပေါ်တူဂီ ကစားတာကောင်းပေမယ့် ရှေ့တန်းက ဟော်လန်လောက် မထိရောက်ဘူး။ ဟော်လန်တို့အနိုင်ရဖို့ ရာနှုန်းများမယ်လို့ထင်တယ်။**

တင်မြင့်အောင် (မြန်မာ့လက်ရွေးစင် ဘောလုံးသမားဟောင်း)

– **အင်္ဂလန်နဲ့အီကွေဒေါပွဲမှာတော့ အင်္ဂလန်ရှေ့တန်းက မငြိမ်ဘူး၊ အလယ်တန်းကောင်းတယ်၊ ဒေးဗစ်ဘက်ခမ်းရဲ့ တိုက်စစ်အစနဲ့ထိုးဖောက်ကစားမှာဆိုတော့ အခြေအနေကောင်းနိုင်ပါတယ်။ အီကွေဒေါက ကစားအားရှိတယ်၊ ကစားပုံမာတယ်။ ဒီနှစ်သင်းပွဲက ပယ်နယ်တီကန်တဲ့အထိရောက်သွားနိုင်တယ်။ နိုင်ခြေက ၅၀၊ ၅၀ ပါပဲ။**

– **ပေါ်တူဂီနဲ့ဟော်လန်ပွဲကတော့ တကယ့်ပွဲကောင်းပဲ။ ဟော်လန်တိုးအားကောင်းတယ်။ အသင်းလိုက်ကစားပုံလဲ ကောင်းတယ်။ ပေါ်တူဂီထက် ဟော်လန်နိုင်ဖို့များတယ်။ ပေါ်တူဂီထက်စာရင်ဟော်လန်တို့က ပိုပြီးအဆုံးသတ်မှန်တယ်။ ဟော်လန်တို့ အသာစီးရသွားနိုင်ပါတယ်။**

(မြန်မာ့အလင်း)

မြန်မာလိဂ်ဖွင့်ပွဲအထိမ်းအမှတ် အထူးဘောလုံးပြိုင်ပွဲ ဘဏ္ဍာ/အခွန်က စွမ်းအင်ကို ဂိုးပြတ်အနိုင်ရရှိ

ရန်ကုန် ဇွန် ၂၄

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်က ကြီးမှူး ကျင်းပသည့် ၂၀၀၆–၂၀၀၇ ဘောလုံးရာသီ မြန်မာလိဂ်ဖွင့်ပွဲအထိမ်းအမှတ် အထူးဘောလုံးပြိုင်ပွဲကို ယနေ့ညနေ ၃ နာရီခွဲက အောင်ဆန်းအားကစားပြိုင်ကွင်း၌ ကျင်းပရာ ဘဏ္ဍာ/အခွန်အသင်းက စွမ်းအင်အသင်းကို လေးဂိုး–တစ်ဂိုးဖြင့်အနိုင်ရရှိသည်။

သွင်းယူ

ဘဏ္ဍာ/အခွန် အသင်းသည် စွမ်းအင်အသင်းကို ပထမပိုင်းတွင် နှစ်ဂိုး–တစ်ဂိုးဖြင့် ဦးဆောင်နိုင်ခဲ့ပြီး ဒုတိယပိုင်းတွင် ဘဏ္ဍာ/အခွန်အသင်းက နှစ်ဂိုးထပ်မံသွင်းယူခဲ့ရာ တတိယဂိုးကို ၅၂မိနစ်တွင် ကျော်သူရကလည်းကောင်း၊ စတုတ္ထဂိုးကို မိနစ် ၇၀တွင် မျိုးလှိုင်ဝင်းကလည်းကောင်း သွင်းယူပေးသည်။

ဆုချီးမြှင့်

ပွဲအပြီးတွင် ဆုပေးပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဘဏ္ဍာရေးမှူး ဦးသန်းဇော်က အကောင်းဆုံးဘောလုံးသမားဆုရရှိသော ကျော်သူရ(ဘဏ္ဍာ/အခွန်)အား ငွေကျပ်တစ်သိန်းပေးအပ်ချီးမြှင့်သည်။ ထို့နောက် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်က စွမ်းအင်အသင်းအား တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေကျပ်ငါးသိန်းပေးအပ်ချီးမြှင့်သည်။ ဆက်လက်၍အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က အနိုင်ရရှိသွားသော ဘဏ္ဍာ/အခွန်အသင်းအား တစ်ဦးချင်း ဆုတံဆိပ်များပေးအပ်ချီးမြှင့်သည်။

ဆုဖလား

ထို့နောက် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်နာယက ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းက အနိုင်ရရှိသွားသော ဘဏ္ဍာ/အခွန်အသင်းအား ငွေကျပ်၁၀သိန်းနှင့် ဆုဖလားပေးအပ်ချီးမြှင့်သည်။

(မြန်မာ့အလင်း)

မြစ်ကြီးနားမြို့ ရွှေဆိုင်လုယက်သူနှစ်ဦးအား မိနစ်ပိုင်းအတွင်းဖမ်းဆီးရမိ

ရန်ကုန် ဇွန် ၂၄

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ ရွှေဆိုင်တစ်ဆိုင်အား ဇွန်၁၈ရက်တွင် ဆိုင်ကယ်တစ်စီးဖြင့် လူနှစ်ဦးက ဝင်ရောက်လုယက်ပြီး ရွှေထည်ပစ္စည်းများ ယူဆောင်ထွက်ပြေးသွားခဲ့သော်လည်း မိနစ်ပိုင်းအတွင်း ပြန်လည်ဖမ်းဆီးရမိခဲ့ကြောင်းသိရသည်။

ယူဆောင်ထွက်ပြေး

ဖြစ်ပွားပုံမှာ မြစ်ကြီးနားမြို့ မင်းရပ် သခင်နက်ဖေလမ်း အမှတ်၇၂ ရှိ သီဂီရွှေဆိုင်သို့ ဇွန်၁၈ရက် နံနက် ၈နာရီကျော်ခန့်တွင် ဆိုင်ကယ်တစ်စီးဖြင့် လူနှစ်ဦးက မျက်နှာတွင်အဝတ်စည်းလျက် ရောက်ရှိလာပြီး ဆိုင်ကောင်တာအား ရဲတင်းဖြင့်ရိုက်ခွဲကာ ရွှေထည်ပစ္စည်းများ လုယူခဲ့ကြောင်း၊ ရွှေဆိုင်ပိုင်ရှင် ဦးအားစိန်(၅၆)နှစ် (ဘ) ဦးနွေဖူးက ပတ်ဝန်းကျင်သို့ အော်ဟစ်အကူအညီတောင်းရာလုယက်သူနှစ်ဦးက ၎င်းအားရဲတင်းဖြင့်ရိုက်ပြီးသေနတ်ဖြင့် ချိန်ရွယ်ခဲ့ကြောင်း၊ ရွှေဆိုင်ပိုင်ရှင်က ပြန်လည်လုံးထွေးသတ်ပုတ်ခဲ့သော်လည်း လုယက်သူနှစ်ဦးက ရွှေထည် ပစ္စည်းမျိုးစုံ ၂၅ကျပ်သားကျော် (တန်ဖိုးငွေကျပ် သိန်း ၁၀၀ ကျော်) အားယူဆောင်ပြီး ထွက်ပြေးသွားခဲ့ကြောင်း။

ဖမ်းဆီးရမိ

ထွက်ပြေးသွားသည့် လုယက်သူများအား မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် ပြည်သူလူထုတို့က လိုက်လံဖမ်းဆီးရာ တရားခံ သူရိန်စိုး(၂၆)နှစ်(ဘ) ဦးစိုးစိုး ရန်ကြီးအောင်ရပ်ကွက် မြစ်ကြီးနားမြို့နေသူအားရဲတင်းတစ်လက်၊ ဓားတစ်လက်ဖြင့် ယင်းနေ့နံနက်၈နာရီ မိနစ်၄၀တွင် လည်းကောင်း၊ တရားခံ စိုးမင်းနိုင်(ခ)ပျားပျောက်စ (၂၂)နှစ် (ဘ) ဦးထွန်းမြင့် ကွက်သစ်ရပ်ကွက် မြစ်ကြီးနားမြို့ နေသူအား ရွှေထည်ပစ္စည်းများ၊ အမ်(၂၀)ပစ္စတိုတစ်လက်၊ ကျည်အိမ်တစ်ခု၊ ကျည်ဆန်နှစ်တောင့်နှင့်ပြုပြင်ထားသည့် အမှတ်(၃၆) ခွင်းဖုံးနှစ်လုံး တို့နှင့်အတူ နံနက်၉နာရီတွင် လည်းကောင်း ဖမ်းဆီးရမိခဲ့သည်။

တရားခံနှစ်ဦးအား ထိရောက်စွာ ပြစ်ဒဏ်ချမှတ်နိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

လျှပ်စစ်ဓာတ်အား အပြည့်အဝ ထုတ်လုပ်ပေးနိုင်ရေး ကြိုးစားလုပ်ကိုင် စက်များကို စနစ်တကျ ကိုင်တွယ်မောင်းနှင်၊ ကြံ့ခိုင်မှုကို ပုံမှန်ပြုလုပ် ကျွမ်းကျင် အင်ဂျင်နီယာမှူးများက မျိုးဆက်သစ်များအား လေ့ကျင့်ပညာပေး

ရန်ကုန် ဇွန် ၂၄

ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်သောင်းအေး၊ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်၊ အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းနှင့် လှိုင်ကော်တပ်နယ်မှူး ဗိုလ်မှူးချုပ်လှမြင့်ရွှေတို့သည် ဒုတိယဝန်ကြီး၊ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများလိုက်ပါလျက် ဇွန် ၁၈ ရက်က ကယားပြည်နယ် လွိုင်ကော်မြို့အနီးရှိ ဒေါတခြားရေလှောင်တမံသို့ ရောက်ရှိကြပြီး ရေထိန်းကန်၌ ရေသိုလှောင်ထားရှိမှုအခြေအနေ၊ ရေယူအဆောက်အအုံနှင့် ရေဂိတ်တံခါးများ၊ ဂိတ်တံခါးအတင်အချ ခလုတ်များနှင့် အမှတ်(၁)ဓာတ်အားပေးစက်ရုံသို့ ရေပို့လွှတ်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။ (အောက်ပုံ)

ဆွေးနွေးမှာကြား

ဆက်လက်၍ တိုင်းမှူး၊ ဝန်ကြီးနှင့်အဖွဲ့သည် ကယားပြည်နယ် လွိုင်ကော်မြို့ရှိ ဘီလူးချောင်း အမှတ် (၁) ဓာတ်အားပေးစက်ရုံ(လောပိတ) သို့ ရောက်ရှိကြပြီး စက်ရုံမှူး ဦးတင်မောင်ဝင်း၊ စက်ရုံမှ တာဝန်ရှိသူများနှင့်အတူ စက်ရုံအတွင်း တာဘိုင် ဂျင်နရေတာများ တပ်ဆင်ထားရှိမှု၊ စက်မောင်းနှင်၍ လျှပ်စစ်ဓာတ်အား ထုတ်လုပ်နေမှု၊ ဓာတ်အားခွဲရုံအတွင်းရှိ ထရန်စဖော်မာများနှင့် ဓာတ်အားလိုင်းများကို ကြည့်ရှုစစ်ဆေးကြပြီး လိုအပ်သည်များကို ဆွေးနွေးမှာကြားသည်။

ဘီလူးချောင်း အမှတ်(၁)ဓာတ်အားပေးစက်ရုံတွင် ၁၄ မဂ္ဂါဝပ် အင်အားရှိ ဓာတ်အားပေးစက်နှစ်လုံး စုစုပေါင်းတပ်ဆင်အင်အား ၂၈မဂ္ဂါဝပ်ဖြင့် နှစ်စဉ်ပျမ်းမျှ လျှပ်စစ်ဓာတ်အား ယူနစ် သန်းပေါင်း ၂၀၀ ခန့် ထုတ်လုပ်၍ ထွက်ရှိလာသော လျှပ်စစ်ဓာတ်အားများကို အမှတ်(၂) ဓာတ်အားပေးစက်ရုံ (လောပိတ)သို့ ပို့လွှတ်ကာ ဓာတ်အား ကွန်ရက်စနစ်သို့ ထည့်သွင်းပြီး တောင်ငူ၊ ရန်ကုန်မြို့သို့ လည်းကောင်း၊ ကလော၊ သာစည်၊ မန္တလေးမြို့များသို့ လည်းကောင်း လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးလျက်ရှိသည်။

ကြည့်ရှုစစ်ဆေး

ထိုမှတစ်ဆင့် တိုင်းမှူး၊ ဝန်ကြီးများနှင့်အဖွဲ့သည် ဘီလူးချောင်း အမှတ်(၂)ဓာတ်အားပေးစက်ရုံသို့ ရောက်ရှိကြပြီး စက်ရုံမှူး ဦးစိုးတင့်၊ စက်ရုံမှ တာဝန်ရှိသူများနှင့်အတူ ဓာတ်အားခွဲရုံဝင်းအတွင်း ကြည့်ရှုစစ်ဆေးကြပြီး စက်ရုံမှ တာဝန်ရှိသူများအား လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးကြသည်။

ထို့နောက် ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းက ဓာတ်အားထိန်းချုပ်ခန်း၌ လောင်ကျွမ်းသွားသော (C.T) ကို ကျွမ်းကျင်စွာဖြင့် အမြန်ဆုံးပြီးစီးအောင် ပြုပြင်နိုင်ခဲ့သော ဝန်ထမ်းများအား ဂုဏ်ပြုလက်ဆောင်များကို ချီးမြှင့်သည်။

ဆက်လက်၍ ဝန်ကြီးက စက်ရုံမှူးများနှင့် စက်ရုံဝန်ထမ်းများအား မိမိတို့တာဝန်ကျရာ ဓာတ်အားပေးစက်ရုံများ၌ လျှပ်စစ်ဓာတ်အားအပြည့်အဝ ထုတ်လုပ်ပေးနိုင်ရေးအတွက် ကြိုးစားလုပ်ကိုင်ဆောင်ရွက်ကြရန်၊ စက်များကို စနစ်တကျ ကိုင်တွယ်မောင်းနှင်ထိန်းသိမ်းကြရန်၊ စက်များ၏ကြံ့ခိုင်မှုကို သတ်မှတ်ချက်အတိုင်း ပုံမှန်ပြုလုပ်ကြရန်၊ စက်ရုံမှူးများနှင့် ကျွမ်းကျင်သော လုပ်သက်ရင့်အင်ဂျင်နီယာမှူးများက မျိုးဆက်သစ်ဝန်ထမ်းများအား လေ့ကျင့်ပညာပေးကြရန် ဆွေးနွေးမှာကြားသည်။

လျှပ်စစ်ဓာတ်အားပို့လွှတ်ဖြန့်ဖြူး

ဘီလူးချောင်း အမှတ်(၂)စက်ရုံတွင် ၂၈မဂ္ဂါဝပ်အင်အားရှိ ဓာတ်အားပေး စက်ခြောက်လုံး စုစုပေါင်းစက်တပ်ဆင်အင်အား ၁၆၈မဂ္ဂါဝပ်မှ နှစ်စဉ် ပျမ်းမျှလျှပ်စစ်ဓာတ်အား ယူနစ်သန်းပေါင်း ၁၂၀၀ထုတ်လုပ်၍ ရရှိသော လျှပ်စစ်ဓာတ်အားများကို တောင်ငူ ဓာတ်အားခွဲရုံ၊ လော်ကားဓာတ်အား ခွဲရုံများမှတစ်ဆင့် ရန်ကုန်မြို့နှင့် ဆက်နွယ်သော ဒေသများ၊ ကလော၊ သာစည်၊ မန္တလေး၊ တောင်ကြီး၊ လွိုင်ကော်၊ မိုးဗြဲ၊ ဖယ်ခုံ၊ ဒီမောဆို၊ ဖရူဆိုနှင့် အခြားမြို့ရွာများကို လျှပ်စစ်ဓာတ်အား ပို့လွှတ်ဖြန့်ဖြူးလျက်ရှိသည်။

ဆက်လက်၍ တိုင်းမှူး၊ ဝန်ကြီးနှင့် အဖွဲ့သည် မိုးဗြဲရေလှောင်ကန်သို့

သွားရောက်၍ ကန်အတွင်း ရေဝင်ရောက်မှု အခြေအနေ၊ ရေဂိတ်တံခါးများနှင့် လောပိတဓာတ်အားပေး စက်ရုံသို့ ရေပို့လွှတ်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ရည်ရွယ်တည်ဆောက်

မိုးဗြဲရေလှောင်ကန်သည် ရှမ်းပြည်နယ်၏တောင်ဘက် မိုးဗြဲဒေသတွင် ဘီလူးချောင်းကို တမံပိတ်၍ ရေလှောင်ကန် တည်ဆောက်ပြီး ဘီလူးချောင်း ဓာတ်အားပေးစက်ရုံ အမှတ်(၁)နှင့် ဓာတ်အားပေးစက်ရုံ အမှတ်(၂)တို့သို့ လျှပ်စစ်ဓာတ်အား စဉ်ဆက်မပြတ် ထုတ်လုပ်နိုင်ရန်အတွက် လိုအပ်သည့်ရေကို ထုတ်လွှတ်ပေးရန်၊ လယ်ဧက ၂၀၀၀ကို စိုက်ပျိုးရေပေးဝေရန် ရည်ရွယ်၍ တည်ဆောက်ထားခြင်းဖြစ်သည်။

ယင်းနောက် တိုင်းမှူး၊ ဝန်ကြီးနှင့်အဖွဲ့သည် ပင်လောင်းမြို့နယ်ရှိ တီကျစ်ကျောက်မီးသွေးသုံး ရေနွေးငွေ့ဓာတ်အားပေးစက်ရုံသို့ ရောက်ရှိကြပြီး စက်ရုံမှူးနှင့်တာဝန်ရှိသူများ၊ ရှမ်းရိုးမနဂါး ကျောက်မီးသွေး တူးဖော်ရေးလုပ်ငန်းမှ တာဝန်ရှိသူများနှင့်အတူ ကျောက်မီးသွေးတူးဖော်ရေးစခန်းလုပ်ငန်းခွင်သို့ သွားရောက်၍ စက်ယန္တရားကြီးများဖြင့် ကျောက်မီးသွေးအပေါ်ယံမြေလွှာဖယ်ရှားခြင်းလုပ်ငန်း၊ ကျောက်မီးသွေး တူးဖော်ခြင်းလုပ်ငန်း၊ တူးဖော်ရရှိသည့် ကျောက်မီးသွေးများစုဆောင်းထားရှိမှုနှင့် ကျောက်မီးသွေး တူးဖော်ရေးစခန်းမှ ဓာတ်အားပေးစက်ရုံသို့ ကျောက်မီးသွေး သယ်ဆောင်ပေးပို့မည့် စက်ခါးပတ်များ တပ်ဆင်ပြီးစီးမှုအခြေအနေနှင့် စက်စမ်းသပ်လည်ပတ်ရန် ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးကြကာ လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးမှာကြားကြသည်။

လှည့်လည်ကြည့်ရှု

ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းနှင့်အဖွဲ့သည် ဇွန် ၁၉ ရက်တွင် ရှမ်းရိုးမနဂါး ကျောက်မီးသွေး တူးဖော်ရေးလုပ်ငန်းစခန်းသို့ ထပ်မံသွားရောက်၍ ကျောက် မီးသွေးများကို အလိုအလျောက် သယ်ယူပို့ဆောင်ပေးသည့် စက်ခါးပတ် စမ်းသပ်မောင်းနှင်ခြင်းနှင့် စက်ခါးပတ် တပ်ဆင်ထားရာ လမ်းတစ်လျှောက်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည်စက်ခါးပတ်စက်ရုံအဝင်နှင့်စက်ရုံရှိကျောက်မီးသွေးသိုလှောင်ရုံ၊ ကျောက်မီးသွေးကြိတ်ဝါးမည့် ဘွိုင်လာများသို့ ကျောက်မီးသွေး ပို့လွှတ်မည့်လုပ်ငန်းအဆင့်ဆင့်နှင့် ဘွိုင်လာများ၊ စက်များ၊ စက်ခလုတ်များကိုလှည့်လည်ကြည့်ရှုစစ်ဆေးပြီး စက်ရုံဝန်ထမ်းများအတွက် ဂုဏ်ပြုလက်ဆောင်များကို ချီးမြှင့်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နိုင်ငံတော်အစိုးရပိုင်မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ် လ၏ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ်(တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့်ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ ဖြစ်သည်။

၂၀၀၆ခုနှစ် ဇွန်လအတွက် နောက်ဆုံးပတ်(တနင်္ဂနွေနေ့)
၂၅–၆–၂၀၀၆ ရက်နေ့

၂၀၀၆ခုနှစ် ဇူလိုင်လအတွက်
၉–၇–၂၀၀၆ ရက်နေ့
နှင့်
၃၀–၇–၂၀၀၆ ရက်နေ့

တိုက်ကျွေး

ဇွန် ၁၃ ရက်က အာဟာရကျွေးမွေးရေး အစီအစဉ်အရ အလှူရှင် Zeal Men Home Decoration မှ ဦးမောင်မောင်ဇေလင်းနှင့် ဇနီး ဒေါ်ခိုင်ဆုသော်တို့က အမက (၆) သာကေတမှ ကျောင်းသားကျောင်းသူများအား ကြက်သားကြာဆံချက်နှင့် အအေးဘူးများ တိုက်ကျွေးစဉ်။ (၂၅၈)

မော်ဒန်အချစ်များဓာတ်ကားသစ်ရုံဝင် ပညာပေးထက် ဖျော်ဖြေရေးဦးစားပေးထား

ရုပ်ရှင်သတင်းထောက်

ရန်ကုန် ဇွန် ၂၄

ကျော်စေ ရုပ်ရှင်ထုတ်လုပ်ရေး၏ တတိယမြောက် ဓာတ်ကားအဖြစ် ရိုက်ကူးထုတ်လုပ်လိုက်သော**မော်ဒန်အချစ်များ** ဓာတ်ကားသစ် ယခုသောကြာပတ်တွင် ရန်ကုန်မြို့ သမ္မတ၊ သွင်နှင့် မင်္ဂလာအဆင့်မြင့် ရုံများတွင် ရုံဝင်လာသည်။ မန္တလေးမြို့တွင် ဝင်းလိုက်နှင့် မြို့မရုံများတွင် လည်းကောင်း၊ တောင်ကြီးမြို့တွင် ဗန္ဓုလရုံနှင့်မြိတ်မြို့တွင် ဂုဏ်ရုံ၌ လည်းကောင်း တစ်ပြိုင်တည်း တင်ဆက်ဖျော်ဖြေလျက် ရှိသည်။

အကြည်တော်၏ဝတ္ထုဓာတ်ညွှန်းကို ဒါရိုက်တာ ညွှန့်မြန်မာ ညီညီအောင်ကရိုက်ကူးပြီး ရန်အောင်၊လွင်မိုး၊ အိန္ဒြာကျော်ဇင်၊ တင့်တင့်ထွန်း၊ မေသဉ္ဇာဦးနှင့် ဝိုင်းစုခိုင်သိန်းတို့ပါဝင်သရုပ်ဆောင်ထားသည်။

မုဆိုးဖိုကုမ္ပဏီပိုင်ရှင်၏ တစ်ဦးတည်းသောသမီး မော်ဒယ်သင်တန်းသူနှင့် အောင်မြင်စပြုနေသော အဆိုတော်လူငယ်လေးတစ်ဦးတို့ တစ်ဦးကိုတစ်ဦး ချစ်မိရာမှ အမြီးအမောက်မတည့် အလွဲလွဲအချော်ချော်ဖြစ်ပြီး နောက်ဆုံး ပျော်ရွှင်ဖွယ် မိသားစုလေးအဖြစ် ဟာသနှောကာ ဓာတ်သိမ်းထားသည်။ **မော်ဒန် အချစ်များ** ဓာတ်ကားမှာ ပညာပေးထက် ဖျော်ဖြေရေးကို ဦးစားပေးရိုက်ကူးထားသော ဟာသဓာတ်မြူးကားဖြစ်သည်။

ရှေ့ဆောင်ရုံတွင် The Legend of Zorro လူစွမ်းကောင်းဓာတ်ကြမ်းကားပြသနေပြီး နေပြည်တော်ရုံတွင် Poseidon ဓာတ်ကား တင်ဆက်ပြသနေသည်။

ကျားတို့၏မာယာမှ ကျော်သူနှင့် ချစ်စနိုးဦး။

မော်ဒန်အချစ်များမှ ဓာတ်ဝင်ခန်းတစ်ခန်း။

ရွှေဂုန်ရုံမြေညီထပ်တွင် အကယ်ဒမီဆုရ အိန္ဒိယဓာတ်ကား Pyaasa ပြသလျက်ရှိပြီး အပေါ်ထပ်တွင် Young Guns II အက်ရှင်ဓာတ်ကား ရုံဝင်လာသည်။ မြို့မရုံတွင် အရှေးကူးမားနှင့် ကာရီရှမားကပူးရ်တို့ ခေါင်းဆောင် ပါဝင်ထားသော Jaanwar ဓာတ်ကား ပြသလျက်ရှိသည်။ ဆုထူးပန်ရုံတွင် ခွေးလိမ္မာ၊ မျောက်လိမ္မာ၊ နွားဆိုးကြီးတို့ပါဝင်ထားသော ကလေးကြိုက် အိန္ဒိယဓာတ်ကား ကာလီမန်မယ်တော်၏ သမီးတော်နှင့် လောဘမုဆိုးများဓာတ်ကား ရုံဝင်လာသည်။

တောင်သမန်သစ္စာ ဓာတ်ကားမှာ ဝဇီရာ (၁)၊ (၂)၊ မင်းရန်အောင်၊ မြရတနာရုံများတွင် ဆက်လက်ပြသလျက်ရှိသည်။ ကျားတို့၏မာယာ အဆင့်မြင့်မြန်မာဗီဒီယိုဓာတ်ကားမှာ စံပြ၊ ရွှေမန်း၊ သီတာရုံများတွင် ဆက်လက်ပြသနေသည်။

(မြန်မာ့အလင်း)

တောင်သမန်သစ္စာမှ ရန်အောင်နှင့် မေသန်းနု။

အင်္ဂလန်ဘင်သံအောက် အီကွေဒေါအသင်းကစားကွက်ပျောက်မှာလား ကြက်သွေးရောင်ပေါ်တူဂီနှင့် လိမ္မော်ရောင်ဟော်လန် နည်းပြချင်းပြိုင်ရမည်

ရန်ကုန် ဇွန် ၂၄

၂၀၀၆ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်များ ပြီးဆုံးသွားပြီဖြစ်ရာ နာမည်ကြီး အသင်းများအားလုံး ဒုတိယအဆင့် ရှုံးထွက်ပွဲစဉ်သို့ တက်ရောက်နိုင်ခဲ့ကြသည်။ ဒုတိယအဆင့် ရှုံးထွက်ပွဲစဉ်များကို ဇွန် ၂၄ရက်မှစတင်၍ ကျင်းပလျက်ရှိရာ ကွာတားဖိုင်နယ် တက်ရောက်နိုင်သောနှစ်သင်း ပေါ်ထွက်လာပြီဖြစ်သည်။ ဇွန် ၂၅ရက်နှင့် ၂၆ ရက်တို့တွင် ဒုတိယအဆင့်ရှုံးထွက်ပွဲစဉ်များအဖြစ် အင်္ဂလန်နှင့် အီကွေဒေါ၊ ပေါ်တူဂီနှင့် ဟော်လန်(နယ်သာလန်)တို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

ရှုံးထွက် ပွဲစဉ်(၃)

ဇွန် ၂၅ရက်**(ယနေ့)** မြန်မာစံတော်ချိန် ည ၉နာရီခွဲတွင် စတုဂတ်မြို့ရှိ Gottlieb Daimler Stadion အားကစားကွင်း၌ အင်္ဂလန်အသင်းနှင့် အီကွေဒေါအသင်းတို့ ယှဉ်ပြိုင်ကစားကြမည် ဖြစ်သည်။ **နာမည်ကြီး အင်္ဂလန်အသင်းနှင့် တောင်အမေရိကတိုက်မှ အီကွေဒေါအသင်းတို့၏ပွဲစဉ်မှာ မြန်မာ့ဘောလုံးဝါသနာအိုးများ အကြိုက်တွေ့မည့် ပွဲကောင်းတစ်ပွဲဖြစ်သည်။ အင်္ဂလန်အသင်းအနိုင်ရမည်ဟု အားလုံးက တညီတညွတ်တည်း ထင်ကြေးပေးနေကြရာ မှန်၊ မမှန်ကို မျက်တောင်မခတ်တမ်း စောင့်ကြည့်ကြရမည်ဖြစ်သည်။**

အင်္ဂလန်အသင်းသည် အုပ်စု (ခ)၌ပါဝင်ခဲ့ပြီး ပါရာဂွေးကို တစ်ဂိုး-ဂိုးမရှိ၊ ထရီနီဒက်ကို နှစ်ဂိုး- ဂိုးမရှိဖြင့် နိုင်ပြီး ဆွီဒင်နှင့်နှစ်ဂိုးစီ သရေကျခဲ့သည်။ သုံးပွဲကစား နှစ်ပွဲနိုင်၊ တစ်ပွဲသရေ ခုနစ်မှတ်ဖြင့် အုပ်စုပထမရရှိပြီး ဒုတိယအဆင့်သို့ တက်လှမ်းလာခြင်းဖြစ်သည်။

အင်္ဂလန်အသင်း၏ လက်ရှိအနေအထားမှာ မိုက်ကယ်အိုဝင် မပါဝင်နိုင်သော်လည်း အကောင်းဆုံး အနေအထားရနေသည်။ အင်္ဂလန် အသင်း၏အလယ်တန်းမှာ ဟာကွက်မရှိဘဲ ဂိုးသွင်းနိုင်စွမ်းလည်းရှိသည်။

အတည်ပြုထုတ်ပြန်

အုပ်စုနောက်ဆုံးပွဲစဉ်အဖြစ် ဆွီဒင်နှင့်ကစားသည့်ပွဲတွင် တိုက်စစ်မှူး မိုက်ကယ်အိုဝင် ဒူးဒဏ်ရာရရှိသွားသဖြင့် ပွဲစပြီး လေးမိနစ်အကြာမှာပင် ကွင်းပြင်သို့ ထမ်းစင်ဖြင့်ထွက်သွားရသည်။ ဆေးစစ်ချက်များအရ အိုဝင်၏ဒဏ်ရာမှာအနည်းဆုံးငါးလခန့် အနားယူရမည်ဖြစ်၍ အင်္ဂလန်အသင်းအတွက် ထိုးနှက်ချက်တစ်ခုဖြစ်သွားသည်။ မိုက်ကယ်အိုဝင်သည် ဒဏ်ရာကြောင့် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ဆက်လက်ကစားနိုင်ခြင်းမရှိတော့၍ အင်္ဂလန်အသင်းမှ နုတ်ထွက်သွားပြီဖြစ်ကြောင်း အင်္ဂလန်ဘောလုံးအဖွဲ့ချုပ်(FA)က အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။ အင်္ဂလန်အသင်းခေါင်းဆောင် ဒေးဗစ်ဘက်ခမ်းက ဒဏ်ရာရရှိသွားသော အိုဝင်ဟားဂရေ့ဗ်(ဘိုင်ယန်မြူးနစ်)က ထိုအခွင့်အရေးအတွက် ဂုဏ်ယူဝမ်းမြောက်လျက်ရှိသည်။

ဆွီဒင်နှင့်ပွဲတွင် အိုဝင်ဒဏ်ရာရရှိခဲ့သလို နောက်တန်းလူ ဖာဒီနန်လည်း ပေါင်ခြံဒဏ်ရာရရှိပြီး ဒုတိယပိုင်း၌ ဆိုးကမ်းဘဲလ်နှင့်လူစားလဲခဲ့ရသည်။ အင်္ဂလန်နည်းပြ အဲရစ်ဆင်က အီကွေဒေါပွဲ၌ ဖာဒီနန်ပါဝင်နိုင်မည်ဟု ယုံကြည်ကြောင်း ပြောကြားခဲ့သည်။ မိမိအတွက် ဖာဒီနန်သည် ဘက်ကင်ဘောင်ဝါ နောက်တစ်ယောက်ဖြစ်သည်ဟုပင် အဲရစ်ဆင်က ထုတ်ဖော်ချီးကျူးခဲ့သည်။ ဖာဒီနန်၏ နောက်တန်းကစားပုံကို ဂျာမနီ ဂန္ထဝင်ကစားသမား ဟောင်းကြီး ဘက်ကင်ဘောင်ဝါနှင့် နှိုင်းယှဉ်ပြီး ချီးကျူးခြင်းဖြစ်သည်။ နောက်ဆုံး သတင်းများအရ အိုဝင်အတွက် မိမိတို့အင်္ဂလန်အသင်းသားများ ကမ္ဘာ့ဖလားပွဲ၌ ဗိုလ်စွဲရန် ကြိုးစားယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

အင်္ဂလန်အသင်းသည် ကမ္ဘာ့ဖလားပွဲမစမီကပင်ရှေ့တန်းတိုက်စစ်မှူး ပြဿနာရှိခဲ့သည်။ ဒဏ်ရာရထားသော တိုက်စစ်မှူးရွန်နေ ပါဝင်ရေးမပါဝင်ရေး မသေချာမရေရာ ဖြစ်ခဲ့ပြီးမှ ဒဏ်ရာပျောက်ကင်း၍ ထရီနီဒက်နှင့်ပွဲတွင် ပါဝင်ကစားနိုင်ခဲ့သည်။ အင်္ဂလန်ရှေ့တန်း၌ တိုက်စစ်မှူးများအဖြစ် အိုဝင်၊ ရွန်နေ၊ ပီတာခရော့ချ်နှင့် ဝေါလ်ကော့တို့ကို ရွေးချယ်ထားရာ အိုဝင် မပါဝင်နိုင်တော့၍ သုံးဦးသာကျန်ရှိသည်။ ပီတာခရော့ချ် နှစ်ဝါထိထား၍ ပွဲပယ်ခံထားရပြီး ပါဝင်နိုင်မည်မဟုတ်ပေ။ နည်းပြအဲရစ်ဆင်အနေဖြင့် ရွန်နေနှင့် ဝေါလ်ကော့တို့ကို ပွဲထုတ် ရဖွယ်ရှိနေသည်။ အသက် ၁၇နှစ် အရွယ်သာရှိသေးသော အာဆင်နယ်အသင်းမှ ဝေါလ်ကော့ကို ရွေးချယ်ခဲ့ခြင်းနှင့်ပတ်သက်၍ နည်းပြ အဲရစ်ဆင်အား ဝေဖန်မှုများရှိခဲ့သည်။ အင်္ဂလန်အသင်းနည်းပြ အဲရစ်ဆင်က ဝေါလ်ကော့သည် အသက် ၁၇နှစ်သာ ရှိသေးသော်လည်း ရွန်နေ၊ ပီတာခရော့ချ်တို့နှင့်အတူ ဦးဆောင်ပါဝင် နိုင်စွမ်းရှိသည်ဟု ယုံကြည်ကြောင်း ပြောကြားခဲ့သည်။

ပူပန်စရာမရှိ

အင်္ဂလန်အသင်း ခေါင်းဆောင် ဒေးဗစ်ဘက်ခမ်းနှင့် ဂျရတ်တို့နှစ်ဦးကြား၌လည်း ဘောလုံးပေးပို့မှုနှင့်ပတ်သက်၍ တစ်ဦးနှင့် တစ်ဦး မကျေမလည်ဖြစ်နေကြသည်။ အင်္ဂလန်အသင်းနည်းပြအဖွဲ့က ယခု အငြင်းပွားမှုမှာ ကြီးမားသောပြဿနာမျိုးမဟုတ်ဘဲ လေ့ကျင့်ရေးကွင်း၌ ဖြစ်လေ့ရှိသည့် ဖြစ်ရပ်မျိုးသာဖြစ်၍ စိုးရိမ်ပူပန်စရာမရှိကြောင်း ပြောကြားခဲ့သည်။ ဆွီဒင်နှင့်ကစားသောပွဲတွင် စတီဗင်ဂျရတ်နေရာ၌ ပထမကစားသမားအဖြစ် ပွဲဦးထွက်ခွင့်ရရှိခဲ့သော မန်ယူကစားသမားများ ဖြစ်ကြသော နောက်တန်းလူ ဖာဒီနန်နှင့် ဂယ်ရီနဗီးလ်တို့ ကြွက်ခိုင်မှု ပြန်လည်ပြည့်ဝလာ၍ အီကွေဒေါနှင့်ပွဲတွင် ပါဝင်ကစားနိုင်မည် ဖြစ်ကြောင်းသိရသည်။

အီကွေဒေါ

အီကွေဒေါအသင်းသည် အုပ်စု(က)၌ ပါဝင်ခဲ့ပြီး ပိုလန်ကို နှစ်ဂိုး-ဂိုးမရှိ၊ ကော့စတာရီကာကို သုံးဂိုး-ဂိုးမရှိဖြင့် နိုင်ပြီး ဂျာမနီကို သုံးဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည်။ သုံးပွဲကစား နှစ်ပွဲနိုင်၊ တစ်ပွဲရှုံး ခြောက်မှတ်ဖြင့် အုပ်စုဒုတိယရရှိပြီး ဒုတိယအဆင့်သို့ တက်ရောက်လာခြင်းဖြစ်သည်။ အုပ်စုနောက်ဆုံးပွဲ၌ ဂျာမနီအသင်းကို သုံးဂိုးပြတ်ရှုံးခဲ့ခြင်းကို ကြည့်၍ အီကွေဒေါ၏ ခြေစွမ်းကို သုံးသပ်ရန် မဖြစ်နိုင်ပေ။ နိုင်နိုင်ရှုံးရှုံး အုပ်စုတက်ရန် သေချာပြီးဖြစ်၍ အိမ်ရှင်အသင်းကို

ဆွီဒင်နှင့် အင်္ဂလန်တို့၏ နှစ်ဂိုးစီသရေကျသော ပွဲအပြီးတွင် အင်္ဂလန်အသင်းမှ စတီဗင်ဂျရတ်နှင့် ဆွီဒင်အသင်းမှလာဆင်တို့ ဤသို့ ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြသည်။ (ဓာတ်ပုံ-အင်တာနက်)

သာမန်မျှသာ တုံ့ပြန်ကစားခဲ့ခြင်းဖြစ်သည်။

အီကွေဒေါအသင်းသည် ပထမဆုံးအကြိမ် ဒုတိယအဆင့် ရှုံးထွက်ပွဲစဉ်သို့ တက်ရောက်နိုင်ခြင်း ဖြစ်ရာ အီကွေဒေါနိုင်ငံသားများ လတ်တလောပြဿနာများကို မေ့ထားပြီး အင်္ဂလန်နှင့်ကစားမည့်ပွဲစဉ် အပေါ်ကိုသာ အာရုံစိုက်လျက်ရှိကြသည်။ အီကွေဒေါအသင်း၏ အားထားရသော ခံစစ်မှူး ဒီလာခရုဇ်က အင်္ဂလန်တိုက်စစ်မှူး ဝိန်းရွန်နေကို ဂိုးသွင်းခွင့်မရအောင် ထိန်းချုပ်ကစားသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ အက်စတွန်ဗီလာအသင်း၌ ကစားနေသော ဒီလာခရုဇ်က ဒုတိယအဆင့် ရှုံးထွက်ပွဲစဉ်၌ အင်္ဂလန်အသင်းနှင့် တွေ့ဆုံရခြင်းအတွက် စိုးရိမ်စိတ်လုံးဝမရှိကြောင်းလည်း ထုတ်ဖော်ပြောကြားခဲ့သည်။ အီကွေဒေါနည်းပြ လူးဝစ်ဆွာရက်ဇ်ကလည်း မိမိအနေဖြင့် ဒုတိယအဆင့်နှင့်ကျေနပ်မည်မဟုတ်ကြောင်း၊ ကွာတားဖိုင်နယ် တက်ရောက်ရန် အင်္ဂလန်ကို အနိုင်ကစားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အင်္ဂလန်မှ အင်္ဂလန်

အင်္ဂလန်အသင်း၏ လက်ရှိကမ္ဘာ့အဆင့် (၁၀)၊ အီကွေဒေါ၏ လက်ရှိကမ္ဘာ့အဆင့်(၃၉)ဖြစ်သည်။ ၁၉၇၀ပြည့်နှစ်က အီကွေဒေါနှင့် အင်္ဂလန်တို့ ခြေစမ်းပွဲယှဉ်ပြိုင်ကစားခဲ့ရာ အင်္ဂလန်က နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ အင်္ဂလန်အသင်းသည် တောင်အမေရိကတိုက်မှအသင်းများနှင့် ဆုံတွေ့လျှင် အနိုင်ရရှိမှုများသည်။ အင်္ဂလန်အသင်း၏ လက်ရှိအနေအထားမှာ မိုက်ကယ်အိုဝင် မပါဝင်နိုင်သော်လည်း အကောင်းဆုံးအနေအထားရနေသည်။ **အင်္ဂလန်အသင်း၏ အလယ်တန်းမှာ ဟာကွက်မရှိဘဲ ဂိုးသွင်းနိုင်စွမ်းလည်းရှိသည်။ အီကွေ ဒေါအသင်း ယခုရင်ဆိုင်ရမည့် အင်္ဂလန်အသင်းမှာ ကော့စတာရီကာ၊ ပိုလန်တို့ကဲ့သို့ သာမန်အသင်းမျိုးမဟုတ်ချေ။ အီကွေဒေါနည်းပြ ဆွာရက်ဇ်က အနိုင်ကစားမည်ဟု မည်သို့ပင် ကြိမ်းဝါးနေစေကာမူ လက်တွေ့ကစားသည့်အခါ ခြေကွာမှန်း သိလာပေလိမ့်မည်။ အင်္ဂလန်အသင်း မနိုင် နိုင်ပါဟုပြောမိလျှင်ပင် ရန်တွေ့ ခံရလောက်သည် အထိ ပရိသတ်က အင်္ဂလန်မှ အင်္ဂလန်ဖြစ်နေသည်။** အင်္ဂလန်၏ ဘင်သံအောက်၌ အီကွေဒေါအသင်းကစားကွက် ပျောက်ဆုံးသွားနိုင်သည်။ အင်္ဂလန်အသင်း နိုင်မည့်ဘက်မှသာ ရဲရဲဝံ့ဝံ့ နေချင်ပါသည်။

ရှုံးထွက် ပွဲစဉ်(၄)

ဇွန်၂၆ရက် **(မနက်ဖြန်)** မြန်မာစံတော်ချိန် နံနက်၁နာရီခွဲတွင် နူရင်ဘတ်မြို့ရှိ Franken-Stadion အားကစားကွင်း၌ ပေါ်တူဂီအသင်းနှင့် ဟော်လန်အသင်းတို့ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ ကိုယ်ပိုင်ကစားဟန်ရှိပြီး ခြေစွမ်းအားဖြင့် မတိမ်းမယိမ်းဖြစ်သည့် ပေါ်တူဂီအသင်းနှင့် ဟော်လန်(နယ်သာလန်)အသင်းတို့ဆုံတွေ့ခြင်းဖြစ်ရာ အနိုင်အရှုံးအဖြေ မှန်းဆရခက်ခဲမည့်ပွဲစဉ်ဖြစ်သည်။

ပေါ်တူဂီအသင်းသည်အုပ်စု(ဃ)၌ ပါဝင်ခဲ့ပြီး အင်ဂိုလာကို တစ်ဂိုး-ဂိုးမရှိ၊ အီရန်ကို နှစ်ဂိုး-ဂိုးမရှိ၊ မက္ကဆီကိုကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ သုံးပွဲကစား သုံးပွဲနိုင် ကိုးမှတ်ဖြင့် အုပ်စုပထမရရှိပြီး ဒုတိယအဆင့်သို့ ခံ့ခံ့ညားညားတက်ရောက်လာခြင်းဖြစ်သည်။ ပေါ်တူဂီအသင်းအတွက် ပေါလက်တာ၊ ဒေကို၊ မန်နစ်ချ်၊ ဆီမာအို(ပယ်နယ်တီ)နှင့် စီရိနယ်ဒို(ပယ်နယ်တီ)တို့က တစ်ဂိုးစီသွင်းယူပေးခဲ့ကြသည်။ အသင်းခေါင်းဆောင်လူးဝစ်ဖီဂိုနှင့် ဒေကိုတို့ အကောင်းဆုံးဆုရရှိထားသည်။ အင်ဂိုလာနှင့်ပွဲတွင် အလယ်တန်းလူ ဒေကို မပါဝင်၍ တိုက်စစ်အားနည်းခဲ့သော်လည်း ဒေကိုပါဝင်လာသည့် အီရန်၊ မက္ကဆီကိုပွဲတို့တွင် တိုက်စစ်အားသိသိသာသာကောင်းလာသည်။ အုပ်စုနောက်ဆုံးပွဲတွင် သရေကျလျှင်ပင် အုပ်စုပထမရရှိမည်ဖြစ်ရာ အမာခံကစားသမားအချို့ကို အနားပေးနိုင်ခဲ့သည်။

ယူရို ၂၀၀၄တွင် အိမ်ရှင်ပေါ်တူဂီက ဟော်လန်ကို နှစ်ဂိုး-တစ်ဂိုး ဖြင့်အနိုင်ရရှိခဲ့သည်။ ပေါ်တူဂီနှင့် ဟော်လန်တို့ ခြေရည်တူအနေအထား ဖြစ်နေရာ နည်းပြဆရာများ၏ အရည်အချင်းက အဓိကကျသောအခန်းကဏ္ဍမှ ပါဝင်နေသည်။

စကိုလာရီ

ပေါ်တူဂီအသင်းနည်းပြ ဘရာဇီးလူမျိုး စကိုလာရီသည် ၂၀၀၂ ကမ္ဘာ့ဖလားပွဲတွင် ဘရာဇီးအသင်းကို ချန်ပီယံဆုဖလားရယူပေးခဲ့ပြီး နည်းဗျူဟာအရာ၌ ဆရာကြီးဖြစ်သည်။ နည်းပြ စကိုလာရီက အင်္ဂလန်နည်းပြရာထူးကို သေချာပေါက်ရယူနိုင်သော်လည်း ပယ်ချခဲ့ပြီး ပေါ်တူဂီအသင်းနှင့်စာချုပ်သက်တမ်းတိုးချုပ်ဆိုထားသည်။ ပေါ်တူဂီအသင်းသည် ဗိုလ်စွဲနိုင်သည်ဟု ရေပန်းစားသည့်အသင်းများထဲတွင် မပါဝင်သော်လည်း တစ်ပွဲထက်တစ်ပွဲ ခြေတက်လာသောအသင်းဖြစ်သည်။ ကစားသမား စုဖွဲ့ပါဝင်မှု အနေအထားကို ကြည့်ပါကလည်း ပြိုင်ဘက်အသင်းတိုင်းကို ကြောက်ရွံ့စိုးထိတ်နေရမည့် အနေအထားမရှိပေ။

ဟော်လန် (နယ်သာလန်) အသင်းသည် အုပ်စု(ဂ)၌ ပါဝင်ခဲ့ပြီး ဆားဘီးယားကို တစ်ဂိုး-ဂိုးမရှိ၊ အိုင်ဗရီကို့စ်ကို နှစ်ဂိုး-တစ်ဂိုးဖြင့် နိုင်ပြီး အာဂျင်တီးနားနှင့် ဂိုးမရှိသရေကျခဲ့သည်။ သုံးပွဲကစားနှစ်ပွဲနိုင်၊ တစ်ပွဲသရေ ခုနစ်မှတ်ဖြင့် အုပ်စု ဒုတိယရရှိခဲ့သည်။ အာဂျင်တီးနားအသင်းနှင့် ဟော်လန်အသင်း ခုနစ်မှတ်စီတူညီနေသော်လည်း ဂိုးကွာခြားချက်အရ အုပ်စုဒုတိယဖြင့် ဒုတိယအဆင့်သို့ တက်လှမ်းလာခြင်း ဖြစ်သည်။ ဟော်လန်အသင်းအတွက် ရော်ဘင်၊ နစ္စတယ်ရွိုင်းနှင့် ဗန်ပါစီတို့ တစ်ဂိုးစီသွင်းယူထားကြပြီး ရော်ဘင်အကောင်းဆုံးဆု နှစ်ကြိမ်ရရှိထားသည်။ အုပ်စုနောက်ဆုံးပွဲတွင် နိုင်နိုင်ရှုံးရှုံး အုပ်စုတက်မည်ဖြစ်ရာ အမာခံကစားသမားများကို အနားပေးနိုင်ခဲ့သည်။ ဟော်လန်အသင်း၏ အသင်းခေါင်းဆောင် ဂိုးသမားဗန်ဒါဆာက အာဂျင်တီးနားနှင့် ဂိုးမရှိသရေကျပြီး အုပ်စုပထမနေရာ မရခဲ့ခြင်းအတွက် မကျေမနပ်ဖြစ်မိကြောင်း ပြောကြားခဲ့သည်။

မာကိုဗင်ဘက်စတန်

ဟော်လန်အသင်းနည်းပြ မာကိုဗင်ဘက်စတန်သည် ဟော်လန်လက်ရွေးစင် ကစားသမားဘဝက အလွန်အောင်မြင်ကျော်ကြားခဲ့သူ ဖြစ်သည်။ ဟော်လန်နည်းပြ ဗင်ဘက်စတန်က ရှေ့တန်း၌ ဗန်ပါစီနှင့် နစ္စတယ်ရွိုင်းအစား ဗန်ပါစီနှင့် ကူရစ်အတွဲကို ပို၍သဘောကျနေရာ နစ္စတယ်ရွိုင်း တာထွက်အသင်း၌ ပါဝင်ရန်ပင် မသေချာသည့်အနေအထားဖြစ်နေသည်။ မန်ယူအသင်းမှ တိုက်စစ်မှူး နစ္စတယ်ရွိုင်းက ပေါ်တူဂီအသင်းမှ မန်ယူကစားဖော် စီရိနယ်ဒိုနှင့် ပြဿနာများရှိနေသည်ဟု သတင်းများထွက်ပေါ်နေခြင်းကို ငြင်းခဲ့သည်။ ဟော်လန်နည်းပြ ဗင်ဘက်စတန်က ပေါ်တူဂီနှင့်ပွဲတွင် ပုံမှန်ပွဲကစားချိန်အတွင်း အနိုင်အရှုံး မပေါ်ဘဲ ပယ်နယ်တီဖြင့် ဆုံးဖြတ်ရခြင်းမျိုး ဖြစ်ပေါ်လာနိုင်သည်ကို တွက်ဆထားပုံရပြီး ပယ်နယ်တီလေ့ကျင့်မှုများ ပြုလုပ်လျက်ရှိကြောင်းသိရသည်။

ပေါ်တူဂီအသင်း၏ လက်ရှိကမ္ဘာ့အဆင့်(၇)၊ ဟော်လန်အသင်း၏လက်ရှိ ကမ္ဘာ့အဆင့်(၃)ဖြစ်သည်။ ပေါ်တူဂီနှင့်ဟော်လန်တို့ ကိုးကြိမ်ဆုံတွေ့ခဲ့ဖူးရာ ပေါ်တူဂီက ငါးပွဲနိုင်၊ ဟော်လန်က တစ်ပွဲနိုင်၊ သုံးပွဲသရေကျခဲ့သည်။ ယူရို ၂၀၀၄တွင် အိမ်ရှင်ပေါ်တူဂီက ဟော်လန်ကို နှစ်ဂိုး-တစ်ဂိုးဖြင့်အနိုင်ရရှိခဲ့သည်။ ပေါ်တူဂီနှင့် ဟော်လန်တို့ ခြေရည်တူအနေအထားဖြစ်နေရာ နည်းပြဆရာများ၏ အရည်အချင်းက အဓိကကျသောအခန်းကဏ္ဍမှပါဝင်နေသည်။ **ပေါ်တူဂီနည်းပြ စကိုလာရီက အသက် ၅၇နှစ်၊ ဟော်လန်နည်းပြ ဗင်ဘက်စတန်က အသက် ၄၂နှစ်ဖြစ်သည်။ အသက်အရွယ်ကွာခြားသလို နည်းပြအတွေ့အကြုံနှင့် နည်းဗျူဟာကျွမ်းကျင်မှုအပိုင်း၌လည်းကွာခြားသည်။**

ရေထိုးဆားခတ်

ပေါ်တူဂီနည်းပြ စကိုလာရီက ပွဲအခြေအနေပေါ်မူတည်၍ ရေထိုးဆားခတ်လုပ်တတ်သူဖြစ်သည်။ ဟော်လန်နည်းပြ ဗင်ဘက်စတန်က လူငယ်နည်းပြပီပီ လူငယ်များကို အမာခံထားအားကိုးသူဖြစ်သည်။ ဟော်လန်ရှေ့တန်း၌ ရော်ဘင်ပါနေ၍ ပိုကြိုက်သည်။ သို့သော် အလယ်တန်းနှင့် နောက်တန်း၌ ပေါ်တူဂီက ပိုအားကောင်းသည်။ နည်းပြစကိုလာရီ၏ နည်းဗျူဟာကျွမ်းကျင်မှုကို ထည့်ပေါင်းသောအခါ ပေါ်တူဂီကို အကြိုက်ပိုမိသည်။ ပုံမှန်ပွဲကစားချိန်မိနစ် ၉၀၌ အဖြေမထွက်ဘဲ အချိန်ပို၊ ပယ်နယ်တီအထိ ခရီးဆက်ရသည့်ပွဲဖြစ်လာနိုင်သည်။ မည်သို့ပင်ဖြစ်စေ ပေါ်တူဂီအသင်းအနိုင်ရပြီး ကွာတားဖိုင်နယ်သို့ တက်ရောက်သွားမည်ထင်ပါကြောင်း ပွဲကြိုအဖြစ် သုံးသပ်ဖော်ပြလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

သုံးသပ်ရေးသားသူ - ကိုထွေး

၂၀၀၆ ဂျာမနီကမ္ဘာ့ဖလား
၂၀၀၆ ဂျာမနီကမ္ဘာ့ဖလား ၂၀၀၆ ဂျာမနီကမ္ဘာ့ဖလား ၂၀၀၆ ဂျာမနီကမ္ဘာ့ဖလား ၂၀၀၆ ဂျာမနီကမ္ဘာ့ဖလား ၂၀၀၆ ဂျာမနီကမ္ဘာ့ဖလား

ပြင်သစ်က တိုဂိုကိုနိုင်ပြီး နောက်တစ်ဆင့်တက်လှမ်း ဆွစ်ဇာလန်နှင့်ယူကရိန်း ဒုတိယအဆင့်တွင်တွေ့ကြပြီ

တင်ပြသူ မြင့်မောင်စိုး

ဘာလင် ဇွန် ၂၄

ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ အုပ်စုနောက်ဆုံးပွဲစဉ်များကို ဇွန် ၂၃ရက် ညပိုင်းက ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ကြရာ အုပ်စု(ဆ)မှ ပြင်သစ်အသင်းက တိုဂိုအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့်လည်းကောင်း၊ ယင်းအုပ်စုမှ ဆွစ်ဇာလန်အသင်းက တောင်ကိုရီးယားအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် လည်းကောင်း အသီးသီးအနိုင်ရပြီး ဒုတိယ ၁၆ သင်း ပြိုင်ပွဲသို့ တက်ရောက်နိုင်ခဲ့သည်။

အလားတူအုပ်စု(ဇ)မှစပိန်အသင်းက ဆော်ဒီအာရေဗျ အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် လည်းကောင်း၊ ယင်းအုပ်စုမှ ယူကရိန်းအသင်းက တူနီးရှားအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့်လည်းကောင်း အသီးသီးအနိုင်ရပြီး ဒုတိယဆင့် ရှုံးထွက်ပြိုင်ပွဲသို့ တက်ရောက်လာသည်။

ဂိုးမဝင်ခဲ့

ဆွစ်ဇာလန်အသင်းနှင့် တောင်ကိုရီးယားအသင်းတို့ ယှဉ်ပြိုင်ကစားရာတွင် ဆွစ်ဇာလန်အသင်းက နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သဖြင့် ဒုတိယဆင့်ပွဲစဉ်ကို ဟန်နိုဗာမြို့၌ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ ပွဲချိန် ၂၃ မိနစ်တွင် ယာကင်ဖြတ်ပို့သော ဘောလုံးကို ဆန်ဒရို့စ် ခေါင်းတိုက်သွင်းယူခဲ့ရာ ဆွစ်ဇာလန်တို့ ဖွင့်ဆော်ဦးဂိုးစတင်ရရှိသွားသည်။ ဆွစ်ဇာလန်အသင်းအတွက် ဒုတိယမြောက်ဂိုးအဖြစ် အလက်စန္ဒားဖရိုင်းက သွင်းမပေးမီ တောင်ကိုရီးယားမှ ချိုင်းဂျင်ချူနှင့် လီချန်ဆူးတို့ အနီးကပ်ဂိုးသွင်းခွင့်များရခဲ့သော်လည်း ဂိုးမဝင်ခဲ့ပေ။

ဆွစ်ဇာလန်အသင်းသည် အုပ်စုဗိုလ်ဖြင့်တက်လာပြီး ဇွန် ၂၇ရက်တွင် ယူကရိန်းအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ ဆွစ်ဇာလန်အသင်းသည် ကမ္ဘာ့ဖလား အုပ်စုပြိုင်ပွဲများတွင် ပထမဆုံးအကြိမ် အုပ်စုဗိုလ်ဖြင့် အောင်နိုင်ခဲ့ခြင်းဖြစ်သည်။ ၂၀၀၂ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတွင် အိမ်ရှင်တောင်ကိုရီးယားအသင်း အကြိုဗိုလ်လုပွဲ တက်ရောက်နိုင်ခဲ့သော်လည်း ယခုနှစ်ကမ္ဘာ့ဖလားတွင် အုပ်စုပြိုင်ပွဲမှ ထွက်ခဲ့ရပြီဖြစ်သည်။ ယင်းဆွစ်ဇာလန်နှင့် တောင်ကိုရီးယားတို့ ပွဲစဉ် အကောင်းဆုံး ဘောလုံးသမားဆုကို ဆွစ်ဇာလန်မှ အလက်ဇန္ဒားဖရိုင်းက ဆွတ်ခူးနိုင်ခဲ့သည်။

ပြင်သစ်အသင်းနှင့် တိုဂိုအသင်းတို့ ယှဉ်ပြိုင်ကစားရာတွင် ပက်ထရစ်ဗီအာရာနှင့်သီယာရီအွန်နရီတို့ကတစ်ဂိုးစီသွင်းပေးခဲ့ကြပြီး ပြင်သစ်အသင်းကို နောက်ဆုံး ၁၆သင်းပြိုင်ပွဲသို့ ပို့ပေးနိုင်ခဲ့သည်။ သို့ရာတွင် ပြင်သစ်အသင်းသည် တိုဂိုအသင်း၏ခံစစ်အားကောင်းနေမှုကြောင့် ပထမပိုင်းတွင် ဂိုးမသွင်းနိုင်ဘဲရှိသည်။ သို့ရာတွင် ဗီအာရာသည် အသက်၃၀ပြည့် မွေးနေ့လက်ဆောင်အဖြစ် ပွဲချိန် ၅၅မိနစ်တွင် ဂိုးဧရိယာအတွင်းမှ သွင်းယူနိုင်ခဲ့သည်။ ၎င်းသွင်းပြီး ခြောက်မိနစ်အကြာတွင် အွန်နရီက ပြင်သစ်အသင်းအတွက် ဒုတိယမြောက်ဂိုး သွင်းပေးခဲ့သည်။ ပြင်သစ်အသင်းသည် ဇွန် ၂၈ ရက်တွင် စပိန်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ပြင်သစ်အသင်းအတွက် ဒုတိယမြောက်ဂိုးကို အွန်နရီက ဤသို့သွင်းယူခဲ့သည်။ (ဓာတ်ပုံ-အင်တာနက်)

ပြင်သစ်အသင်းသည်တိုဂိုအသင်းက ပွဲအစတွင် ခံစစ်အားကောင်းနေမှုကြောင့် ပြိုင်ပွဲမှထွက်ရမည့် အနေအထားသို့ ရောက်ရှိခဲ့သည်။

အဆုံးသတ်နိုင်ခဲ့

သို့သော်လည်းအဆုံးတွင်ပြင်သစ်တို့ အလွယ်တကူ အနိုင်ရခဲ့သည်။ ပြင်သစ်နည်းပြ မွန်ဒိုမီနစ်ချ်၏ ကစားသမားများသည် အစောပိုင်းတွင် ဆွစ်ဇာလန်နှင့် တောင်ကိုရီးယားအသင်းတို့ပွဲထက် တိုဂိုအသင်းက ကြံ့ကြံ့ခံကစားနေမှုကြောင့် အခက်အခဲဖြစ်စေခဲ့သည်။ ပြင်သစ်အသင်းသည် ၁၉၈၈ခုနှစ်က ဘရာဇီးအသင်းကို သုံးဂိုး-ဂိုးမရှိဖြင့်နိုင်ပြီး ဗိုလ်စွဲခဲ့ပြီးနောက် ပထမဆုံးအကြိမ်ကမ္ဘာ့ဖလားတွင် အုပ်စုအဆင့်ကို အောင်နိုင်ခဲ့ခြင်းဖြစ်သည်။ တစ်နည်းအားဖြင့် ပြင်သစ်အသင်းသည် ငါးပွဲဆက်တိုက် သရေကျခြင်းကို အဆုံးသတ်နိုင်ခဲ့ခြင်းဖြစ်သည်။ ။

ယူကရိန်းတိုက်စစ်မှူး ရီဘရော့ဗ်နှင့် တူနီးရှားကစားသမားတို့ ဤသို့ အကြိတ်အနယ် ဘောလုံးယှဉ်လုခဲ့ကြသည်။ (ဓာတ်ပုံ-အင်တာနက်)

ဒုတိယအဆင့် ရှုံးထွက်ပြိုင်ပွဲများ

ပွဲစဉ်	ရက်စွဲ	အချိန်
အင်္ဂလန်နှင့် အီကွေဒေါ	ဇွန် ၂၅ ရက်	ည ၉ နာရီခွဲ
ပေါ်တူဂီနှင့် နယ်သာလန်	ဇွန် ၂၆ ရက်	နံနက် ၁ နာရီခွဲ
အီတလီနှင့် ဩစတြေးလျ	ဇွန် ၂၆ ရက်	ည ၉ နာရီခွဲ
ဆွစ်ဇာလန်နှင့် ယူကရိန်း	ဇွန် ၂၇ ရက်	နံနက် ၁ နာရီခွဲ
ဘရာဇီးနှင့် ဂါနာ	ဇွန် ၂၇ ရက်	ည ၉ နာရီခွဲ
စပိန်နှင့် ပြင်သစ်	ဇွန် ၂၈ ရက်	နံနက် ၁ နာရီခွဲ

(အင်တာနက်)

ကမ္ဘာ့ဖလား သတင်းဂယက်

ကမ္ဘာ့ဖလားပြိုင်ပွဲ နောက်ဆုံးထူးခြားသတင်းများ

ဘာလင် ဇွန်၂၄

ကမ္ဘာ့ဖလား ဘောလုံးပွဲစဉ်များကို ဂျာမနီနိုင်ငံတွင် ဆက်လက်ကျင်းပလျက်ရှိရာ ယနေ့ကစားကြမည့် ကမ္ဘာ့ဖလားရှုံးထွက်ပွဲစဉ်များနှင့် ပတ်သက်သော နောက်ဆုံး သတင်းများကို စုစည်းဖော်ပြလိုက်ပါသည်။

အဲရစ်ဆင်က ဒေးဗစ်ဘက်ခမ်းကို သတိပေးပြီ

အင်္ဂလန်အသင်းအတွက် အကျိုးဖြစ်ထွန်းမှုကို ထိထိရောက်ရောက်မပြုလုပ်ပေးနိုင်လျှင် အင်္ဂလန်အသင်းခေါင်းဆောင်အဖြစ်မှ ဖယ်ရှားခံရမည်ဖြစ်ကြောင်း နည်းပြ အဲရစ်ဆင်က ဒေးဗစ်ဘက်ခမ်းအား ပြတ်သားစွာ သတိပေးလိုက်သည်။

ဒေးဗစ်ဘက်ခမ်းအား ပွဲတိုင်းထည့်မကစားကြောင်း၊ ယင်းကို မိမိသိကြောင်း ယနေ့ပွဲ အရေးကြီးကြောင်း ကစားပုံမကြိုက်လျှင် မိမိအားမနာနိုင်ကြောင်း အဲရစ်ဆင်က ပြောကြားလိုက်သည်။

ဒေးဗစ်ဘက်ခမ်း၏ ယခင်ပွဲစဉ်များ ကစားခဲ့ပုံကို အားမလိုအားမရဖြစ်နေသော အဲရစ်ဆင်က ဘက်ခမ်းယခုထက် ပိုမိုအားထုတ်ကစားရန်လိုလားနေသည်။

သမိုင်းရလဒ်ယနေ့ပွဲ၌ ပြောင်းပြန်လှန်မည်

အင်္ဂလန်နှင့် အီကွေဒေါနှစ်သင်းသည် ၁၉၇၀ပြည့်နှစ်က ဆုံတွေ့ခဲ့ဖူးရာ အီကွေဒေါတို့ နှစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ရသည့် သမိုင်းရလဒ်ကို ယနေ့ပွဲ၌ ပြောင်းပြန်လှန်ပစ်မည်ဟု အီကွေဒေါနည်းပြ လူးဝစ်ဆွာရက်စ်က ပြောကြားလိုက်သည်။

အင်္ဂလန်အသင်းကို အနိုင်ရရှိရေး အိပ်မက်ကို ယနေ့ပွဲ၌ အကောင်အထည်ဖော်ခွင့်ရပြီဖြစ်ရာ အီကွေဒေါကစားသမားများ ကစားအား တစ်ချိန်လုံးတင်ပြီး အနိုင်ရရှိရေး တစ်ခုတည်းကိုသာ ဦးတည်ကစားရန် သူ့ကစားသမားများအား လူးဝစ်ဆွာရက်စ်က တိုက်တွန်းအားပေးထားသည်။

အိုဝင်နေရာ ကာရစ်ဖြင့် အစားထိုးဖွယ်ရှိ

ဒူးဒဏ်ရာ ထပ်မံရရှိပြီး ကမ္ဘာ့ဖလားပွဲစဉ်များနှင့် လွဲခဲ့ရပြီဖြစ်သော မိုက်ကယ်အိုဝင်နေရာကို နည်းပြ အဲရစ်ဆင်က ကာရစ်ဖြင့် အစားထိုးမည်ဖြစ်ကြောင်း အရိပ်အမြွက်ပြောကြားသည်။

အဲရစ်ဆင်သည် ယနေ့ပွဲ၌ ၄-၅-၁ပုံစံဖြင့် ကစားဖွယ်ရှိနေရာ ရွန်နေကို တိုက်စစ်မြား ဦးတင်ထားမည်ဖြစ်သည်။ မိုက်ကယ်အိုဝင်နေရာအတွက် လောလောဆယ်တွင် ကာရစ်နှင့် ကစားရန်သာ မိမိစဉ်းစားထားကြောင်း အဲရစ်ဆင်က ပြောကြားလိုက်သည်။ ကာရစ်သည် တော့တင်ဟမ်တွင် ကစားနေသည့် ကွင်းလယ်တိုက်စစ်ကစားသမား ဖြစ်သည်။

နစ္စတယ်ရွိုင်း ယနေ့ပွဲတွင်ကစားရန်မသေချာ

ဟော်လန်အသင်း တိုက်စစ်မှူး နစ္စတယ်ရွိုင်းသည် ကမ္ဘာ့ဖလားပွဲစဉ်သုံးပွဲ ကစားပြီးချိန်၌ တစ်ဂိုးသာ သွင်းနိုင်ခဲ့သဖြင့် ဟော်လန်နည်းပြ မာကိုဗင်ဘက်စတန်က စိတ်ပျက်နေကြောင်း သိရသည်။

ယနေ့ပွဲစဉ်သည် အရေးကြီးသည်ဖြစ်ရာ လိုအပ်လျှင် ပထမဦးစားပေးလူစာရင်းတွင် နစ္စတယ်ရွိုင်းကို ချန်ထားခဲ့ရမည် ဖြစ်ကြောင်း၊ ရရှိလာမည့် အခွင့်အရေးကို ထိရောက်စွာ အသုံးချနိုင်မှု အရေးကြီးကြောင်း၊ အမှားအယွင်း မခံနိုင်ကြောင်း ၎င်းက ပြောကြားလိုက်သည်။

စုစည်းတင်ပြသူ-မောင်မောင်မြင့်ဆွေ




အသင်းခေါင်းဆောင်ဒေးဗစ်ဘက်ခမ်းနှင့်နည်းပြအဲရစ်ဆင်

စိတ်တိုင်းမကျ

သို့သော်လည်း မိမိသေသေချာချာ မဆုံးဖြတ်ရသေးကြောင်း၊ နစ္စတယ်ရွိုင်း ထည့်သွင်းသင့် မသွင်းသင့်ကို စဉ်းစားနေဆဲဖြစ်ကြောင်းလည်း မာကိုဗင်ဘက်စတန် ပြောကြားသည်။ ဂိုးသွင်းစွမ်းရည် ကျဆင်းနေသော နစ္စတယ်ရွိုင်းသည် မန်ယူအသင်း၌လည်း ဖာဂူဆန်၏ စိတ်တိုင်းမကျမှုနှင့် ကြုံတွေ့နေရသည်။

ယနေ့ပွဲအနိုင်ရရှိရေးပြင်ဆင်ထားကြောင်းပေါ်တူဂီနည်းပြ စကိုလာရီပြောကြား

ယနေ့ကစားမည့် ဟော်လန်နှင့်ပွဲကို မိမိသေသေချာချာ ပြင်ဆင်ထားကြောင်း၊ ဟော်လန်အသင်း ကစားပုံသည် မည်သည့်အသင်းနှင့်မျှ မတူကြောင်း၊ နေရာစုံတွင် အားနည်းမှုမရှိအောင် စဉ်းစားထားကြောင်း ပေါ်တူဂီနည်းပြ စကိုလာရီက ပြောကြားလိုက်သည်။

ဟော်လန်ကစားပုံကောင်းကြောင်း သို့သော် ပေါ်တူဂီ၏နည်းစနစ်ပိုင်းကိုမမီဟု မိမိ သုံးသပ်ထားကြောင်း။ ဟော်လန်ကို ခက်ခက်ခဲခဲကစားရမည်ကိုလည်းသိထားကြောင်း စကိုလာရီက ပြောကြားသည်။ စကိုလာရီသည် ဟော်လန်ကို ပေါ်တူဂီအနိုင်ရရှိမည်ဟု ယုံကြည်ထားသည်။

- **အင်္ဂလန်အသင်းနည်းပြအတွက် စကိုလာရီကို အင်္ဂလန်ဘောလုံးအဖွဲ့ချုပ်က ကမ်းလှမ်း။**
- **ကမ္ဘာ့ဖလားဘောလုံးပွဲစဉ် ဩစတြေးလျနှင့် ခရိုအေးရှားပွဲ၌ ကွင်းလယ်ဒိုင်လူကြီး ဂရေဟမ်ပူး အမှားများပြုလုပ်ခဲ့ဟုဆို။**
- **အမေရိကန်နှင့် အီတလီပွဲတွင် အီတလီကွင်းလယ် ကစားသမား ဒီရော့စီက အမေရိကန်တိုက်စစ်မှူး မက်ဘရိုက်၏ မျက်နှာအားတံတောင်နှင့်တွက်ခဲ့သဖြင့် ဘောလုံးပွဲ လေးပွဲအပယ်ခံရ။**
- **ဇွန်၂၂ရက်က တောင်အာဖရိကနိုင်ငံ ကိတ်တောင်းမြို့တွင် ကမ္ဘာ့ဖလားဘောလုံးပွဲကြည့်စဉ် အခန်းအတွင်း ဓာတ်ငွေ့ရှူရှိုက်မိသဖြင့် လူသုံးဦးသေဆုံးခဲ့ရ။**

(အင်တာနက်)

ဟော်လန်တိုက်စစ်မှူး နစ္စတယ်ရွိုင်း

လက်ထပ်မင်္ဂလာညည့်ခံပွဲ ကျေးဇူးတင်လွှာ

သုဝဏ္ဏနေ

ဗိုလ်ချုပ်အေးကြွေ(ငြိမ်း)–ဒေါ်ခင်ခင်ဝင်းတို့၏သားငယ်

မောင်ချမ်းငြိမ်းကျော် B.Sc°(D.S.A)

Dip in Global English Assistant Manager

Myanma Five Star Line

နှင့်

သုဝဏ္ဏနေ

ဗိုလ်မှူးခင်မောင်ဝင်း(ငြိမ်း)၊[UMEHL]–ဒေါ်အေးသန်း(စက်မှု–၂၊ငြိမ်း)တို့၏သမီး

မဝင်းသီတာ B.Sc°(Physics)

Dip in Accounting(LCCI-UK), ACCA Part II (UK)
Accountant

Plenitude Papers & Packaging Co., Ltd.

တို့၏ ၆–၆–၂၀၀၆ရက် Traders Hotel°တွင် မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုး ထိမ်းမြားလက်ထပ်ပေးခဲ့သော တရားရုံးချုပ် တရားသူကြီး ဒေါက်တာတင်အောင်အေးနှင့်ဇနီး ဒေါ်ခင်ဝင်း၊ ၁၀–၆–၂၀၀၆ရက် Yuzana Garden Hotel၌ ကျင်းပပြုလုပ်ခဲ့သော မင်္ဂလာညည့်ခံပွဲတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့်မင်္ဂလာလက်စွပ်ချီးမြှင့်ဆင်မြန်းပေးခဲ့သော ဒုတိယဗိုလ်ချုပ်ကြီးမောင်လှ(ငြိမ်း)နှင့်ဇနီး ဒေါ်ထားထားရွှေ၊ မင်္ဂလာညည့်ခံပွဲသို့ ကိုယ်တိုင်တက်ရောက်ချီးမြှင့်ပေးခဲ့ကြသော ဆရာသမားအကြီးအကဲများ၊ မိတ်ဆွေများ၊ ဂုဏ်သရေရှိလူကြီးမင်းများ၊ ဗသက(၄၃)မှ အရာရှိများ၊ ဇနီးများ၊ စီးပွားရေးတက္ကသိုလ် (၆၉ ဘွဲ့ရ) သူငယ်ချင်းများ၊ မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်းမှ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် ဝန်ထမ်းအကြီးအကဲများ၊ မိတ်ဆွေများ၊ စတသ(၄၂)ဆင်း တပ်မတော်(ရေ)မှ သူငယ်ချင်း အရာရှိများ၊ မင်္ဂလာလက်ဖွဲ့ပေးပို့ခဲ့ကြသော နယ်အသီးသီးမှ မိတ်ဆွေအပေါင်းအသင်းများ၊ သတို့သားအရံ မောင်ဖြိုးစည်သူ၊ သတို့သမီးအရံ မသန္တာခွန်ယံ၊ မင်္ဂလာပန်းကြဲ မဖူးပွင့်သင်း၊ မင်္ဂလာအောင်စံပယ်ပန်းကုံးဗန်းကိုင် မဝင့်ဖြူထွန်း၊ မင်္ဂလာလက်စွပ်ဗန်းကိုင် မအေးချမ်းမြင့်၊ မင်္ဂလာပွဲအတွက် ပါဝင်ကူညီဆောင်ရွက်ပေးခဲ့ကြသူများ၊ M-3 Food Centerတွင်ပြုလုပ်သော မင်္ဂလာညစာစားပွဲသို့ တက်ရောက်ခဲ့ကြသော မိတ်ဆွေသူငယ်ချင်းများနှင့် ကျေးဇူးတင်သင့်တင်ထိုက်သူအားလုံးအား အထူးပင်ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်မိဘများနှင့် မောင်ချမ်းငြိမ်းကျော်–မဝင်းသီတာ။

မိခင်ကြီး ဒေါ်လှအားရည်စုး၍ တိုက် ၃၅၆ အခန်း ၈ (၅)ရပ်ကွက် ရန်ကင်းမြို့နယ်နေ ဦးမြတ်ကိုကိုအောင် ဒေါ်ကျော့ကျော့လွင် မိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရဆေးပဒေသာပင် ငွေကျပ်တစ်သိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးမှူး ဦးသန်းရွှေ လက်ခံယူစဉ်။

(က–ပ)

အထက်မင်းလှမြို့နယ်အသင်း(ရန်ကုန်) ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဇွန် ၂၄

အထက်မင်းလှမြို့နယ်အသင်း(ရန်ကုန်)၏ ဝါဆိုသင်္ကန်းကပ်လှူပွဲ၊ သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲနှင့် နှစ်ပတ်လည်အစည်းအဝေးကို ဇူလိုင် ၂ရက်(တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် မင်းလှဓမ္မရိပ်သာကျောင်း(ဗဟန်းဈေးအနီး)၌ကျင်းပမည်ဖြစ်သည်။

အသင်းသူအသင်းသားများ ဇွန်၂၉ရက် နောက်ဆုံးထား၍ ဦးစံမြင့် ဖုန်း–၂၂၆၂၈၁၊ ဦးလှတင့် ဖုန်း– ၇၂၆၈၆၆၊ ဦးမြင့်သိန်း ဖုန်း– ၅၅၆၁၆၃၊ ဦးဘိုမောင် ဖုန်း–၅၆၂၅၅၂နှင့် ဦးမျိုးညွန့်ဦး ဖုန်း–၅၄၉၁၁၈တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။

(က–ပ)

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင် ဦးအောင်မြင့် စင်ကာပူမှပြန်လည်ရောက်ရှိ

နေပြည်တော် ဇွန် ၂၄

မြန်မာနိုင်ငံ အီလက်ထရွန်နစ် အမျိုးသားအဆင့်လုပ်ငန်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင် ဦးအောင်မြင့်သည် စင်ကာပူသမ္မတနိုင်ငံ၌ ဇွန် ၁၉ရက်မှ ၂၀ရက် အထိကျင်းပခဲ့သည့် ဝန်ကြီးအဆင့် သတင်းအချက်အလက်နှင့်ဆက်သွယ်ရေးလုပ်ငန်းများ ညှိနှိုင်းရေးအစည်းအဝေးသို့ တက်ရောက်ခဲ့ပြီးနောက် ဇွန် ၂၂ရက် နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် နေပြည်တော်သို့ ပြန်လည်ရောက်ရှိလာရာ တာဝန်ရှိသူများက နေပြည်တော်လေဆိပ်မှ ကြိုဆိုနှုတ်ဆက်ကြသည်။

မြန်မာကိုယ်စားလှယ်အဖွဲ့တွင် အဖွဲ့ဝင်အဖြစ် လိုက်ပါသွားသော မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ အင်ဂျင်နီယာချုပ် ဦးဇော်တင့်လည်း ပြန်လည်လိုက်ပါလာသည်။

(သတင်းစဉ်)

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့

၂၆–၆–၂၀၀၆

International Day Against Drug Abuse and Illicit Trafficking

26-6-2006

မူးယစ်ဒုက္ခ မပေါ့ဆနှင့်

DRUGS ARE NOT CHILD'S PLAY

သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော်၊ ကျွန်မတို့၏သမီးဖြစ်သူ မအိအိဝင်း ၁၂/ရပသ(နိုင်)၀၄၈၂၂၁ ကိုင်ဆောင်သူသည် မိဘဆိုဆုံးမမှုကို နာခံခြင်းမရှိဘဲ မိမိသဘောဆန္ဒဖြင့် နေအိမ်မှဆင်းသွားပါသဖြင့် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း၊ ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို တာဝန်ယူမည်မဟုတ်ကြောင်း ကြေညာအပ်ပါသည်။

ဦးသောင်းဝင်း–ဒေါ်မြင့်မြင့်စန်း။



မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်ကျော်ငြိမ်နှင့်အဖွဲ့ ပေါင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်လျက်ရှိသော ယာဉ်သိုလှောင်ရုံ ဆောက်လုပ်ခြင်းလုပ်ငန်းကို ဇွန် ၂၄ရက်က ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးကျော်လှနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးအေးမင်းတို့က ရှင်းလင်းတင်ပြစဉ်။

(၂၆၀)

ညောင်ဦးခရိုင်တွင် ကျောင်းဝတ်စုံနှင့် ပညာသင်စရိတ်ထောက်ပံ့

ညောင်ဦး ဇွန် ၁၅

ညောင်ဦးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ၂၀၀၆-၂၀၀၇ ခုပညာသင်နှစ်အတွက် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး ဝန်ထမ်းများ၏ သားသမီးများအား ဝတ်စုံနှင့်ပညာသင် စရိတ်ထောက်ပံ့ငွေ ပေးအပ်ပွဲအခမ်းအနားကို ဇွန် ၈ရက်က ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးတေဇနှင့် အဖွဲ့ဝင်များ၊ ဝန်ထမ်းများ တက်ရောက်ကြသည်။

ထောက်ပံ့ကြေးပေးအပ်

ရှေးဦးစွာ ညောင်ဦးခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးတေဇက ဝတ်စုံနှင့် ပညာသင်စရိတ်ထောက်ပံ့ကြေးငွေ ပေးအပ်ရခြင်းနှင့် စပ်လျဉ်း၍ အဖွင့်အမှာစကားပြောကြားပြီး အခြေခံပညာ မူလတန်း၊ အလယ်တန်း၊ အထက်တန်းများတွင် ပညာသင်ကြားနေကြသော ဝန်ထမ်းမိသားစုများ၏ သားသမီးများအတွက် ပညာသင်ထောက်ပံ့ကြေးငွေများ ပေးအပ်သည်။ **(အပေါ်ယာပုံ)** ဆက်လက်၍ ခရိုင်အတွင်းရေးမှူးဗိုလ်မှူးတင်အောင်၊ ခရိုင်အဖွဲ့ဝင်(၁) ခရိုင်အုပ်ချုပ်ရေးမှူးဦးအောင်ကျော်စိုးနှင့် ခရိုင်အဖွဲ့ဝင်(၂)ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးကြည်လင်းတို့က ဝန်ထမ်းများအား ဝတ်စုံများပေးအပ်ကြသည်။

(ခရိုင် ပြန်/ဆက်)

မိတ္ထီလာခရိုင် ရဲတပ်ဖွဲ့ မိခင်/ကလေးအသင်း ပညာသင်စရိတ်ထောက်ပံ့ငွေပေးအပ်

မိတ္ထီလာ ဇွန် ၈

မန္တလေးတိုင်း မိတ္ထီလာခရိုင် ရဲတပ်ဖွဲ့ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းခွဲ ပညာသင်စရိတ်ထောက်ပံ့ငွေပေးအပ်ပွဲ အခမ်းအနားကို မေ ၃၁ ရက် နံနက်ပိုင်းက ခရိုင်ရဲတပ်ဖွဲ့ အစည်းအဝေးခန်းမတွင် ကျင်းပသည်။

ရှင်းလင်းပြောကြား

ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲ အခမ်းအနားတွင် ခရိုင်ရဲတပ်ဖွဲ့ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းခွဲဥက္ကဋ္ဌ ဒေါ်မင်းမင်းထွေးက ပညာသင် ထောက်ပံ့ကြေး ပေးအပ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး တက္ကသိုလ်၊ ကောလိပ်၊ အထက်တန်း၊ အလယ်တန်းနှင့် မူလတန်းအဆင့် ကျောင်းသားကျောင်းသူ ၂၃၉ ဦးတို့အား ပညာသင်စရိတ်ထောက်ပံ့ငွေနှင့် စာရေးကိရိယာများ၊ ကျောင်းဝတ်စုံများ စုစုပေါင်း တန်ဖိုးငွေကျပ် ၄၄၀၉၀၀ကို ထောက်ပံ့ပေးအပ်ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

မြစ်ခြေ-စဘေကျေးလက်ကျောက်ချောလမ်းဖောက် မြို့ရွာများသန့်ရှင်းရေး အရှိန်အဟုန်မြှင့်ဆောင်ရွက်

ပခုက္ကူ ဇွန် ၂၁

စည်ပင်သာယာရေး ဦးစီးဌာန (ရုံးချုပ်)မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအုန်းညွှန့်နှင့်အဖွဲ့သည် ဇွန် ၁၈ ရက်က ပခုက္ကူမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ၂၀၀၆-၂၀၀၇ ခုဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်လျက်ရှိသော ရုံးလုပ်ငန်းများကိုလည်းကောင်း၊ မြစ်ခြေ-စဘေ ကျေးလက်ကျောက်ချောလမ်းအရှည်ပေ ၂၃၂၀၀ ပြုပြင်ဖောက်လုပ်နေမှုကိုလည်းကောင်း၊ တိုးချဲ့မြို့ရေပေးရေးဖြင့် ရေဖြန့်ဝေမှုစနစ်ကိုလည်းကောင်း၊ မြကန်သာပန်းခြံ စိမ်းလန်းစိုပြည် သာယာလှပအောင် ပြုပြင်ထိန်းသိမ်းမှုကို လည်းကောင်း၊ ပခုက္ကူမြို့မဈေးအတွင်း သန့်ရှင်းလတ်ဆတ်သော သားငါးများရောင်းချနိုင်ရေး စီစဉ်ဆောင်ရွက်ထားမှုကိုလည်းကောင်း ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ မကွေးတိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးညိုဝင်းမြင့်နှင့် ပခုက္ကူမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကြည်တင်တို့က လိုက်လံရှင်းလင်းပြသကြသည်။

အကောင်အထည်ဖော်

ထို့နောက် ဒုတိယညွှန်ကြားရေးမှူးချုပ်သည် မြို့ရွာများသန့်ရှင်းသပ်ရပ် သာယာလှပမှုရှိစေရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်များတွင် အရှိန်အဟုန်မြှင့်အကောင်အထည်ဖော်ဆောင်ရွက်ရန် မှာကြားပြီး လုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးကြောင်းသိရသည်။

(ယာပုံ)(မြို့နယ်စည်ပင်)

မွန်ပြည်နယ် ပြည်တွင်းအခွန်များဦးစီးဌာန အခွန်ဆိုင်ရာသိကောင်းစရာများ ရှင်းလင်းဆွေးနွေး

မော်လမြိုင် ဇွန် ၂၁

မွန်ပြည်နယ် ပြည်တွင်းအခွန်များဦးစီးဌာန၏ အခွန်ဆိုင်ရာသိကောင်းစရာများ ရှင်းလင်းဆွေးနွေးပွဲကို ဇွန် ၁၉ ရက် နံနက် ၁၀ နာရီက မော်လမြိုင်မြို့ ပြည်နယ်ခန်းမ၌ကျင်းပရာ ပြည်နယ်၊ခရိုင်နှင့်မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ စီးပွားရေးလုပ်ငန်းအဖွဲ့အစည်းများမှ တာဝန်ရှိသူများနှင့် အခွန်ထမ်းပြည်သူများ၊ မွန်ပြည်နယ်ပြည်တွင်းအခွန်များဦးစီးဌာန ဦးစီးမှူးဦးထွန်းထွန်းအောင်နှင့် ဝန်ထမ်းများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မွန်ပြည်နယ်ပြည်တွင်းအခွန်များဦးစီးဌာန ဦးစီးမှူးဦးထွန်းထွန်းအောင်က အဖွင့်အမှာစကားပြောကြားပြီး**(အောက်ပုံ)** မော်လမြိုင်မြို့နယ်အခွန်ဦးစီးဌာနဦးစီးမှူးဦးအေးကြူက အမြတ်ခွန်နှင့်ပတ်သက်၍လည်းကောင်း၊ မွန်ပြည်နယ် အခွန်ဦးစီးဌာနမှ ဦးစီးအရာရှိဦးချစ်ငွေက ဝင်ငွေခွန်နှင့်ပတ်သက်၍လည်းကောင်း၊ မော်လမြိုင်မြို့နယ်အခွန်ဦးစီးဌာနမှ တွဲဖက်မြို့နယ် အခွန်ဦးစီးဌာန ဦးစီးမှူးဦးအေးမင်းက အောင်ဘာလေသိန်းဆုခွန်နှင့် ပတ်သက်၍လည်းကောင်း၊ ဒုတိယဦးစီးမှူးဦးတင်မောင်က ကုန်သွယ်ရေးလုပ်ငန်းခွန်နှင့်ပတ်သက်၍လည်းကောင်း၊ ဒုတိယဦးစီးမှူးဦးဝင်းခိုင်က တံဆိပ်ခေါင်းခွန်နှင့်ပတ်သက်၍လည်းကောင်း ရှင်းလင်းတင်ပြကြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ခြံစည်းရိုးကြက်ဆူပင် စုပေါင်းစိုက်ပျိုး

ဆွမ်ပရာဘွမ် ဇွန် ၈

ဆွမ်ပရာဘွမ်မြို့ ဆွမ်ပရာဘွမ်-မြစ်ကြီးနားကားလမ်းဘေးဝဲယာတွင် ခြံစည်းရိုးကြက်ဆူပင်များကို ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များနှင့် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ စုပေါင်းစိုက်ပျိုးမှုကို ဇွန် ၃ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိ ဦးလှသိန်းထွန်းတို့ ကြီးကြပ်ဆောင်ရွက်ပေးကြကြောင်း သိရသည်။

(ပြည်နယ် စည်ပင်)

အမြို့မြို့ အနယ်နယ် သတင်းများ

မြန်မာ့အသံ နားဆင်စရာ

၁၃၆၈ခုနှစ် ဝါဆိုလဆန်း(၂)ရက်
၂၆-၆-၂၀၀၆(တနင်္လာနေ့)

နံနက်ပိုင်း

၀၇:၀၀ တရားတော် (ဦးဥတ္တမသာရ ဆရာတော်ကြီး၏ မောရသုတ်နှင့် ဂုဏ်တော်ကွန်ချာ)

နေ့လယ်ပိုင်း

၁၁:၁၅ စက်မှုစွမ်းအား ခေတ်ကျော်လွှား (အရှည်အသွေးမီ ပလတ်စတစ် အိမ်သုံးပစ္စည်းများ ထုတ်လုပ်မှုများအကြောင်း)
၁၁:၄၀ သိပ္ပံအကြောင်း သိကောင်းစရာ (သိပ္ပံနှင့်နည်းပညာတိုးတက်မှု အကြောင်း-သိပ္ပံမှူးတင်)
၁၂:၀၀ တစ်ပတ်အတွင်းသတင်းပဒေသာ
၁၂:၂၅ အားကစားသတင်းပဒေသာ
၁၂:၃၅ တေးသွားလှလှ မဟာဂီတ
(၁) ဘုန်းမိုးသွန်းလောင်း(သီချင်းခန့်) ကမ္ဘောဇမေသင်းရီ
(၂) လျှပ်ပန်းခွေနွဲ့ (ယိုးဒယား) တင်တင်မြ
(၃) မိုးနတ်ဒေဝီဘောလယ်-မျော်ဘီဝင်းသန်းထွန်း

ညနေပိုင်း

၁၆:၁၀ မြတ်နိုးစရာကျေးရွာတေးကဗျာ
(၁) ကျေးရွာဝါဒ
(၂) တောဓလေ့
(၃) အဝိုင်းတို့သပြေတောရွာ
၁၆:၃၀ **၂၀၀၆ ခုနှစ် ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ နေ့စဉ်သုံးသပ်ချက်**
၁၆:၄၀ ဟောပြောချက် (မူးယစ်ကင်းစင်မြန်မာပြည်တစ်ခွင်-သပြေနု)
၁၇:၃၀ တစ်ပတ်အတွင်း သတင်းပဒေသာ
၁၇:၄၀ ကဏ္ဍစုံစွာ ဆွေးနွေးစရာ (စာရေးဆရာမကြီး ဒေါ်စောမုံညင်းနှင့် တွေ့ဆုံဆွေးနွေးခန်း)
၁၈:၄၅ အင်္ဂလိပ်စကားပြောကြမယ် (ရွှေမင်းဝန် ဦးဘုန်းမြင့်)
Better English
၁၉:၁၅ ပြည်ထောင်စုတိုင်းရင်းသားတေးသံ
၂၀:၃၀ ခံစားနားဆင်မြန်မာတေးသံစဉ်
(၁) စံပယ်ရုံဘေးမှာချိန်းတဲ့ည
(၂) ဝေးနေရတော့ ပျော်ဘူးကွယ်
(၃) မကြင်နာမောင်မုန်းတော့

နတ်တလင်းမြို့ မြို့ဝင်ဆိုင်းဘုတ် မြေခင်း အလှပြုပြင်မှုကို စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများဖြင့် ဆောင်ရွက်လျက်ရှိရာ ဇွန် ၁၅ရက် က အမှုဆောင်အရာရှိဦးအောင်အောင်ဖြိုးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဉာဏ်စိုး တို့ ကြီးကြပ်ဆောင်ရွက်ပေးကြစဉ်။

(မြို့နယ် စည်ပင်)

တောင်ကြီးမြို့ မြို့မဈေးကြီးသန့်ရှင်းရေး လူမှုရေးအဖွဲ့များ စုပေါင်းဆောင်ရွက်

တောင်ကြီး ဇွန် ၁၅

ရှမ်းပြည်နယ် တောင်ကြီးမြို့ မြို့မဈေးကြီး စုပေါင်း သန့်ရှင်းရေး ဆောင်ရွက်မှုကို ဇွန် ၁၀ရက်က မြို့မဈေးကြီး အတွင်းအပြင်တို့တွင် ကျင်းပရာ အရှေ့ပိုင်းတိုင်း စစ်ဌာန ချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်၊ ပြည်နယ် စည်ပင် သာယာရေးအဖွဲ့ညွှန်ကြားရေးမှူး ဦးသောင်းစိန် နှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှု အားပေးကြသည်။ **(ဝဲပုံ)**

မြို့မဈေးကြီးသန့်ရှင်းရေးဆောင်ရွက်ပွဲသို့ စည်ပင် သာယာရေးအဖွဲ့မှ အမှိုက်သယ်ယာဉ်၊ မိလ္လာသယ်ယာဉ်၊ ရေကားများနှင့် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ၊ နယ်မြေခံတပ်နယ်မှ စစ်သည်များ၊ ဈေးအကျိုးဆောင် ဆိုင်ခန်းရှင်များ၊ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ကြက်ခြေနီ၊ မီးသတ်တပ်ဖွဲ့ဝင်များ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင်များ၊ ဌာနဆိုင်ရာများ စုစုပေါင်း ၈၅၀ကျော်တို့ က ဈေးတွင်း ဈေးပြင်၊ ရေမြောင်းများ သန့်ရှင်းသပ်ရပ်မှု ရှိစေရေးအတွက် စုပေါင်း သန့်ရှင်းရေးများကို ဆောင်ရွက် ကြကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ကဝမြို့နယ်၌ ခြံစည်းရိုးကြက်ဆူပင် စုပေါင်းစိုက်ပျိုး

ကဝ ဇွန် ၁၂

ကဝမြို့နယ် ကျားတက်ကျေးရွာတွင် ခြံစည်းရိုးကြက်ဆူပင် စံပြဧက ၁၀၀ စုပေါင်းစိုက်ပျိုးပွဲအခမ်းအနားကို မေ၂၉ရက် နံနက်ကကျင်းပရာ အခမ်းအနားသို့ ပဲခူးခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယ ဗိုလ်မှူးကြီးအောင်မင်းနှင့် အဖွဲ့ဝင်များ၊ ကဝမြို့နယ်ဥက္ကဋ္ဌ ဦးစိုင်းမောင်လှနှင့် ဌာနဆိုင်ရာ ဦးစီးမှူးများ၊ ပတ်ဝန်းကျင်ရှိ ကျေးရွာ၁၀ရွာမှ ဥက္ကဋ္ဌများနှင့် ပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ခရိုင်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဒုတိယဗိုလ်မှူးကြီး အောင်မင်းက ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးကြမည့် ကျေးရွာဥက္ကဋ္ဌများနှင့် လူမှုရေးအသင်း အဖွဲ့ခေါင်းဆောင်များအား ပျိုးပင်များ ပေးအပ်ကြသည်။ ထို့နောက် ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး အောင်မင်း ဦးဆောင်၍ခြံစည်းရိုး ကြက်ဆူပင် စတင်စိုက်ပျိုးပေးပြီး တက်ရောက်လာသော ပြည်သူများက စံပြဧက၁၀၀တွင် တပျော်တပါး စိုက် ပျိုးကြသည်။ **(ယာပုံ)** (၂၄၀)

ညောင်တုန်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့လက်ထောက်ညွှန်ကြား ရေးမှူး ဦးမြင့်မောင်၊ ဦးစီးအရာရှိ ဒေါ်ခင်အေးဝင်းနှင့်ဝန်ထမ်းများ ဇွန် ၂၀ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင်မြေကွက်တွင် ခြံစည်းရိုး ကြက်ဆူပင်များစိုက်ပျိုးခြင်းနှင့် စိုက်ပျိုးပြီး ကြက်ဆူပင်များ ပိုမိုရှင်သန် ဖြစ်ထွန်းရေးအတွက် ပေါင်းမြက်များရှင်းလင်းခြင်းတို့ကို စုပေါင်းဆောင် ရွက်ကြစဉ်။ (၀၉၈)

ပေါက်တောမြို့နယ်အသင်း သက်ကြီးပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဇွန် ၂၄

ဆဌမအကြိမ်မြောက် သင်းလုံး ကျွတ်ပေါက်တောမြို့နယ်ဖွား ကျောင်း ထိုင် ဆရာတော်ကြီးများအား ဝါဆို သင်္ကန်းကပ်လှူပွဲ၊၂၀၀၅ခုနှစ်တက္ကသိုလ် ဝင်တန်း စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်သောကျောင်းသား၊ ကျောင်း သူများအား ဂုဏ်ပြုပွဲနှင့် အသင်းဝင် အသက်၇၅နှစ်ပြည့်များအား သက်ကြီး ပူဇော်ပွဲကို ဇူလိုင်၁ရက် နံနက်၈နာရီ တွင် ဗဟန်းမြို့နယ် ဦးထောင်ဘိုလမ်း ဓညဝတီသာသနာပြုကျောင်းတွင် ကျင်း ပမည်ဖြစ်ရာ အသင်းဝင်များနှင့် အသင်း ဝင်လိုသူ မြို့နယ်သူ မြို့နယ်သားများ တက်ရောက်ကြပါရန်နှင့် ဂုဏ်ထူးရ ကျောင်းသားကျောင်းသူများ၊သက်ကြီး မိဘများအား လှူဒါန်းလိုသူများ ဦးမြ သာ ဖုန်း-၃၇၃၃၇၃၊ ဦးသံဝေရ ဖုန်း- ၂၄၈၀၄၅ တို့သို့ ဆက်သွယ်လှူဒါန်း နိုင်ကြောင်း သိရသည်။ **(က-ပ)**

ပျော်ဘွယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့နယ်အတွင်းရှိ စွန့်ပစ် အမှိုက်များအမှိုက်ကြိတ်စက်ဖြင့် မြေဆွေးထုတ်လုပ်နေမှုကို ဇွန် ၁၈ရက်က အမှုဆောင်အရာရှိ ဦးတင်ဝင်း ကြီးကြပ်ဆောင်ရွက်ပေးစဉ်။
(မြို့နယ် စည်ပင်)



ရေတာရှည်မြို့၌ အိမ်တွင်းမှု စက်ချုပ်သင်တန်းဖွင့်

ရေတာရှည် ဇွန် ၁၅

ရေတာရှည်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့် ရှောက်ရေးအသင်းတို့ ပူးပေါင်း၍ အိမ်တွင်းမှုအသက်မွေးဝမ်းကျောင်း စက်ချုပ် ပညာသင်တန်းဖွင့်ပွဲကို ဇွန်၅ရက် နံနက်၉နာရီက ရေတာရှည်မြို့နယ် အမျိုးသမီး ရေးရာခန်းမတွင် ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ရေတာရှည်မြို့ပေါ် ရပ်ကွက် ခြောက်ခုမှ သင်တန်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်သန်းစိန်က စက်ချုပ်သင်တန်း ဖွင့်လှစ်ရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး သင်တန်းဆရာမများက သင်တန်းရည်ရွယ်ချက်နှင့် စည်းကမ်းများကို ရှင်းလင်း ပြောကြားသည်။

အဆိုပါ စက်ချုပ်သင်တန်းသည် နှစ်လကြာသင်တန်းဖွင့်လှစ်မည်ဖြစ် ကြောင်း သိရသည်။ **(က-ပ)**

အုတ်တွင်းမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ ဖွဲ့စည်းပုံနှင့် သိကောင်းစရာများ ဆွေးနွေး

အုတ်တွင်း ဇွန် ၅

ပဲခူးတိုင်း အုတ်တွင်းမြို့နယ် အမျိုးသမီးရေးရာအဖွဲ့က ဖွဲ့စည်းပုံနှင့် သိကောင်း စရာများဟောပြောဆွေး နွေးပွဲကို ဇွန်၂ရက်ညနေပိုင်းက ကသစ် တန်းရပ်ကွက် အမကတွင် ကျင်းပရာ မြို့နယ် အမျိုးသမီးရေးရာ အဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်အုံးမြင့်နှင့်အဖွဲ့ဝင်များ၊ရပ်ကွက် အမျိုးသမီးရေးရာအဖွဲ့နှင့် ရပ်ကွက် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ခွဲဝင်များ၊ကသစ်တန်းရပ်ကွက် ဥက္ကဋ္ဌ နှင့်အဖွဲ့ဝင်များ၊ ရပ်ကွက် အတွင်းမှ ငယ်ရွယ် အမျိုးသမီးငယ်များ စုံညီစွာ တက်ရောက်ကြသည်။

ဟောပြော

အခမ်းအနားတွင် မြို့နယ်အမျိုး သမီးရေးရာအဖွဲ့ဥက္ကဋ္ဌဒေါ်ခင်အုံးမြင့် က အဖွင့်အမှာစကား ပြောကြားပြီး **(ယာပုံ)** အဖွဲ့ဝင်များဖြစ်ကြသည့် ဒေါ်သိန်းသိန်းတိုး၊ ဒေါ်ခင်မိုးမိုး၊ ဒေါ်တင်ဝင်းရီ၊ ဒေါ်ခင်သိန်းမြင့်၊ ဒေါ်မြင့်မြင့်ဝင်းတို့က အမျိုးသမီး ရေးရာအဖွဲ့ ဖွဲ့စည်းပုံ၊ အကြမ်းဖက်မှု နှင့် လူမှောင်ခိုကူးခြင်း၊ ငယ်ရွယ် အမျိုးသမီးငယ်အကြောင်း သိကောင်း စရာ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပညာရေး၊ လူမှုရေးဆိုင်ရာ ကိစ္စများကို ဟောပြော ဆွေးနွေးကြသည်။

အလားတူ မေ၂၈ရက်မှ ဇွန်၁ ရက်အထိ ကြက်သွန်ခင်း(၁)ရပ်ကွက်၊ ကြက်သွန်ခင်း (၂)ရပ်ကွက်၊ပဲခူးလမ်း ရပ်ကွက်၊မဲကုန်းရပ်ကွက်နှင့်ဈေးရပ် ကွက်တို့တွင် ဟောပြောပွဲများ ကျင်းပ ခဲ့သည်။ **(၃၁၆)**

ကျေးလက်ဖွံ့ဖြိုးရေးနှင့် စာကြည့်တိုက်များ ရှင်သန်ရေးဆွေးနွေး ရွှေတောင်၌ ကျန်းမာရေးဆိုင်ရာ သိကောင်းစရာများ ဟောပြော

ရွှေတောင် ဇွန် ၁၇

ရွှေတောင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ စီစဉ်မှု ဖြင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ဦးဆောင်၍ ဌာနဆိုင်ရာများ ပူးပေါင်းကာ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် စာကြည့်တိုက်များ ဖွံ့ဖြိုးရှင်သန်ရေးဆွေးနွေးဟောပြောပွဲကို ဇွန်၁၄ရက်က မဲတောအုပ်စု ကြံတောကျေးရွာ မူလတန်းကျောင်း ပညာတံခွန်စာကြည့် တိုက်၌ ကျင်းပသည်။

အခမ်းအနားတွင် ကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးသန်းထွန်းက အမှာစကား ပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ရုပ်သံကျွမ်းကျင် (၃) ဦးသိန်းဆွေနှင့် စာကြည့်တိုက် လက်ထောက်(၃) ဒေါ်ဆွေဆွေအောင်တို့က စာကြည့်တိုက်များ ဖွင့်လှစ်ရခြင်းနှင့် ရေရှည်ဖွံ့ဖြိုး ရှင်သန်ရေးကိုလည်းကောင်း၊ မြို့နယ်ဦးစီးမှူး ဦးလှမျိုးအောင်က စာပေ၏ အကျိုးကျေးဇူးများကိုလည်းကောင်း၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ကြီးကြပ် ရေးမှူး ဦးတင်စိုးက စိုက်ပျိုးရေးဆိုင်ရာကို လည်းကောင်း၊ ထန်းကုန်း တိုက်နယ် ဆေးမှူးဦးသိန်းဇော်က ကျန်းမာရေးဆိုင်ရာ သိကောင်းစရာများ ကို လည်းကောင်း ဟောပြောဆွေးနွေးကြသည်။

အလားတူ ဟောပြောပွဲများကို ဇွန် ၇ရက်က ကြို့ကုန်းကျေးရွာအုပ်စု ကြို့ကုန်းရွာ ဒို့ကျေးရွာစာကြည့်တိုက်၊ ဇွန်၁၀ရက်က ကသစ်တိုင်းအုပ်စု မင်းရွာဓမ္မာရုံနှင့် ဇွန်၁၃ရက်က ဆည်ကြီးကုန်းကျေးရွာအုပ်စု ကြက်ဖြူ တောင် ကျေးရွာမူလတန်းကျောင်းတို့၌ ကျေးရွာပြည်သူများအား မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးနှင့် အမှုဆောင် တို့က လိုက်ပါဆွေးနွေး ဟောပြောကြကြောင်း သိရသည်။
(မြို့နယ် ပြန်/ဆက်)

[illegible]

လက်ထပ်ပြီးစီးခြင်း

နောင်ချိုမြို့နယ် ဘန့်ဘွေးအုပ်စု၊ ဇီးပင်ကျေးရွာနေ
ဦးမောင်ဦး[အရာခံဗိုလ်(ငြိမ်း)]-ဒေါ်ခင်မာတို့၏သား
ဗိုလ်ကြီးရန်လင်းဦး B.Sc(D.S.A)
တပ်မတော်(လေ)
နှင့်
မင်းဘူးမြို့ တောင်လှည်းကောက်ရပ်နေ
ဦးလှထွန်း(ပစ္စည်းစီမံအရာရှိ၊ မန်း/ထောက်ရာပင်
ရေနံမြေ)-(ဒေါ်အုန်းမြင့်) တို့၏ သမီး
မဖြူဖြူအောင် B.Sc (Chem:)
(Vice Manager, Shine Hope Co.,Ltd.)
တို့သည် ၁၅-၆-၂၀၀၆ရက်(ကြာသပတေးနေ့)တွင်
လက်ထပ်ပြီးစီးပြီဖြစ်ပါကြောင်း။

အမြန်ပြန်လာပါ

သမီး နွယ်နွယ်ဝင်း အမေ အသည်းအသန်ဖြစ်၊ အမြန်ဆက်သွယ်ပါ။

အမေ-ခင်သိန်းရီ
၃၃၃၂၂၉၄(လေးတောင်)။

ဖြည့်စွက်ခေါ်ပါရန်

အဖ ဦးအေးမောင်၏သမီး ဒေါ်ညွန့် (ISN-၂၀၂၃၈၀) အား ဒေါ်ညွန့်(ခ)ဒေါ်သန်းညွန့်ဟု ဖြည့်စွက်ခေါ်ပါရန်။

ဒေါ်ညွန့်(ခ)ဒေါ်သန်းညွန့်။

ကျေးဇူးဆပ်ပါမည်

ကျွန်တော်၏ နိုင်ငံကူးလက်မှတ် အမှတ်-၄၉၇၉၇၃သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက ပြန်လည်ပေးပို့ပါရန်။ **ဦးမျိုးစည်သူ**
ဖုန်း-၅၆၄၄၂၁။

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့နေ ဦးဘစိန်(လ/ထ အထွေထွေမန်နေဂျာ၊
တောင်ငူမြောက်ပိုင်း သစ်ထုတ်ရေးဒေသ၊ မြန်မာ့သစ်လုပ်ငန်း)နှင့်
ဒေါ်ခင်ခင်စန်း(တရားရုံးချုပ်ရှေ့နေ)တို့၏
တစ်ဦးတည်းသောသား
မောင်ဇာလီဘစိန် (B.E. Mechanical)
နှင့်
အမေရိကန်ပြည်ထောင်စု၊ ကယ်လီဖိုးနီးယားပြည်နယ်၊ (TRACY)
မြို့နေ
Dr. ဦးလှဝင်းနှင့် ဒေါ်မီးမီးတို့၏ သမီးတူမ၊
ရန်ကုန်မြို့နေ ဦးဝေါင်အစိန်-ဒေါ်ချိုချိုမြင့်တို့၏ သမီးကြီး
မယဥ်ယဥ်ကြည် B. Sc(Chem:), B.Sc (Hons) CIS
London Metropolition University (U.K)
တို့သည်
၁၇-၆-၂၀၀၆ ရက် (စနေနေ့) ၁၃၆၈ ခုနှစ် နယုန်လပြည့်ကျော်
၇ ရက်နေ့တွင် နှစ်ဖက်သောလူကြီးမိဘများရှေ့တွင်
စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်ဇာလီဘစိန်-မယဥ်ယဥ်ကြည်။

နှစ်(၅၀)ပြည့်

ရွှေရတုမင်္ဂလာမွေးနေ့ဆုတောင်း

ကျေးဇူးရှင်မွေးမိခင် **ဒေါ်ပန်းရီ** ၏ ၂၁-၆-၂၀၀၆
နှစ်(၅၀)ပြည့်
မွေးနေ့မှသည် နောင်နှစ် ၁၀၀ တိုင်
သားသမီး မြေး မြစ်များနှင့်
ကျန်းမာပျော်ရွှင်စွာ လျှောက်လှမ်းနိုင်ပါစေ
ဆုမွန်ကောင်းတောင်းလိုက်ပါသည်။

သား သမီး မြေးတစ်စု။

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

မန္တလေးမြို့၊ ၈၇ လမ်း၊ ၂၄ x ၂၅ လမ်းကြား၊ ရေကြည်ရပ်နေ
ဦးမောင်မောင်ကျော်-ဒေါ်လဲ့လဲ့ဝင်း(ဘုရင်သင်္ချိုင်းတိုက်၊သင်္ချိုင်းတန်း)
တို့၏သား
ဗိုလ်ဝေမျိုးသူ B. C. Sc (DSA) Hons: (တပ်မတော်လေ)
နှင့်
ရန်ကုန်မြို့၊ လှိုင်မြို့နယ်(၇)ရပ်ကွက်၊ ပဏ္ဍိတလမ်း အမှတ်(၁၉)နေ
ဦးစိုးလင်း(ဦးစီးအရာရှိ ဆည်မြောင်းဦးစီးဌာန၊လှည်းကူးမြို့)-
ဒေါ်နန်းလောဝ်ခမ်းတို့၏ သမီး
မနန်းခတ္တာစိုးလင်း (2nd Year, Computer) တို့သည်
၂၀၀၆ ခုနှစ် ဇွန် ၂၂ ရက် (ကြာသပတေးနေ့) တွင် ဂုဏ်သရေရှိလူကြီးမင်းများနှင့် နှစ်ဖက်မိဘများရှေ့မှောက်၌ စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

ဗိုလ်ဝေမျိုးသူ-မနန်းခတ္တာစိုးလင်း။

ကျေးဇူးဆပ်ပါမည်

မော်တော်ယာဥ်အမှတ်-ဆ/၁၂၄၄၏ အခွန်ပုံစံ(၁) အစိမ်းရောင် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပါ ကျေးဇူးဆပ်ပါမည်။ **ဒေါ်ခင်မိုးလွင်**
၁၄/လပတ(နိုင်)၀၀၄၈၀၄။

ဖခင်အမည်မှန်

အထက(၃)အင်းစိန် တက္ကသိုလ်ဝင်တန်း(D) မှ မောင်မျိုးမင်းသန့်၏ ဖခင်အမည်မှန်မှာ ဦးလှမြင့်ဖြစ်ကြောင်း။

ဦးလှမြင့်။

မိဘအမည်မှန်

လားရှိုးမြို့ အထက(၂)တက္ကသိုလ်ဝင်တန်း(E)မှ မညီညီ၊ နဝမတန်း(A)မှ ကမ္ဘာစိုးတို့၏ မိဘအမည်မှန်မှာ ဦးလီမီးနှင့် ဒေါ်ကျင်ခွမ်းရီးဖြစ်ပါသည်။ **ဦးလီမီး**
၁၃/လရန(နိုင်)၀၉၈၅၉၈။

ကျေးဇူးဆပ်ပါမည်

ဦးဝင်းဇော်ညွန့်ပိုင်မော်တော်ယာဥ် အမှတ် ၄ခ/၅၂၉၀ ၏ အခွန်ပုံစံ(၁) အစိမ်းပျောက်ဆုံးသဖြင့် တွေ့ရှိက အကြောင်းကြားပါ။

ဆက်သွယ်ရန် ဖုန်း-၅၆၁၅၁၉။

ကန့်ကွက်နိုင်ပါသည်

ယာဥ်အမှတ် ၁ဃ/၁၄၇၅၃လက်ဝယ်ရှိသူက (ကမ-၃)ပျောက် မိတ္တူလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် ၁၅ ရက်အတွင်း ကညန၊ ခရိုင်ရုံး(ဟင်္သာတ)သို့ လာရောက်ဆက်သွယ် ဆောင်ရွက်ပါရန်။

ကညန၊ခရိုင်ရုံး(ဟင်္သာတ)။

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဓဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
ရန်ကုန်တိုင်းတရားရုံး
၂၀၀၆ ခုနှစ်၊ တရားမကြီးမှုအမှတ်-၃၉၃

အာရှဓနဘဏ်လီမိတက် (တရားရုံးအမိန့်ဖြင့် စာရင်းရှင်းလင်း ဖျက်သိမ်းဆဲ)၏စာရင်းရှင်းလင်းဖျက်သိမ်း ရေးအရာရှိ ဦးဝင်းသင် (၎င်းအတွက် အထူးကိုယ်စားလှယ်စာရသူ-ဦးဝင်းမြင့်)	**နှင့်**	၁။ ဒေါ်အိသက်နှင်း ၂။ ဦးထွန်းဝင်း
တရားလို		**တရားပြိုင်များ**

ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ် ပန်းလှိုင်အိမ်ရာ တိုက် ၅ အခန်း၂၇နေ အမှတ်(၁)တရားပြိုင် ဒေါ်အိသက်နှင်း (ယခုနေရပ်လိပ်စာမသိသူ)နှင့် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မဟာဗန္ဓုလလမ်း အမှတ်၇၅၄ (ပထမထပ်)နေ အမှတ်(၂) တရားပြိုင် ဦးထွန်းဝင်း (ယခုနေရပ်လိပ်စာမသိသူ)တို့ သိစေရမည်။

သင်တို့အပေါ်၌ တရားလို အာရှဓနဘဏ်လီမိတက် (တရားရုံးအမိန့်ဖြင့် စာရင်းရှင်း လင်းဖျက်သိမ်းဆဲ)၏စာရင်းရှင်းလင်း ဖျက်သိမ်းရေးအရာရှိက Credit Card (Gold)ဖြင့် သုံးစွဲထားသော ငွေနှင့်ကျသင့်သော ဒဏ်ကြေးငွေများရလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဥ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးတော် အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၀၆ ခုနှစ် ဇူလိုင်လ ၁၃ ရက် (၁၃၆၈ခုနှစ် ဝါဆိုလပြည့်ကျော် ၄ ရက်)နေ့ မွန်းမတည့်မီ ၁၀နာရီအချိန်တွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် သင်တို့သိစေရမည်မှာ အထက်က ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၀၆ခုနှစ် ဇွန်လ ၁၆ ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

စစ်တင်
တွဲဖက်တိုင်းတရားသူကြီး(၉)
ရန်ကုန်တိုင်းတရားရုံး။

ကျေးဇူးဆပ်ပါမည်

ကျွန်မ မတွမ်လင်ဟွန်(ဘ) ဦးတွမ်ရှင်သစ်ကိုင်ဆောင်သောမှတ်ပုံတင်အမှတ်၁၃/လရန(နိုင်)၀၉၃၆၅၈ မှာပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ဆက်သွယ်ပါရန် ကျေးဇူး ဆပ်ပါမည်။

ဖုန်း-၀၁-၃၈၀၅၉၇၊ ၀၁-၅၀၀၄၆၂
၀၉-၅၀၁၄၈၆၅။

အမည်ပြောင်း

အမှတ်(၃) အခြေခံပညာ မူလတန်းလွန် (ဗဟန်း) ၂၀၀၅-၂၀၀၆ ပညာသင်နှစ် (G-၅) တန်းမှ ဦးသော်ဇင်သန်း၏သမီး မရွှန်းမြတ်ဝတီအား ယနေ့မှစ၍ ယခင်ကျောင်းဝင်စဥ်က ကျောင်းဝင်အမှတ် (၄၉၀၈)တွင် ဖော်ပြပါရှိသည့်အတိုင်း မရွှန်းလဲ့သော်ဇင်ဟု ပြောင်းလဲခေါ်ပါရန်။

မရွှန်းလဲ့သော်ဇင်။

[illegible]

အယူတော်ခံမှုဆိုင်ရန် ချိန်းဆိုသည့်နေ့ရက်ကို အယူတော်ခံတရားပြိုင်သို့ ကြားသိစေသည့် အကြောင်းကြားစာ

(တရားမကျင့်ထုံး ကိုဓဥပဒေအမိန့် ၄၁၊ နည်းဥပဒေ ၁၄)
ပဲခူးတိုင်းတရားရုံး
၂၀၀၆ ခုနှစ်၊ တရားမအယူခံမှုအမှတ် - ၃၄ (ပဲခူး)

ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၊ မြန်မာ့ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း၊ ယမကာလုပ်ငန်းဌာနရုံးချုပ် (ကိုယ်စား)ဒုတိယအထွေထွေမန်နေဂျာ ဦးညီညီဆွေ (အောက်မြန်မာပြည်လုပ်ငန်းဌာနခွဲ)	**နှင့်**	၁။ ဦးဖုန်း ၂။ ဦးစိုးဝင်း
အယူခံတရားလို		**အယူခံတရားပြိုင်**

၂၀၀၅ ခုနှစ် ဧပြီလ၂၈ရက်နေ့စွဲပါ ပဲခူးခရိုင်တရားရုံးတော်မှ စီရင်ချက်နှင့် ဒီကရီကို အယူတော်ခံမှု။

အယူခံတရားပြိုင် ဦးစိုးဝင်း(အယ်လ်ပီအမ်-၀၈၄၂၂၈)၊ အမှတ် (၁၉၁)၊ ဟင်္သာလမ်း၊ ရှင်စောပုရပ်ကွက်၊ ပဲခူးမြို့ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

ယခုအမှုတွင် ပဲခူးခရိုင်တရားရုံးက ချပေးသည့်ဒီကရီကို အယူခံတရားလိုက အယူတော်ခံရာ ဤရုံးတော်တွင် မှတ်ပုံတင်စာရင်းတင်သွင်း။ ထိုအယူခံမှုကို ၂၀၀၆ ခုနှစ် ဇူလိုင်လ ၂၆ ရက် (၁၃၆၈ ခုနှစ် ဝါခေါင်လဆန်း ၂ ရက်)နေ့တွင် ဆိုင်ရန် ဤရုံးတော်က ချိန်းဆိုလိုက်သည်။ သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြင့်ဖြစ်စေ၊ ဤအယူခံမှုတွင် သင့်အတွက်ဆောင်ရွက်ရန် တရားဥပဒေအရ ခွင့်ပြုထားသူ ကိုယ်စားလှယ်ဖြင့်ဖြစ်စေ မလာမရောက်ရှိခဲ့လျှင် ၎င်းအယူခံမှုကို သင်မရှိသည့်အခါတွင် တစ်ဖက်သတ်ပြုလုပ်၍ စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၀၆ ခုနှစ် ဇွန်လ ၂၁ ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးထုတ်ပေးလိုက်သည်။

မြင့်သိန်း
တွဲဖက်တိုင်းတရားသူကြီး(၂)
ပဲခူးတိုင်းတရားရုံး။

ဖခင်အမည်မှန်

ကွမ်းခြံကုန်းမြို့နယ် ခလောက်တရာကျေးရွာအုပ်စု ပြည်တော်သာကျေးရွာမှ ကွမ်းခြံကုန်းမြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်းမှ မောင်ထွန်းဝင်းဇော်၏ ဖခင်အမည်မှန်မှာ ဦးဆောင်းဖြစ်ပါကြောင်း။ **ဦးဆောင်း**
၁၂/ကခက(နိုင်)၀၃၆၃၉၉။

ပန်းတောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်သော နတ်မောက်ကျေးလက်လမ်းပေါ်ရှိ တံတားကို ဇွန် ၅ ရက်က ပဲခူးတိုင်း (အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးဦးစိုးလွင်နှင့် တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးအေးဝင်းက ရှင်းလင်းတင်ပြစဉ်။
(မြို့နယ်စည်ပင်)

မော်လမြိုင်ကျွန်းမြို့ (၁၃) လမ်းမကြီးဘေး ဝဲယာ ရေမြောင်းများရေစီးရေလာ ကောင်းမွန်စေရန်နှင့် သန့်ရှင်းမှုရှိစေရေးအတွက် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ ဆောင်ရွက်မှုကို ဇွန် ၁၄ ရက်က မြို့နယ်ဥက္ကဋ္ဌ ဦးကိုကိုအောင်နှင့်အမှုဆောင်အရာရှိ ဦးတင့်လွင်ဦးတို့ ကြီးကြပ်ဆောင်ရွက်ပေးကြစဉ်။
(မြို့နယ်စည်ပင်)



နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ် ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ခရိုအေးရှား ဝန်ကြီးချုပ်ထံ ဝမ်းမြောက်သဝဏ်လွှာပေးပို့

နေပြည်တော် ဇွန် ၂၅

၂၀၀၆ခုနှစ် ဇွန် ၂၅ရက်တွင် ကျရောက်သည့် ခရိုအေးရှားသမ္မတနိုင်ငံ၏ အမျိုးသားနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းထံမှ ခရိုအေးရှားသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ အိုင်ဗို ဆာနေဒါထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

ခရမ်းမြို့နယ်ထွက် ဆန်စပါး၊ ပဲအမျိုးမျိုးနှင့် ရေထွက်ကုန်ပစ္စည်းများ ရန်ကုန်မြို့တွင်းသို့ အချိန်တိုအတွင်းတင်ပို့နိုင်မည့် ပေ ၁၈၀ နှင့်အထက် ၂၁၇ စင်းမြောက် ခရမ်းချောင်းတံတားဖွင့်

စက်ခလုတ်နှိပ် ဖွင့်လှစ်ပေး

ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ခရမ်းချောင်းတံတား ကမ္ပည်းမော်ကွန်းကျောက်စာကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။

(သတင်းစဉ်)

ရန်ကုန် ဇွန် ၂၄

ဆောက်လုပ်ရေးဝန်ကြီးဌာန ရန်ကုန်တောင်ပိုင်းခရိုင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တာဝန်ယူတည်ဆောက်ပြီးစီးသွားသော ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့ရှိ ခရမ်းချောင်းတံတားဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၈နာရီတွင် အဆိုပါ ခရမ်းချောင်းတံတားအနီးရှိ မင်္ဂလာမဏ္ဍပ်၌ ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေ တက်ရောက်၍ အမှာစကားပြောကြားပြီး ကမ္ပည်းမော်ကွန်းကျောက်စာကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးလိုက်သည်။

တက်ရောက်

ခရမ်းချောင်းတံတားဖွင့်ပွဲ အခမ်းအနားသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်း၊ ***စာမျက်နှာ ၈ ကော်လံ ၁*** ■

ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့ရှိ အရှည် ပေ ၂၂၀ရှိသော ခရမ်းချောင်းတံတားကို တွေ့ရစဉ်။ (သတင်းစဉ်)

ကမ္ဘာ့ ဖလားရှုံးထွက်ပွဲစဉ်များ နောက်ဆုံးသတင်းအညွှန်း

- အင်္ဂလန်အသင်းအတွက် ထိထိရောက်ရောက် မပံ့ပိုးနိုင်လျှင် အင်္ဂလန်အသင်းခေါင်းဆောင်အဖြစ်မှ ဖယ်ရှားခံရမည်ဟု ဒေးဗစ်ဘက်ခမ်းအား အဲရစ်ဆင် ပြတ်သားစွာသတိပေး။
- သမိုင်းရလဒ်ကို ယနေ့ပွဲ၌ ပြောင်းပြန်လှန်ပစ်မည်ဟု အီကွေဒေါနည်းပြ ပြောကြားပြီ။
- နစ္စတယ်ရွိုင်း ကမ္ဘာ့ဖလား သုံးပွဲကစားပြီးချိန်တွင် တစ်ဂိုးသာသွင်းနိုင်ခဲ့၍ ယနေ့ပွဲ၌ ထည့်သွင်းကစားရန် ဟော်လန်နည်းပြ မာကိုဗင်ဘက်စတန် စဉ်းစားနေရပြီ။

(သတင်းအကျယ်-စာ-၁၃)

၂၀၀၆ ကမ္ဘာ့ဖလားရှုံးထွက်ပွဲစဉ်နှင့် သူတို့အမြင်

၂၀၀၆ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ရှုံးထွက်ပွဲစဉ်များ စတင်ကစားနေ ပြီဖြစ်ရာ **(ယနေ့)** ကစားကြမည့် အင်္ဂလန်နှင့် အီကွေဒေါ၊ ပေါ်တူဂီနှင့်ဟော်လန်(နယ်သာလန်) ပွဲစဉ်များနှင့် ပတ်သက်သည့် အမြင်များကို ဆက်သွယ်မေးမြန်း ဖော်ပြလိုက်သည်။

တက္ကသိုလ်ကိုကိုကြီး

(သတင်းစာဆရာနှင့် ဝါရင့် အားကစားကလောင်ရှင်)

- **အင်္ဂလန်နဲ့ အီကွေဒေါပွဲစဉ်မှာ အင်္ဂလန်အသင်း အားသာတယ်။ တစ်ပွဲထက်တစ်ပွဲ ကစားပုံကျစ်လျစ်လာတယ်။ အိုဝင်မပါနိုင်ပေမယ့် ရွန်နေနဲ့ ပီတာခရော့ချ်တို့အတွဲက အလုပ်ဖြစ်နိုင်ပါတယ်။ အီကွေဒေါ ကြံ့ခိုင်မှုကောင်းပေမယ့် သမ္မာအရ အင်္ဂလန်တို့ အနိုင်ရဖို့ ရာခိုင်နှုန်း ၆၀၊ ၄၀ ရှိတယ်။**
- **ပေါ်တူဂီနဲ့ ဟော်လန်ပွဲမှာ ဟော်လန်ကိုပိုကြိုက်တယ်။ လက်ရှိ ကစားပုံ ဟော်လန်တို့ ပိုမြန်တယ်။ ဟော်လန် ရှေ့တန်းက ပေါ်တူဂီ ရှေ့တန်းထက် ပိုကောင်းတယ်။ ပေါ်တူဂီရှေ့တန်းက တစ်ခါတစ်ခါ လွဲချော်မှုတွေဖြစ်နေတုန်းပဲ။ ဒါပေမယ့် ပေါ်တူဂီတို့ ကစားအားကောင်းတယ်။ ဒီပွဲကတော့ နိုင်ခြေ ၅၀၊ ၅၀ ပါပဲ။**

ဦးခင်မောင်ကြိုင် (ဘဏ္ဍာ/အခွန်အသင်းအကြံပေး)

- **အင်္ဂလန်နဲ့ အီကွေဒေါပွဲက နှစ်သင်းစလုံး အားထုတ်ကစားရမယ့်ပွဲပဲ၊ အီကွေဒေါက အင်အားသုံးကစားမယ်။ အင်္ဂလန်က နည်းစနစ်သုံး ကစားမယ်။ အင်္ဂလန်က အလယ်တန်းအားယူပြီး ကစားမှာ ဖြစ်သလို အီကွေဒေါက တစ်သင်းလုံးအားကို အခြေပြုပြီး ကစားမယ်။ အဆုံးသတ်ပိုင်းမှာ အင်္ဂလန်တို့ နိုင်ခြေရှိပါတယ်။**

စာမျက်နှာ ၁၀ ကော်လံ ၅ ●